# မိတ်ဆက်

'တက်ကြွလှုပ်ရှား နိုင်ငံသား' စာအုပ်သည် မြန်မာနိုင်ငံအတွင်းရှိ အရွယ်ရောက်ပြီးသူတိုင်း သိထားတတ်ထားသင့်သည့် ပြည်သူ့နီတိဆိုင်ရာ အကြောင်းအရာများပါရှိသည်။ ဤစာအုပ်ပါ အကြောင်းအရာများကို လိုက်နာကျင့်ကြံခြင်းဖြင့် မိမိတို့ ရပ်ရွာလူ့အဖွဲ့အစည်းအသီးသီးရှိ လူမှုအကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြမည်ဖြစ်သည်။ ထိုသို့ ပါဝင်ဆောင်ရွက်နိုင်ကြရန်အတွက် မဖြစ်မနေ ဖြည့်ကျင့်ထားအပ်သော နိုင်ငံသားဆိုင်ရာ အသိအကျင့်တို့ကို လူတန်းစေ့ ရရှိပိုင်ဆိုင်နိုင်ကြစေရန်လည်း ရည်ရွယ်သည်။ စာအုပ်ပါ သင်ခန်းစာများ၊ လေ့ကျင့်ခန်းများက တာဝန်သိစိတ်ရှိ နိုင်ငံသားများ မွေးထုတ်ပေးရာတွင် အထောက်အကူပြုစေနိုင်မည်ဖြစ်ပြီး ထိုသို့ လေ့လာရာတွင် အောက်ပါအချက် (၃) ရပ်ကို အဓိကထား ဖြည့်ဆည်းသင်ယူအပ်ပေသည်။

## နိုင်ငံသားဆိုင်ရာ အသိပညာဗဟုသုတများ

ဤစာအုပ်တွင် နိုင်ငံသားဆိုင်ရာ တာဝန်ဝတ္တရားများ၊ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ပုံနည်းစနစ်များ၊ လူ့အဖွဲ့အစည်းဆိုင်ရာ သိမှတ်စရာများ ဖော်ပြပါရှိပြီး စာဖတ်သူ၏ နိုင်ငံသားဆိုင်ရာ အသိအတတ်တို့ကို မြှင့်တင်ပေးမည်ဖြစ်သည်။ ထိုအသိပညာများကို အခြေခံ၍ စာဖတ်သူ၏ ဆုံးဖြတ်နိုင်စွမ်း၊ လေ့လာဆန်းစစ်နိုင်စွမ်းတို့ကို တိုးတက်စေမည်ဖြစ်ပြီး မိမိတို့လူမှုအသိုင်းအဝိုင်းအတွင်း အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အကူပြုပေမည်။

ဤစာအုပ်၏ အခန်းတိုင်းတွင် နိုင်ငံသားဆိုင်ရာ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ အကြောင်းအရာများ ဖော်ပြပါရှိပြီး သက်ဆိုင်ရာ သင်ခန်းစာများ၊ ဖြစ်ရပ်လေ့လာချက်များ၊ အတန်းတွင်း လုပ်ဆောင်ချက်များ၊ မေးခွန်းများကို လေ့လာလုပ်ဆောင်ခြင်းဖြင့် နိုင်ငံသားဆိုင်ရာ အသိပညာများ တိုးပွားလာစေမည်ဖြစ်သည်။

## နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေး

ဤစာအုပ်တွင် နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ မြှင့်တင်ပေးနိုင်မည့် လေ့ကျင့်ခန်းများ၊ ဆွေးနွေးအဖြေရှာခြင်းများ၊ အဖွဲ့လိုက်လုပ်ဆောင်ချက်များ ပါဝင်သည်။

နိုင်ငံသားဆိုင်ရာ သိမှတ်စရာများကို သင်ကြားပေးရာတွင် အခြားသော ဘာသာရပ်များကဲ့သို့ ကျောင်းသားများ ခေါင်းထဲ ထည့်ပေးရုံသာမကပဲ လက်တွေ့ကျင့်ကြံတတ်အောင်ပါ သင်ကြားပေးကြရမည်ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် စာအုပ်ပါ လုပ်ဆောင်ချက်များ၊ အထူးသဖြင့် အခန်း (၄) တွင် ပါရှိသည့် လူမှုရေးလုပ်ငန်းများ လက်တွေ့ဖော်ဆောင်ခြင်း ကဏ္ဍတွင် လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်ရန် လက်တွေ့ကျင့်ဆောင်နိုင်မည့် သင်ခန်းစာများ ဖော်ပြပါရှိသည်။ ထိုသင်ခန်းစာများကို လုပ်ဆောင်ခြင်းဖြင့် မိမိတို့၏ နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများကို တိုးတက်စေမည်ဖြစ်ပြီး အများအကျိုးပြုလုပ်ငန်းများတွင် ယုံကြည်ချက်အပြည့်နှင့် ပါဝင်ဆောင်ရွက်နိုင်ကြပေမည်။

## နိုင်ငံသားဆိုင်ရာ တန်ဖိုးများ

ဤစာအုပ်ပါ သင်ခန်းစာများတွင် မိမိတို့၏ လူ့အဖွဲ့အစည်းအပေါ်အမြင်များ၊ လူ့အဖွဲ့အစည်းအတွင်း ကျင့်သုံး လိုက်နာအပ်သော တန်ဖိုးစနစ်များကို သိရှိတန်ဖိုးထားနိုင်ကြပြီး လက်တွေ့ကျင့်သုံးနိုင်ကြစေရန်လည်း ရည်ရွယ်သည်။

ထိုကဲ့သို့ နိုင်ငံသားဆိုင်ရာတန်ဖိုးများကို ကျင့်သုံးနိုင်ကြရန်အတွက် လေ့ကျင့်ပြုစုပေးနိုင်မည့် ဆွေးနွေးချက်များ၊ ပြန်လည်သုံးသပ်ချက်များလည်း ဖော်ပြပါရှိသည်။ ထိုလေ့ကျင့်ခန်းများကို လုပ်ဆောင်ကြခြင်းဖြင့် မိမိတို့၏ လူ့အဖွဲ့အစည်းအပေါ် အမြင်များ ရင့်သန်လာနိုင်မည်ဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်းရှိ တန်ဖိုးများကိုလည်း လေးစားတန်ဖိုးထားလာကြပေမည်။ ထိုမျှသာမက တစ်ဦးနှင့် တစ်ဦးကြား ကွဲပြားချက်များကိုလည်း သိမြင်လာကြပြီး လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်နှင့် ဖန်တီးတင်ပြနိုင်ခွင့်တို့ကိုလည်း ကျင့်သုံးဆောက်တည်နိုင်ကြပေမည်။

## နိုင်ငံသားဆိုင်ရာ အသိအကျင့်များကို လုပ်ငန်းခွင်အသီးသီးတွင် လက်တွေ့အသုံးချခြင်း

နိုင်ငံသားဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို လေ့လာသင်ယူကြပြီးနောက် လက်တွေ့အသုံးချရာ၌ နည်းလမ်းမျိုးစုံကို အသုံးပြု၍ ကျင့်ဆောင်နိုင်ကြပေသည်။ မိမိတို့ မည်သည့် လုပ်ငန်းခွင်တွင် ထမ်းဆောင်နေကြပါစေ နိုင်ငံသားဆိုင်ရာ အသိအကျင့်များကို အားထုတ်ကျင့်ကြံခြင်းသည် ခက်ခဲသော အလုပ်မဟုတ်။ နေရာတိုင်း၊ အချိန်တိုင်းတွင် လုပ်သင့်လုပ်ထိုက်၊ လုပ်နိုင်စွမ်းရှိသည့် လုပ်ငန်းတာဝန်တစ်ရပ်လည်း ဖြစ်ပေသည်။

ထိုကဲ့သို့သော နိုင်ငံသားတစ်ဦး ကျင့်ကြံအပ်သည့် တာဝန်များကို ဖြည့်ဆည်းဖော်ဆောင်နိုင်ကြရန်အတွက် လိုအပ်သည့် အသိပညာများ၊ အချက်အလက်များကို ဤစာအုပ်ပါ သင်ခန်းစာများက ပေးစွမ်းနိုင်ကြမည်ဟု ယုံကြည်ပါသည်။ သို့ရာတွင် စာအုပ်ပါ အချက်အလက်တိုင်းသည် စင်းလုံးချော မှန်ကန်သည့် အမှန်တရားများ၊ အကျင့်တရားများ ဖြစ်သည်ဟု မယူဆစေချင်ပါ။ နိုင်ငံသားတစ်ဦးအနေဖြင့် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ပြီး မိမိတို့၏လုပ်ငန်းအသီးသီးတွင် ထိရောက်အကျိုးရှိစွာ ကျင့်ဆောင်နိုင်ကြရန်အတွက်သာ ရည်ရွယ်ပါသည်။ ထို့ကြောင့် ဤစာအုပ်ပါ အကြောင်းအရာများကို သင်ကြားသည့်အခါတွင် အောက်ပါအချက်တို့ကို သတိပြု ဆင်ခြင်ကြစေလိုပါသည်။

» ဤသင်ရိုးညွှန်းတမ်းတစ်ခုလုံးအား သင်ကြားရန်အချိန် မလုံလောက်ပါက အချိန်ပေးရလွန်းပြီး ကျောင်းသားများအတွက် အကျိုးမဖြစ်ထွန်းနိုင်ဟုထင်သည့် အချို့သော လုပ်ဆောင်ချက်များအား ချန်လှပ်ထားနိုင်သည်။

» စာအုပ်ပါ 'လုပ်ငန်း' တစ်ရပ်သည် စာသင်ခန်းအတွင်း လက်တွေ့လုပ်ဆောင်ရန် ခက်ခဲမည် ဆိုပါက လုပ်ဆောင်ရန် လွယ်ကူပြီး လက်တွေ့အသုံးချနိုင်မည့် လုပ်ငန်းများကို ဆောင်ရွက်ခိုင်းစေနိုင်ပါသည်။

» ဤစာအုပ်ပါ အကြောင်းအရာတစ်ရပ်ကို အသေးစိတ်သင်ကြားသင့်သည်ဟု ထင်ပါက သက်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ၊ စာအုပ်များ၊ ရုပ်သံမှတ်တမ်းများ၊ ဝက်ဘ်ဆိုဒ်များ၊ မဂ္ဂဇင်းများ အစရှိသည်တို့ကို အသုံးပြု၍ ဖြည့်စွက်သင်ကြားပေးနိုင်ပါသည်။

» သင်ခန်းစာပါ ဖော်ပြချက်များမှာ ကျောင်းသားများအတွက် ခက်ခဲလွန်းနေမည်ဟု ယူဆပါက အရေးပါမည့် အချက်အလက်များကိုသာ ရှင်းလင်းပြသပေးပါ။ စာသင်သားအချင်းချင်း အကူအညီပေးနိုင်ကြစေရန်အတွက် လုပ်ဆောင်ချက်များ၊ လေ့ကျင့်ခန်းများ ဆောင်ရွက်ရာတွင် တော်သည့် ကျောင်းသားများနှင့် အားနည်းသည့် ကျောင်းသားများကို တွဲဖက်လုပ်ဆောင်စေပါ။

» ဘာသာစကားဆိုင်ရာ အခက်အခဲများ ရှိပါကလည်း သင်ခန်းစာပါ ဖော်ပြချက်များကို ကျောင်းသားတို့ နားလည်နိုင်စေမည့် မိခင်ဘာသာစကားဖြင့် ရှင်းပြပေးပါ။

## နိုင်ငံသားကောင်းများ မွေးထုတ်ရာတွင် အထောက်အကူပြုပေးနိုင်မည့် သင်ကြားပုံ နည်းစနစ်များ

ထိုသင်ကြားပုံနည်းစနစ်များကို အပြည့်အဝ အသုံးချနိုင်စေမည့် စာအုပ်ပါ လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် 'အဖွဲ့လိုက်လုပ်ဆောင်ချက်များ'၊ 'ဆန်းစစ်အဖြေရှာခြင်းများ'၊ 'ဆွေးနွေးချက်များ' အစရှိသည့် နည်းစနစ်များနှင့် အကျွမ်းတဝင်ဖြစ်အောင် ဦးစွာအားထုတ်အပ်သည်။ ထိုသို့သော နည်းစနစ်များကို သိရှိမှတ်သားနိုင်ရန်အတွက် ဆက်လက်ဖော်ပြပေးထားပါသည်။

## သုံးသပ်ဆင်ခြင်နိုင်စွမ်း (Brainstorming)

ဤနည်းစနစ်တွင် မိမိတို့သင်ကြားကြမည့် သင်ခန်းစာနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ကျောင်းသားများ မည်သို့ နားလည်လက်ခံထားကြသည်၊ ထိုသင်ခန်းစာသင်ကြားပြီးနောက် မည်သို့သော အယူအဆအသစ်များ သင်ယူရရှိကြသည်ကို သုံးသပ်ဆင်ခြင်နိုင်တတ်စေရန် ရည်ရွယ်သည်။ ထိုသို့ သုံးသပ်ဆင်ခြင်ခြင်းဖြင့် ကျောင်းသားများ၏ ပြဿနာအဖြေရှာနိုင်မှုအစွမ်းကို တိုးတက်စေနိုင်မည်ဖြစ်သည်။ ကျောင်းသားများ၏ သုံးသပ်ဆင်ခြင်မှု တိုးတက်စေနိုင်မည့် နည်းလမ်းများကိုလည်း အောက်တွင် ဖော်ပြပေးထားပါသည်။ ပြဿနာကိစ္စတစ်ရပ်အား ခေါင်းအေးအေးထား စဉ်းစားပြီး ခွဲခြမ်းစိတ်ဖြာ အဖြေရှာတတ်ခြင်း၊

၁။ ကျောင်းသားများ၏ အတန်းတွင်း ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်း၊ ကျောင်းသားတို့၏ အဆိုပြုချက်များကိုလည်း အရေးတယူပြု ဖော်ပြပေးနိုင်ရန် ကြိုးဆောင်ခြင်း၊

၂။ ဆက်လက်ဖော်ပြထားသည့် နည်းစနစ်များတွင်လည်း ကျောင်းသားများ၏ သုံးသပ်ဆင်ခြင်နိုင်စွမ်းကို အသုံးချနိုင်ကြစေရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

## အများနှင့် ဆောင်ရွက်တတ်ခြင်း (Group Work)

ကျောင်းသားအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်တတ်ခြင်းသည်လည်း သင်ကြားမှုတွင် အဓိကအလေးပေးအပ်သည့် နည်းစနစ်တစ်မျိုးဖြစ်ပေသည်။ အချို့သော လေ့ကျင့်ခန်းများသည် အဖွဲ့ငယ်လေးများခွဲကာ ဆောင်ရွက်စေအပ်ပြီး အချို့သော တစ်တန်းလုံးပါဝင်ရမည့် လုပ်ဆောင်ချက်များတွင်မူ ကျောင်းသားတိုင်း ပါဝင်နိုင်အောင် ဖော်ဆောင်ပေးကြရမည်ဖြစ်သည်။ ထိုသို့သော အစုအဖွဲ့ငယ်လေးများ ခွဲရာတွင်လည်း ကျောင်းသား ကျောင်းသူအချိုး၊ အတန်းတွင်းရှိ တိုင်းရင်းသား မတူကွဲပြားမှုများ၊ အတွေးအခေါ် အယူအဆ မတူညီမှုများ အစရှိသော အကြောင်းခြင်းရာတို့ကို ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ပြီး ထို့မှသာလျှင် ကျောင်းသားအချင်းချင်းကြား နားလည်မှု တိုးတက်ရင့်သန်နိုင်ကြပေမည်။ အခြားသော 'အများနှင့် လုပ်ဆောင်နိုင်စွမ်း' တိုးတက်စေမည့် အောက်ပါနည်းစနစ်များကိုလည်း ဆောင်ရွက်နိုင်ကြပေသည်။

» အပြောစွမ်းရည်၊ အကြားစွမ်းရည်တို့ တိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊

» ပူးပေါင်းဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှု စွမ်းရည်များ တိုးတက်ဖွံ့ဖြိုးလာစေခြင်း၊

» ဆုံးဖြတ်ချက်ချခြင်းနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်းဆိုင်ရာ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာအောင် သင်ကြားပေးခြင်း။

## ဆွေးနွေးအဖြေရှာခြင်း (Discussion)

'ဆွေးနွေးအဖြေရှာတတ်ခြင်း' သည် နိုင်ငံသားဆိုင်ရာ ပညာပေးရေး အစီအစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပေသည်။ ကျောင်းသားများ အပြန်အလှန် ဆွေးနွေးကြခြင်းဖြင့် မိမိတို့သင်ယူရရှိထားသည်တို့ကို သုံးသပ်လာနိုင်ခြင်း၊ လေးလေးနက်နက် တွေးတောဆင်ခြင်လာနိုင်ခြင်း၊ ပေါင်းသင်းဆက်ဆံရေး တိုးတက်ကောင်းမွန်လာနိုင်ခြင်း၊ မိမိတို့၏ အတွေ့အကြုံများ၊ အယူအဆများကို မျှဝေတင်ပြလာနိုင်ခြင်း အစရှိသည့် အကျိုးတရားများကို ခံစားကြရမည် ဖြစ်ပေသည်။ 'ဆွေးနွေးအဖြေရှာခြင်း' သင်ခန်းစာတို့သည် ကျောင်းသားအများနှင့် စုပေါင်းလုပ်ဆောင်ရန် သင့်တော်သကဲ့သို့ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ အနေဖြင့်လည်း ပူးတွဲလုပ်ဆောင်နိုင်ပေသည်။ ကျောင်းသားအချင်းချင်းကြား ဆွေးနွေးတင်ပြသည့်အခါတွင် တစ်ဦးအပေါ်တစ်ဦး လေးစားသမှုရှိကြရန်၊ မိမိတို့၏အတွေးအမြင်များကို လွတ်လပ်စွာ ဝေဖန်တင်ပြနိုင်ရန် အခွင့်အရေးများ ဖန်တီးပေးကြရမည်ဖြစ်သည်။ ထိုမျှသာမက ကျောင်းသားတိုင်း ဆွေးနွေးမှုတွင် ပါဝင်နိုင်ရန် စီမံကြရမည်ဖြစ်ပြီး စကားပြောလွန်းသည့် ကျောင်းသား၊ အသံကျယ်ကျယ်ပြောနိုင်သော ကျောင်းသားကသာ ဆွေးနွေးပွဲကို လွှမ်းမိုးထားသည့် အခြေအနေမျိုးကို ရှောင်ရှားကြရမည်ဖြစ်သည်။

## သဘောထားကွဲလွဲနိုင်မည့် အကြောင်းအရာများ သင်ကြားရာတွင် သတိမူသင့်သည့် အချက်များ

စာအုပ်ပါသင်ခန်းစာတို့တွင် ဖော်ပြပါရှိသည့် အချို့သော အကြောင်းအရာများသည် ကျောင်းသားတို့၏ သဘောထားအမြင်နှင့် တိုက်ဆိုင်မှု မရှိသည်လည်း ဖြစ်နိုင်ပေသည်။ အထူးသဖြင့် လူမှုရေးရာအမြင်များ၊ တန်ဖိုးစနစ်များ၊ တန်းတူညီမျှရေးဆိုင်ရာ အယူအဆများ အစရှိသည်တို့တွင် ကျောင်းသားတို့ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ အယူအဆ ထပ်တူမကျနိုင်သည့် အခြေအနေမျိုးကိုလည်း ကြုံတွေ့ရတတ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ဆရာ၊ ဆရာမများ အနေဖြင့် ကျောင်းသားတို့၏ အမြင်အယူအဆများ တိုးပွားရင့်သန်စေပြီး သင်ခန်းစာပါ သဘောတရားများကိုလည်း အခြေခံသည့် လေ့ကျင့်ခန်းများ၊ ဆွေးနွေးပွဲလေးများကိုလည်း ဖန်တီးပေးကြရမည်ဖြစ်သည်။ ကျောင်းသားတို့၏ ပုဂ္ဂိုလ်ရေးရာ အမြင်များကို တင်ပြသည့်အခါတွင်လည်း ကျောင်းသားတို့၏ အယူအဆအတွေးအမြင်များ အပြည့်အဝ ပြောဆိုခွင့်ရရှိစေအပ်ပြီး လွတ်လပ်စွာ ဝေဖန်ထောက်ပြနိုင်ခွင့်ကိုလည်း အသိအမှတ်ပြုအပ်ပေသည်။ ထိုကဲ့သို့သော ကျောင်းသား၏ တင်ပြထားချက်များကို ကိုင်တွယ်ဖြေရှင်းပေးရာတွင်လည်း သတိနှင့်ပညာကို လက်ကိုင်ထားကာ ဆင်ခြင်ဖြေရှင်းကြရမည် ဖြစ်သည်။ တစ်ချို့သော ကျောင်းသား၏ တင်ပြချက်များ၊ အယူအဆများသည် အကောင်းထက် အဆိုးကို ဦးတည်နေသည့် ကိစ္စရပ်များ ဖြစ်နေပါကလည်း သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်း၏ သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားအပ်ပြီး သွယ်ဝိုက်သောနည်းဖြင့် သုံးသပ်ဖြေရှင်းအပ်ပေသည်။ အချို့သော အကြောင်းအရာများ သင်ကြားပြသပေးရာတွင် လက်ရှိ အခြေအနေများနှင့် ချိန်ထိုးပြီး သင်ပြပေးသည်ထက် အတိတ်သမိုင်းက အကြောင်းအရာများနှင့်သာ ဆက်စပ်သင်ပြသည့် အကျိုးများနိုင်ပေသည်။

## သဘောထားအမြင် ကွဲပြားမှုများအား ကိုင်တွယ်ဖြေရှင်းခြင်း

သဘောထားကွဲလွဲမှုများသည် မည်သည့် နေရာ၊ မည်သည့် အချိန်တွင် ဖြစ်ပွားမည်ကို ခန့်မှန်းရန် ခက်ခဲပြီး ထိုကွဲလွဲမှုများကို ဖြေလျှော့ပေးရန် ကြိုးပမ်းခြင်းသည်လည်း မလွယ်ကူလှချေ။ ထိုသို့ အဖြေရှာရန် ခက်ခဲရသည့် အကြောင်းရင်းမှာလည်း ကျောင်းသားတို့၏ တန်ဖိုးထားမှုများ၊ စိတ်ခံစားမှုများကို ထည့်သွင်း စဉ်းစားရခြင်းကြောင့်လည်း ဖြစ်ပေသည်။ ထိုကဲ့သို့ သဘောထားအမြင် ကွဲလွဲမှုများကို ဖြေလျှော့ပေးရာတွင် အောက်ပါ နည်းနာတို့ကို အသုံးပြု ကျင့်သုံးနိုင်ကြပေသည်။

» ဆွေးနွေးမှုများကို အလေးထားအချိန်ပေး၍ ဆောင်ရွက်ပေးခြင်း၊

» တစ်ဦးချင်းစီ၏ ရပ်တည်ချက်၊ အမြင်သဘောထားနှင့် စိတ်ဝင်စားမှုများအား အချင်းချင်း သိမြင်သဘောပေါက်လာစေရန် အကူအညီပေးခြင်း၊

» ကျောင်းသားများ မိမိအတန်းဖော်တို့၏ ဟောပြောဝေဖန်ချက်များကို လေးလေးနက်နက် နားထောင်ပါဝင်ကြရန် တိုက်တွန်းအားပေးခြင်း၊

» သဘောထားကွဲလွဲကြခြင်းထက် လုပ်ငန်းတာဝန်များကို အားတက်သရော အတူတကွ ဆောင်ရွက်ကြခြင်းက အကျိုးများကြောင်း သိမြင်နားလည်စေခြင်း၊

» အားလုံးသဘောကျ လက်ခံမည့် ဆုံးဖြတ်ချက်များကို ချမှတ်အကောင်အထည်ဖော်ခြင်း၊ ထိုသို့ ချမှတ်ရာတွင်လည်း ကျောင်းသားများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို မချိုးနှိမ်ဘဲ လက်ခံသဘောပေါက်လာအောင် ဆွေးနွေးဆောင်ရွက်ခြင်း၊

» ကျောင်းသားတိုင်းနှင့် တစ်ဦးချင်းစီ ကြီးကြပ်ဆွေးနွေးမှုများ ဆောင်ရွက်ပေးခြင်း။

# ၁.၁ နိုင်ငံသား – အဓိပ္ပာယ်

## အကြိုသင်ခန်းစာ

(၁) 'နိုင်ငံသား' ဟူသည့် ဝေါဟာရကို ကျောင်းသားများ မည်သို့ နားလည်လက်ခံထားကြောင်း ဆွေးနွေးပေးပါ။ ကျောင်းသားတို့၏ အယူအဆများကို သင်ပုန်းတွင် ရေးသားဖော်ပြပေးပါ။

(၂) ကျောင်းသားများအား စာမျက်နှာပါ ပုံတို့ထဲမှ သူတို့လက်ခံယုံကြည်ထားသည့် 'နိုင်ငံသား' အဓိပ္ပာယ်နှင့် ကိုက်ညီမှုအရှိဆုံးပုံကို ရွေးချယ်စေပါ။

(၃) နှစ်ယောက်တစ်တွဲ တွဲခိုင်းပြီး မိမိတို့၏ နိုင်ငံသား ဆိုင်ရာ လက်ခံယုံကြည်ထားမှုများကို ဆွေးနွေးခိုင်းပါ။

## ဖတ်ရန်

- 'လုပ်ငန်းများ' အပေါ်တွင် ဖော်ပြထားသည့် စာပိုဒ်အား ကျောင်းသားများဖတ်ရန် ပြောဆိုပေးပါ။
- ပြီးနောက် စာပိုဒ်တွင် တင်ပြထားသည့် နိုင်ငံသား ဆိုင်ရာ အဓိပ္ပာယ် (၂) ရပ်အကြောင်း မေးမြန်း ဆွေးနွေးပေးပါ။

## အဖြေ

နိုင်ငံသားဆိုသည်မှာ ဥပဒေစံသတ်မှတ်ချက်တစ်ရပ်၊ မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သည်။

## လုပ်ငန်းများ

- 'နိုင်ငံသား ဆိုသည်မှာ '––––' ဟူသော စာကြောင်းကို သင်ပုန်းပေါ်တွင် ရေးပေးပါ။
- ကျောင်းသားများအား 'နိုင်ငံသား' ၏ အဓိပ္ပာယ်ကို ကိုယ်ပိုင် ခက်ဆစ်ဖွင့် ဖော်ပြနိုင်ရန်အတွက်အချိန် အနည်းငယ်ပေးပါ။ ထိုသို့ဖွင့်ဆိုရာတွင် အခက်အခဲ ရှိပါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစရှိသည့် လုပ်ရှားဆောင်ရွက်ဖွယ်ရာများ၊ အကြောင်းခြင်းရာများနှင့် ချိတ်ဆက်ဖော်ပြခိုင်းပါ။
- ကျောင်းသားများအား မိမိတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် များကို အခြားသော အတန်းဖော်များနှင့် သုံးသပ်ဆွေးနွေးခိုင်းပါ။ ထိုသို့ ဖွင့်ဆိုရာတွင် မတူညီမှုများ တွေ့ရှိပါကလည်း အဘယ်ကြောင့် မတူညီကြရသည်ကို ဆွေးနွေးအဖြေရှာစေပါ။

### နီးစပ်သော အဖြေများ

### နိုင်ငံရေးပါဝင်မှုများ

- » မဲပေးခြင်း
- » ပါတီဝင်ခြင်း
- » အစိုးရတာဝန်များကို တာဝန်ယူဆောင်ရွက်ခြင်း
- » လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်ခြင်း
- » နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ တာဝန်များ ထမ်းရွက်ခြင်း

### လူမှုရေး လှုပ်ရှားမှုများ

- » လူမှုအသိုင်းအဝိုင်းအတွင်း ပါဝင်ပတ်သက်သူတိုင်းကို ကြည့်ရှုစောင့်ရှောက်ပေးခြင်း
- » လုပ်အားပေးဆောင်ရွက်ခြင်း
- » ဥပဒေများကို လိုက်နာခြင်း
- » နိုင်ငံအနှံ့ ဒေသန္တရ ဗဟုသုတ ရှာမှီးခြင်း
- » ပညာသင်ယူခြင်း

### ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်ချက်များ

- » ရိုးရာဓလေ့များကို နားလည်သိထားခြင်း
- » ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင်များတွင် တက်ကြွ ဆင်နွှဲခြင်း
- » သမိုင်းဆိုင်ရာ အချက်အလက်များကို သင်ပြပေးခြင်း
- » ဒေသခံဘာသာစကားတို့ကို ရှာမှီးလေ့လာခြင်း

### စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်တာများ

- » အခွန်ပေးခြင်း
- » စီးပွားရေးလုပ်ငန်းတစ်ရပ် တည်ထောင်ခြင်း
- » အလုပ်သမားသမဂ္ဂအဖွဲ့ဝင်ခြင်း
- » အသက်မွေးဝမ်းကြောင်းပညာများ ပို့ချပေးခြင်း

## ဖတ်ရန်

- စာမျက်နှာ (၆) အဆုံးထိ ရေးသားထားချက်များကို ကျောင်းသားများ ဖတ်ပါစေ။

## လုပ်ငန်းများ

- ကျောင်းသားများအား မိမိတို့ဖွင့်ဆိုခဲ့သည့် ‘နိုင်ငံသား’ ဆိုင်ရာ အဓိပ္ပာယ်နှင့် စာမျက်နှာ (၆၊ ၇) တွင် ဖော်ပြပါရှိသည့် ဖွင့်ဆိုချက်များ ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးစေပါ။
- စာမျက်နှာ (၆၊ ၇) တွင် တင်ပြထားသော နိုင်ငံသားဆိုင်ရာ အယူအဆများမှာ ‘တာဝန်သိစိတ်ရှိ နိုင်ငံသား’ ဟူသော စံနှုန်းနှင့်သာ တိုင်းတာ သတ်မှတ်ထားခြင်းဖြစ်ပြီး ‘တရားဥပဒေအရ သတ်မှတ်သော နိုင်ငံသား’ ဆိုင်ရာ ဖော်ပြချက်များ မပါရှိသည်ကို သတိပြုပါ။ ထိုအချက်ကြောင့် ကျောင်းသားများ၏ ဖွင့်ဆိုချက်တို့နှင့် ကွဲလွဲသည်လည်း ဖြစ်နိုင်ပါသည်။

### တရားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသား အဓိပ္ပာယ်နှင့် ကိုက်ညီမည့် အဖြေများ

» နိုင်ငံအတွင်းနေထိုင်သူ (ယဉ်ကျေးမှုအရ၊ ပထဝီအနေအထားအရ၊ သမိုင်းအစဉ်အလာအရ သတ်မှတ်ထားမှု)

» နိုင်ငံသားစိစစ်ရေးကဒ်ပြား ကိုင်ဆောင်ထားသူ၊

» ဥပဒေသတ်မှတ်ချက်များ အကျုံးဝင်သူ၊ လူမှုအထောက်အပံ့များ ခံစားပိုင်ခွင့်ရှိသူ၊

» မဲပေးခွင့်ရှိသူ၊

» နိုင်ငံအတွင်း မွေးဖွားသူ။

### တာဝန်သိစိတ်အခြေပြု နိုင်ငံသားအဓိပ္ပာယ်နှင့် ကိုက်ညီမည့် အဖြေများ

နိုင်ငံသားတစ်ဦးသည် မိမိတို့ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်တတ်ကြပြီး မိမိတို့ ရရှိအပ်၊ ထမ်းဆောင်အပ်သည့် လူမှုတာဝန်များကိုလည်း အပြည့်အဝ ထမ်းရွက်ကြသည်။ ထိုသူတို့သည် မိမိတို့၏လူ့အဖွဲ့အစည်း ဖွံ့ဖြိုးသာယာရေးကို အစဉ်အလေးဂရုပြု ဆောင်ရွက်တတ်ကြပြီး လူ့အခွင့်အရေးများကိုလည်း တန်ဖိုးထားတတ်ကြသည်။

## ဆွေးနွေးချက်

- စာမျက်နှာ (၇) တွင် ဖော်ပြပါရှိသည့် အပြုအမူများသည် နိုင်ငံသားတစ်ဦးတွင် ရှိသင့် ရှိအပ်သည့် အပြုအမူများ ဟုတ်၊ မဟုတ် ဆန်းစစ်ခိုင်းပါ။ ထိုသို့ လုပ်ဆောင်ရန်အတွက် ကျောင်းသားများကို အဖွဲ့များ ဖွဲ့ပေးပါ။

### အဖြေများ

ထိုဖော်ပြထားသည့် အပြုအမူတိုင်း၊ လုပ်ဆောင်ချက်တိုင်းသည် နိုင်ငံသားတိုင်းဆောင်ရွက်အပ်သည့် အပြုအမူများဟု လက်ခံအတည်ပြုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါ အပြုအမူတိုင်းသည် နိုင်ငံသားတစ်ဦးတွင် ပိုင်ဆိုင်ထားအပ်သည့် အများအကျိုးပြုခြင်းတည်းဟူသော နိုင်ငံသားဆိုင်ရာ တန်ဖိုးထားမှုများကို ကိုယ်စားပြုနေခြင်းကြောင့် ဖြစ်ပေသည်။

၁။ လူထုဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်ခြင်း – နိုင်ငံသားတိုင်း နိုင်ငံ့အရေးကိစ္စရပ်တိုင်းတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်တတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရန် တွန်းအားပေးသည်။

၂။ အသိပညာ အတတ်ပညာများ တိုးပွားအောင်လုပ်ခြင်း – နိုင်ငံသားတိုင်း၏ လုပ်နိုင်စွမ်းကို တိုးမြှင့်ပေးပြီး အခွင့်အလမ်းများ ဖန်တီးပေးသည်။

၃။ ပါတီတစ်ရပ်ရပ်တွင် ထောက်ခံပါဝင်ခြင်း – နိုင်ငံသားတိုင်းအား ကိုယ်စားပြုရပ်တည်ပေးနိုင်ပြီး နိုင်ငံသားတစ်ဦး ရသင့်ရထိုက်သည့် အကျိုးတရားများ ခံစားရရှိနိုင်စေရန် ထောက်ကူပေးနိုင်မည်။

၄။ ရပ်ရေးရွာရေး၊ နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်တို့ကို မျက်ခြေမပြတ် စောင့်ကြည့်အကဲဖြတ်ခြင်း – အသိအမြင် ကြွယ်ဝသည့် လူမှုအသိုင်းအဝိုင်းတစ်ရပ် ဖြစ်အောင် ထောက်ကူပေးသည်။

၅။ အိမ်တွင်းသုံးပြီး ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန် ကြံဆောင်ခြင်း – သဘာဝပတ်ဝန်းကျင်ကို လေးစားတတ်ပြီး ခိုင်မာသေချာမှုရှိသည့် လူမှုပတ်ဝန်းကျင် ဖန်တီးနိုင်စေရန် ဦးတည်သည်။

၆။ ဆန္ဒမဲပေးခြင်း – မိမိတို့၏ အခွင့်အရေးများ၊ လိုအပ်မှုများကို ဖြည့်စွမ်းပေးနိုင်မည့် သင့်တော်သည့် ခေါင်းဆောင်များ ရွေးချယ်နိုင်ရန် ပံ့ပိုးပေးသည်၊

၇။ သက်ကြီးရွယ်အိုတို့ကို ကူညီစောင့်မပေးခြင်း – ကရုဏာတရား ဖွံ့ဖြိုးရှင်သန်စေပြီး တစ်ဦးနှင့်တစ်ဦး စောင့်ရှောက်ကာကွယ်တတ်စေမည်ဖြစ်သည်။

## လုပ်ငန်းများ

- ကျောင်းသားများအား သူတို့၏လူမှုအသိုင်းအဝိုင်းတွင် တာဝန်သိစိတ်ရှိ နိုင်ငံသားဟု ခေါ်ဆိုနိုင်လောက်မည့် သူတစ်ဦးကို အဖွဲ့များခွဲ၍ ရွေးချယ်ခိုင်းပါ။
- ထိုပုဂ္ဂိုလ်ကို ရွေးချယ်ရာတွင် အောက်ပါစံနှုန်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှ ရွေးချယ်ရန်အကြံပြုပါ။
  - » လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားသူ၊
  - » အဖိနှိပ်ခံများဖက်က ရပ်တည်ကာကွယ်ပေးသူ၊
  - » တရားဥပဒေစိုးမိုးရေးကို ထောက်ခံပြီး လာဘ်စားမှုတို့ကို အပြင်းအထန်ဆန့်ကျင်သူ၊
  - » မိသားစုအသိုင်းအဝိုင်းတာဝန် ကျေပွန်စွာ ထမ်းရွက်နိုင်သူ၊
  - » အများကောင်းကျိုးအတွက် အစဉ်ရှေးရှုဆောင်ရွက်တတ်သူ၊
- အဖွဲ့အနေဖြင့် ရွေးချယ်ထားသည့် နိုင်ငံသားကောင်း စံသတ်မှတ်ချက်များနှင့် ပြည့်စုံသည့်သူအကြောင်း တင်ပြရန် ပြင်ဆင်ခိုင်းပါ၊
- ထိုသို့ ပြင်ဆင်ပြီးပါက မိမိတို့ရွေးချယ်ထားသူ၏ အကြောင်းကို အဖွဲ့လိုက်တင်ပြပေးရန် တိုက်တွန်းပါ။

# ၁.၂ နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ထားဖို့ လိုအပ်ပါသလား။

### ဆွေးနွေးချက်

- နိုင်ငံသားကောင်း မွေးထုတ်ရေးဆိုင်ရာ ပညာပေးရေး အစီအစဉ်တို့ မည်သည့် အကြောင်းကြောင့် အရေးပါလာရသည်ကို ဆွေးနွေးအဖြေရှာခိုင်းပါ။

### ဖတ်ရန်

- စာမျက်နှာ (၈) ပါ နိုင်ငံသားဆိုင်ရာ အဆိုအမိန့်များကို လေ့လာစေပါ။

### ဆွေးနွေးချက်

- ယနေ့ခေတ်လူသားတို့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ လူမှုပြဿနာများ၊ အခက်အခဲများအကြောင်း ထိုစာမျက်နှာပါ အဆိုအမိန့်များက မည်သို့ ဖော်ညွှန်းထားသည်ကို ဆွေးနွေးခိုင်းပါ။
- ကျောင်းသားများအား အဖွဲ့များ ဖွဲ့ပေးပြီး လက်ရှိ ရင်ဆိုင်နေရသည့် လူမှုအခက်အခဲများနှင့် ထိုအခက်အခဲများ ဖြေရှင်းနိုင်မည့် နည်းစနစ်များ အခွင့်အလမ်းများအကြောင်း စဉ်းစားရန် တိုက်တွန်းပါ။

## လုပ်ငန်းများ

- ကျောင်းသားများကို အဖွဲ့များ ဖွဲ့ပေးပြီး လူ့အဖွဲ့အစည်းအတွင်း လက်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများနှင့် ၎င်းတို့ကို ကျော်လွှားနိုင်မည့် အဖြေများ (အခွင့်အလမ်းများ) အကြောင်း စာရင်းပြုစုစေပါ။
- တစ်သီးပုဂ္ဂလများအား ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းမှ တားမြစ်ထားရှိသည်ကို စိန်ခေါ်မှု အခက်အခဲဟုခေါ်ပြီး အခွင့်အလမ်းများ ဆိုသည်မှာ နိုင်ငံသားများ ပူးပေါင်းပါဝင် လုပ်ဆောင်ခြင်းမှ ထွက်ပေါ်လာသည့် လူမှုအဖွဲ့အစည်း လိုအပ်ချက်များဖြစ်ကြောင်း ကျောင်းသားများ ကွဲကွဲပြားပြားသိအောင် ရှင်းပြပေးပါ။

### နီးစပ်သော အဖြေများ

### စိန်ခေါ်မှုအခက်အခဲများ

- » ပညာရေးအဆင့်အတန်း နိမ့်ပါးခြင်း၊
- » ဆင်းရဲမွဲတေခြင်း၊
- » အလုပ်ချိန်များခြင်း၊
- » အိုးအိမ်မဲ့ခြင်း၊
- » စိတ်ဖိစီးမှုဝေဒနာ ခံစားနေရခြင်း၊
- » ယုံကြည်ချက် ပျောက်ဆုံးနေခြင်း၊
- » ခွဲခြားဆက်ဆံခံရခြင်း၊
- » ကိုယ်လက်အင်္ဂါ ချို့တဲ့နေခြင်း၊
- » မိသားစုတာဝန်များကို ခေါင်းခံတာဝန်ယူရခြင်း၊
- » လျစ်လျူရှုခံရခြင်း၊
- » ကျန်းမာရေး ချူချာခြင်း၊

### အခွင့်အလမ်းများ (အဖြေရှာမှုများ)

- » ဆရာ မလုံလောက်မှုကို ဖြည့်ဆည်းပေးခြင်း၊
- » အဆောက်အဦးပရိဘောဂများ မပြည့်စုံခြင်းအတွက် စီမံဆောင်ရွက်ပေးခြင်း၊
- » ကလေးကစားကွင်းများ တည်ဆောက်ပေးခြင်း၊
- » သန့်ရှင်းလက်ဆတ်သော သစ်သီးဝလံများ ဝယ်ယူသုံးစွဲနိုင်ရန် စီမံပေးခြင်း၊
- » ဝန်ဆောင်ခကြီးမြင့်နေမှုကို ဖြေလျှော့ပေးခြင်း၊
- » လုံခြုံစိတ်ချမှုရှိသော အဆောက်အဦး၊ နေရာထိုင်ခင်းများ စီမံပေးခြင်း၊
- » မြန်ဆန်စနစ်ကျသော အုပ်ချုပ်ရေးစနစ်တစ်ရပ် ပေါ်ထွန်းအောင်ကြံဆောင်ခြင်း၊
- » ခေါင်းဆောင်မှုစွမ်းရည်များ မြှင့်တင်ပေးခြင်း၊
- » စည်းလုံးမှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရန် ကြံဆောင်ခြင်း၊
- » လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျှင်မြန်အောင် ဆောင်ရွက်ပေးခြင်း၊
- » ပတ်ဝန်းကျင် ညစ်ညမ်းမှုလျှော့ချပေးနိုင်ရန် ကြံဆောင်ခြင်း၊

# ၁.၂.၁ လူသားအခြေပြု ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီ အခြေခံလိုအပ်ချက်

## အကြိုသင်ခန်းစာ

- ကျောင်းသားများ သတိမူမိသော လက်ရှိကမ္ဘာကြီးတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိကကျသော လူမှုအပြောင်းအလဲများအကြောင်း ဝိုင်းဝန်းစဉ်းစားခိုင်းပါ။ သူတို့၏ ထင်မြင်ချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- ထိုသို့ စဉ်းစားရာတွင် အခက်အခဲရှိပါက အရိပ်အမြွက် ပြောပေးပါ။ ဥပမာ – အင်တာနက်အသုံးတွင်ကျယ်လာခြင်းနှင့် လူမှုကွန်ရက်များအကြောင်း၊ ရိုးရာအဝတ်အစား ဝတ်ဆင်မှုများ မှေးမှိန်လာခြင်း၊ မိသားစုဝင်ပမာဏ နည်းပါးလာခြင်း စသည်။

## ဖတ်ရန်

- ကျောင်းသားများအား စာမျက်နှာ (၉) တွင် ပါရှိသည့် 'လူသားအခြေပြု ဖွံ့ဖြိုးရေး' နှင့် 'ဒီမိုကရေစီ အခြေခံလိုအပ်ချက်' ဟူသော စာပိုဒ်နှစ်ပိုဒ်ကို ဖတ်ရှုစေပါ။

### ဆွေးနွေးချက်

- အဖွဲ့များခွဲ၍ (သို့မဟုတ်) တစ်တန်းလုံးအနေဖြင့် ဖော်ပြပါရှိသည့် မေးခွန်းများကို ဆွေးနွေးအဖြေရှာစေပါ။

### နီးစပ်သော အဖြေများ

၂။ အလှူအတန်းပြုလုပ်ခြင်း၊ လုပ်အားပေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သတင်းစာ အင်တာနက် ဝက်(ဘ်)ဆိုဒ် စသည်တို့မှ သတင်းအချက်အလက်တို့ကို မျက်ခြေမပြတ် စောင့်ကြည့်ဖတ်ရှုခြင်း၊ ဆန္ဒမဲပေးခြင်း၊ သစ်ပင်များ စိုက်ပျိုးခြင်း စသည်တို့ဖြစ်သည်။

# ၁.၃ နိုင်ငံသားဆိုင်ရာပညာရေး

### အကြိုသင်ခန်းစာ

- အဖွဲ့များ ဖွဲ့ပေးပြီး လက်တွေ့အသုံးချ နိုင်ငံသားဆိုင်ရာ ပညာပေးအစီအစဉ်တွင် ပါဝင်သင့်သည့် အကြောင်းအရာများ၊ သင်ခန်းစာများ၊ အရည်အချင်းမြှင့်တင်ရေးအစီအမံများ အစရှိသည်တို့ကို ပြုစုရေးသားခိုင်းပါ။
- ထို့နောက် ထိုပညာပေးရေး အစီအစဉ်၏ အဓိက ဦးတည်ချက်ကို ဖော်ပြပါရှိရန် သတိပေးပါ။ (ဥပမာ – နိုင်ငံသားကောင်းများ မွေးထုတ်ပေးရေး၊ နိုင်ငံသားများ မဲပေးမှု၏ အရေးပါပုံကို သိနားလည်စေရေး စသည်..)
- မိမိတို့ပြုစုထားသည့် ဦးတည်ချက်က အတန်းဖော်များ၏ သဘောထား အယူအဆများနှင့် ကိုက်၊ မကိုက် ဆန်းစစ်ပေးပါ။
- ထိုဦးတည်ချက်များသည် သင်ရိုးပါ အယူအဆများနှင့် တူမျှမှုရှိ၊ မရှိကိုလည်း တိုက်ဆိုင်စစ်ဆေးပေးပါ။
- ထို့နောက် ကျောင်းသားတို့၏ ဤစာအုပ်ပါ နိုင်ငံသားဆိုင်ရာ ပညာရပ်များ သင်ယူရခြင်း အကြောင်းရင်းကို ဆန်းစစ်စေပြီး မေးမြန်းဆွေးနွေးပေးပါ။

### ဖတ်ရန်

- ကျောင်းသားများ အခန်းခွဲ (၁.၃) ပါ စာပုဒ်ကို ဖတ်ရှုကြရန် တိုက်တွန်းပါ။

### ဆွေးနွေးချက်

- အဖွဲ့များခွဲ၍ (သို့မဟုတ်) တစ်တန်းလုံးအနေဖြင့် ဖော်ပြပါရှိသည့် မေးခွန်းများကို ဆွေးနွေးအဖြေရှာစေပါ။

### နီးစပ်သော အဖြေများ

စာသင်ကျောင်းများ – ကျောင်းတွင်း ပညာရေးရော ကျောင်းပြင်ပ ပညာရေးပါ အကျုံးဝင်သည်။ ဆရာ၊ ဆရာမများသည် နိုင်ငံသားဆိုင်ရာ အခြေခံကျသည့် အသိပညာများ၊ လိုက်နာကျင့်ကြံဖွယ် ပြည်သူ့နီတိများကို ကျောင်းသားတိုင်း သိနားလည်နိုင်စေရန် ပြသသွန်သင်ပေးနိုင်သည့် အဓိကကျသည့် ပညာအရင်းအမြစ်များ ဖြစ်ကြပေသည်။

နိုင်ငံသားဆိုင်ရာ ပညာပေးရာတွင် အခြားသော လူမှုအဖွဲ့အစည်းများဖြစ်သည့် မိသားစုများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များတွင်လည်း တာဝန်ရှိပေသည်။ ထိုလူမှုအဖွဲ့အစည်းများသည် သတ်မှတ်ထားသည့် တန်ဖိုးစနစ်များ ရှိတတ်ကြပြီး ထိုတန်ဖိုးများကို အဖွဲ့ဝင်တိုင်း လက်တွေ့ကျင့်သုံးနိုင်ကြရန်အတွက် ပညာပေးရေး အစီအစဉ်များမှာ အရေးပါလှသည်။

## ၁.၃.၁ နိုင်ငံသားတစ်ဦးတွင် ရှိသင့်သည့် အသိပညာ၊ အရည်အသွေးနှင့် စံတန်ဖိုးများ

### အကြံပြုသင်ခန်းစာ

- နိုင်ငံသားဆိုင်ရာ အသိပညာ၊ အရည်အသွေးနှင့် စံတန်ဖိုးများကို သင်ပုန်းပေါ်တွင် ရေးသား ပြသပေးပါ။
- ဖော်ပြပါ နိုင်ငံသားဆိုင်ရာ အရည်အချင်းများ ပြည့်ဝနိုင်စေရန်အတွက် နိုင်ငံသားကောင်း မွေးထုတ်ပေးရေး ပညာပေးရေး အစီအစဉ်များ၏ အရေးပါပုံကို ရှင်းလင်းပြသပေးပါ။
- နိုင်ငံသားတစ်ဦးတွင် ရှိအပ်သည့် အသိပညာ၊ အရည်အသွေးနှင့် စံတန်ဖိုးများအကြောင်းကို ကျောင်းသားများမှ စဉ်းစားဖော်ထုတ်စေပါ။

### နီးစပ်သော အဖြေများ

#### နိုင်ငံသားဆိုင်ရာ အသိပညာများ

- » နိုင်ငံရေးဆိုင်ရာ အကြောင်းကိစ္စများ၊
- » သဘာဝပတ်ဝန်းကျင်၊
- » နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အတွေးအမြင်များ၊
- » နိုင်ငံသားဆိုင်ရာ တာဝန်များ၊ ခံစားပိုင်ခွင့်များ၊
- » နည်းဥပဒေများ၊
- » နည်းပညာဆိုင်ရာ သိမှတ်စရာများ၊
- » သမိုင်းဆိုင်ရာ အချက်အလက်များ။

#### နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေး

- » စီမံခန့်ခွဲနိုင်မှု၊
- » ခေါင်းဆောင်မှုစွမ်းရည်၊
- » နားထောင်လက်ခံနိုင်စွမ်း၊
- » အများနားလည်အောင် ရှင်းလင်းဟောပြောနိုင်စွမ်း၊
- » အရာရာကို ဝေဖန်ဆန်းစစ်နိုင်စွမ်း၊
- » မှန်ကန်စနစ်ကျသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်း၊
- » အရေးကိစ္စများကို ဆန်းစစ်ဝေဖန်နိုင်စွမ်း
- » ညှိနှိုင်းဆွေးနွေးနိုင်စွမ်း။

#### နိုင်ငံသားဆိုင်ရာ စံတန်ဖိုးများ

- » တစ်ဦးအပေါ်တစ်ဦး လေးစားမှုထားခြင်း၊
- » မိမိကိုယ်ကို ယုံကြည်မှု အပြည့်အဝရှိခြင်း၊
- » သည်းခံစိတ် မွေးမြူခြင်း၊
- » သိက္ခာတရားကို တန်ဖိုးထားခြင်း၊
- » ယဉ်ကျေးမှုတိုင်းကို လေးစားလက်ခံနိုင်ခြင်း၊
- » အများအကျိုး အစဉ်ရှေးရှုခြင်း၊
- » ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ခြင်း၊
- » အလုပ်တာဝန်များကို ရေသာမခိုဘဲ ပါဝင်ဆောင်ရွက်တတ်ခြင်း၊
- » တရားမျှတမှုကို တန်ဖိုးထားခြင်း။

### ဖတ်ရန်

- ကျောင်းသားများကို (၁.၃.၁) တွင် ဖော်ပြပါရှိသည့် အကြောင်းအရာများကို ဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

- သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံလျက် ဖော်ပြပါ မေးခွန်း (၃) ခုကို ဖြေဆိုခိုင်းပါ။

## အဖြေများ

၁။ နိုင်ငံသားဆိုင်ရာ အသိပညာများ မရှိပါက မိမိတို့ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်နေသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အရေးအရာ တို့ကို ဝေဖန်ဆန်းစစ်နိုင်ကြမည် မဟုတ်ချေ။ ထိုအရေးကိစ္စတို့ကို မသိနားမလည်ပါက နိုင်ငံသားတစ်ဦးအနေဖြင့် ရရှိပိုင်ဆိုင်အပ်သော အခွင့်အရေးများကို ဆုံးရှုံးကြမည် ဖြစ်ပေသည်။ ထိုဆုံးရှုံးမှုများသည် လူမှုရေးဆိုင်ရာ ပဋိပက္ခများကို ဖိတ်ခေါ်နေသကဲ့သို့ဖြစ်ပြီး နိုင်ငံသားများ၏ စိတ်ဓာတ်များ၊ စာရိတ္တများကို အညွန့်ချိုးရာလည်း ရောက်ပေသည်။ 'ပညာမတတ်၍ လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရသည်' ဟု မှတ်ယူသွားကြပါက ထိုလူ့အဖွဲ့အစည်းအတွက်ရော၊ ထိုနိုင်ငံသားများ အတွက်ပါ ကြီးစွာသော နစ်နာမှုကြီးတစ်ရပ် ဖြစ်ပေတော့သည်။

၂။ နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ ပိုင်ဆိုင်ထားမှု မရှိပါက လူမှုကိစ္စရပ်များ ဖော်ဆောင်ရာတွင် အခက်အခဲများ ကြုံတွေ့ကြရမည် ဖြစ်သည်။ တွေးတောဆင်ခြင်တတ်ခြင်းကဲ့သို့သော နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ ကင်းမဲ့သောသူသည် အရေးအရာတို့ကို ဆုံးဖြတ်ဖြေရှင်းရာတွင် ကူကယ်ရာမဲ့ အခြေအနေမျိုး ကြုံတွေ့နိုင်ပေသည်။ နိုင်ငံသားဆိုင်ရာ အရည်အသွေးများ ရရှိပိုင်ဆိုင်မထားသူတို့သည် နိုင်ငံရေးသမားများ၊ ခေါင်းဆောင် မပီသသော ခေါင်းဆောင်တို့၏ ပစ်မှတ်များသဖွယ် အသုံးချခံကြရမည်ဖြစ်သည်။ နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ ပိုင်ဆိုင်ခြင်းသည် ဖော်ပြပါ ပြဿနာရပ်များ ကင်းဝေးနိုင်ရုံမျှမက လူမှုအကြပ်အတည်းများ၊ မဆုံးနိုင်သော ရန်ပွဲများ မှလည်း ရှောင်ရှားနိုင်ကြမည် ဖြစ်ပေသည်။

၃။ နိုင်ငံသားတစ်ဦးနှင့် တစ်ဦးကြား ဆိုင်ရာဆိုင်ရာ တန်ဖိုးများ၊ ကိုယ်ကျင့်တရားများ ကျင့်သုံးလိုက်နာ ကြမည်ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦးကြား လေးစားမှု၊ နားလည်မှု၊ မျှတမှု၊ အေးအတူ ပူအမျှ ရှင်တွဲနေထိုင်မှု အစရှိသည့် လူ့အဖွဲ့အစည်းသာယာရေးကို ဦးတည်သည့် ကျင့်သုံးလိုက်နာဖွယ်များကို လူတိုင်း တန်ဖိုးထား လိုက်နာကြရမည် ဖြစ်ပေသည်။ ထိုကဲ့သို့ လိုက်နာကျင့်သုံးကြခြင်း မရှိပါက အောက်ဖော်ပြပါ အဖြစ်ဆိုးများနှင့် ကြုံတွေ့ကြရတတ်ပေသည်။

» လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ (လူသားတိုင်း ရရှိပိုင်ဆိုင်ထားကြသည့် အခြေခံလူ့အခွင့်အရေးများကို အလေးထားလိုက်နာမှု မရှိကြသောကြောင့်ဖြစ်သည်)
» ခိုက်ရန်ဖြစ်ပွားမှုများ၊ ပဋိပက္ခများ (အချင်းချင်းကြား နားလည်မှု မထူထောင်နိုင်ကြ၍ဖြစ်သည်)
» ဘေးဖယ်ခံရမှုများ၊ ခေါင်းပုံဖြတ်မှုများ (လူသားတိုင်း အပေါ် ကိုယ်ချင်းစာတရား မထားနိုင်ကြ၍ဖြစ်သည်)
» ဖွံ့ဖြိုးမှုနှေးကွေးခြင်း (တစ်ဦးနှင့် တစ်ဦး လက်တွဲ လုပ်ကိုင်မှု အားနည်းသောကြောင့်ဖြစ်သည်)
» အကျင့်ပျက်မှုများ၊ အဓမ္မမှုများ (လူအချင်းချင်းကြား ယုံကြည်မှု၊ မျှတမှုတို့ မတည်ဆောက်နိုင်ကြ၍ ဖြစ်သည်။)

## လုပ်ငန်းများ

၁။ ကျောင်းသားများအား အခန်း (၁.၁) ရှိ လေ့ကျင့်ခန်းတွင် ရွေးချယ်ခဲ့သည့် 'စံပြနိုင်ငံသား' အကြောင်းကို ပြန်လည်စဉ်းစားခိုင်းပါ။

- စာရွက်တစ်ရွက်ပေါ်တွင် စက်ဝိုင်းသုံးဝိုင်းကို ဆွဲခိုင်းပါ။ ထိုပုဂ္ဂိုလ်တွင်ရှိသော အသိပညာ၊ အရည်အချင်း၊ စံတန်ဖိုး စသည်တို့ကို စက်ဝိုင်း တစ်ခုစီတွင် ချရေးစေပါ။

၂။ ကျောင်းသားများအား မိမိတို့ ရေးချထားသော နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ၊ အသိပညာများ၊ စံတန်ဖိုးတို့သည် ထိုပုဂ္ဂိုလ်နှင့် သူ၏ အသိုင်းအဝိုင်းအတွက်သာ အကျိုးဝင်ပါသလား၊ (သို့မဟုတ်) နိုင်ငံသားတိုင်းအတွက်၊ လူ့အဖွဲ့အစည်းတိုင်းအတွက် ကျင့်သုံးလိုက်နာနိုင်မည့် စံတန်ဖိုးများ ဖြစ်မည်လား ဆိုသည်ကို သုံးသပ်ဆင်ခြင်စေပါ။

## လေ့ကျင့်ခန်း

- ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်ကို ဖတ်စေပြီး သက်ဆိုင်ရာ မေးခွန်းများကို ဖြေဆိုခိုင်းပါ။

### နီးစပ်သော အဖြေများ

၁။ ကလေးငယ်လေးများ ဆင်းရဲမှု လျှော့ချရေးနှင့် ကလေးလုပ်သား ပြဿနာ၊

၂။ ပညာရေး၏ အရေးပါပုံကို အသိပေးနှိုးဆော်ခြင်း၊ ဆင်းရဲသော ကျောင်းသားငယ်လေးများအတွက် အလုပ်ချိန်ပြင်ပတွင် ပညာဒါန ပို့ချပေးခြင်း၊ မိသားစုဝင်များ ပါဝင်လာစေရေးအတွက် ကြိုးပမ်းခြင်း၊

၃။ နိုင်ငံသားဆိုင်ရာ အသိပညာ – သက်ဆိုင်ရာပညာရေး အဖွဲ့အစည်းများထံ အကြံဉာဏ်တောင်းခံခြင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထမ်းများထံ တင်ပြ ဆွေးနွေးခြင်း၊ ပြဿနာ၏ ဇာစ်မြစ်ကို သိမြင်နိုင်ရန် ကြိုးကုပ်လေ့လာခြင်း၊ နိုင်ငံသားဆိုင်ရာ အရည်အသွေး – ဆက်ဆံရေး ကောင်းမွန်ခြင်း၊ စီမံခန့်ခွဲတတ်ခြင်း၊ ထောက်ပံ့ငွေများ စုဆောင်းကောက်ခံခြင်း၊

၄။ သနားကြင်နာစိတ် ထားရှိတတ်ခြင်း၊ တာဝန်ယူစိတ် အပြည့်ရှိခြင်း၊ အများအကျိုးအတွက် တန်ဖိုးထား ဆောင်ရွက်ပေးခြင်း။

## လုပ်ငန်းများ

- ကျောင်းသားများအား အဖွဲ့များ ဖွဲ့ပေးပြီး မိမိတို့၏ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားဆိုင်ရာ ပညာပေးရေးအစီအစဉ်များအကြောင်း ဆန်းစစ်စေပါ။
- ဖော်ပြပါရှိသည့် 'ပညာပေးရေး အစီအစဉ်' နှင့် သက်ဆိုင်သည့် မေးခွန်းများကို ဖြေဆိုစေပါ။ ထိုအစီအစဉ်များအကြောင်းကို အသေးစိတ် သိရှိ မထားကြပါက လေ့လာရန် အချိန်ပေးပါ။
- ကျောင်းသားတို့၏ ရပ်ရွာလူ့အဖွဲ့အစည်းတွင် ထိုကဲ့သို့သော နိုင်ငံသားဆိုင်ရာ ပညာပေးရေး အစီအစဉ်များ မရှိပါက ရပ်ကွက်အတွင်း ပြုလုပ် ဆောင်ရွက်နိုင်မည့် ပညာပေးရေး အစီအစဉ်အသစ် တစ်ရပ် စဉ်းစားပုံဖော်စေပါ။

## ပြန်လည်သုံးသပ်ချက်

- သင်ခန်းစာပါ အကြောင်းအရာများအရ ကျောင်းသားတို့အနေဖြင့် သိရှိထားသင့်သည်ဟု ထင်သည့် နိုင်ငံသားဆိုင်ရာ အသိပညာနယ်ပယ် တစ်ရပ်နှင့် မြှင့်တင်ရန် လိုအပ်နေသည့် နိုင်ငံသား ဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးတစ်ရပ်တို့ကို ဖော်ပြ ရေးသားခိုင်းပါ။ အတန်းနှင့် အတူတကွဖြစ်စေ၊ အိမ်စာအနေဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည်။
- မည်သည့် အကြောင်းရင်းကြောင့် ရေးသားရသည် ကိုပါ ကျောင်းသားများနှင့် ဆွေးနွေးမေးမြန်းပေးပါ။
- ထိုဖြေကြားချက်တို့ကိုကြည့်၍ ကျောင်းသား၏ လိုအပ်ချက်၊ သင်ခန်းစာအပေါ် စိတ်ဝင်စားမှု အခြေအနေ စသည်တို့ကို အကဲဖြတ်ပေးပါ။
- ထိုအကဲဖြတ်ချက်များကို သိမ်းဆည်းထားပြီးနောက် (၁.၃) အကြိုသင်ခန်းစာတွင် ပြုလုပ်ခဲ့သော ကျောင်းသားများ ချမှတ်ခဲ့သည့် နိုင်ငံသားဆိုင်ရာ ပညာပေးရေးအစီအစဉ် သင်ကြားရခြင်း ဦးတည်ချက် များနှင့် တိုက်ဆိုင်စစ်ဆေးပေးပါ။ ထို့နောက် ကျောင်းသားများ၏ သင်ကြားမှု အခြေအနေကို သုံးသပ်ပေးပါ။

# ၁.၄ နိုင်ငံသားဆိုင်ရာ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ

### အကြိုသင်ခန်းစာ

- ‘နိုင်ငံသား’ ဟူသော ဝေါဟာရကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- ပြီးနောက် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ ဝတ္တရားများ၊ တာဝန်များဟူ၍ ‘နိုင်ငံသား’ ဝေါဟာရ၏ ပတ်လည်တွင် ရေးသားဖော်ပြထားပါ။
- ထို့နောက် နိုင်ငံသားတစ်ဦး ရရှိပိုင်ဆိုင်အပ်သော အခွင့်အရေးများ၊ ထားရှိရမည့် တာဝန်ဝတ္တရားများကို ကျောင်းသားများ စဉ်းစားတွေးခေါ်စေပြီး ကျောင်းသားတို့၏ ပြောဆိုချက်များကို သင်ပုန်းတွင် ချရေးပေးပါ။

### နီးစပ်သော အဖြေများ

### နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ

» မဲပေးခွင့်၊ ပါတီထောင်ခွင့်၊

» နိုင်ငံရေးအကြောင်းအရာများ လွတ်လပ်စွာ ပြောဆိုခွင့်၊

» ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်

» အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းပါဝင်နိုင်ခွင့်၊

» ကိုယ်ပိုင်စီးပွားရေး စီမံဖန်တီးနိုင်ခွင့်၊

» လွတ်လပ်စွာ ပြောဆိုစည်းရုံးခွင့်၊

» တစ်ဦးချင်းလုံခြုံမှုကို အလေးထားပေးခြင်း၊

» နိုင်ငံအတွင်း လွတ်လပ်စွာ သွားလာအခြေချ နေထိုင်ခွင့်၊

### နိုင်ငံသားဆိုင်ရာ ဝတ္တရားများ

» တရားဥပဒေကို လေးစားလိုက်နာခြင်း၊

» ငြိမ်းချမ်းမှုကို လေးစားတန်ဖိုးထားခြင်း၊

» အခွန်ဆောင်ခြင်း

» ဒီမိုကရေစီရွေးကောက်ပွဲများတွင် မပျက်မကွက် မဲပေးခြင်း၊

### နိုင်ငံသားဆိုင်ရာ တာဝန်များ

» နိုင်ငံလုံခြုံရေးအတွက် တစ်တပ်တစ်အား ပါဝင်ပေးခြင်း၊

» ရိုးရာဓလေ့ကို မြတ်နိုးတန်ဖိုးထားခြင်း၊

» အခြားသူများအား လေးစားချစ်ခင်ခြင်း၊

» နိုင်ငံ၏သမိုင်းကြောင်းကို သိရှိနားလည်ထားခြင်း၊

» လူမှုရေးဆိုင်ရာ အရေးကိစ္စတို့ကို အစဉ်နားစွင့်နေခြင်း၊

## ၁.၄.၁ နိုင်ငံသားဆိုင်ရာအခွင့်အရေးများ

### ဖတ်ရန်

- ကျောင်းသားများ အခန်းခွဲ (၁.၄.၁) ပါ အကြောင်းအရာများကို ဖတ်ရှုကြရန် တိုက်တွန်းပါ။

## ဆွေးနွေးချက်

- လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေအကြောင်းရပ်များ ဖြစ်သည့် လိုအပ်ချက်များ၊ ဝန်ဆောင်မှုများ၊ အခွင့်အလမ်းများ အကြောင်းကို ဆန်းစစ်ဖော်ထုတ်စေပါ။ ကျောင်းသားတို့၏ တွေးထင်ချက်များကို သင်ပုန်းတွင် ဖော်ပြပေးပါ။

### နီးစပ်သော အဖြေများ

လိုအပ်ချက်များ – ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ၊ သန့်ရှင်းသောရေ၊ စိတ်ချလုံခြုံမှုရှိသည့် နေရာအဆောက်အဦး၊ ဖုန်း၊ ကွန်ပျူတာ။

ဝန်ဆောင်မှုများ – ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ တိကျခိုင်မာမှုရှိသည့် ပင်စင်ခံစားခွင့်၊ သက်သာချောင်ချိသော ပို့ဆောင်ရေးစနစ်၊ လူမှုရေးဆိုင်ရာ အထောက်အပံ့များ (အိုမင်း မစွမ်းသူများ၊ အပယ်ခံများ၊ ကိုယ်ကာယချို့တဲ့သူများ)။

အခွင့်အလမ်းများ – သင့်တင့်သည့် လုပ်အားခများ ရရှိရေး၊ စံနှုန်းမီ ပညာရေးစနစ် သင်ယူရရှိနိုင်ရေး၊ လွတ်လပ်စွာ ရွှေ့ပြောင်းအခြေချခွင့်။

## လေ့ကျင့်ခန်း

- အဖွဲ့များ ဖွဲ့ပေးပြီး 'လူ့အခွင့်အရေးကြေညာစာတမ်း' (UDHR) ကို ဆန့်ကျင်သော အဆိုများနှင့် ထောက်ခံသော အဆိုများကို ပြုစုစေပါ။
- စာပိုဒ်တွင် ဖော်ပြပါရှိခြင်း မရှိသည့် ကျောင်းသားတို့၏ ကိုယ်ပိုင်ထင်မြင်ချက်များကိုလည်း ဖော်ပြပါရှိပါစေ။

### နီးစပ်သော အဖြေများ

#### ထောက်ခံသော အဆိုများ

- လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြုစုရေးဆွဲခဲ့ကြသူများသည် လူသားမျိုးနွယ်စုတိုင်းကို ကိုယ်စားပြုနိုင်ရန် ရေးသားခဲ့ကြသော်လည်း လူသားတိုင်း၊ ယဉ်ကျေးမှုစနစ်တိုင်းနှင့် ကိုက်ညီမှုရှိသည့် ပုံစံတစ်ရပ်ရေးဆွဲရန်မှာ လက်တွေ့တွင် မလွယ်ကူလှချေ။ သို့ရာတွင် လူမှုအဖွဲ့အစည်းတိုင်း၏ ဘုံတူညီချက်များ၊ အခြေခံကျမည့် အခွင့်အရေးများကို မှုတည်လျက် ကြိုးစားပြုစုထားကြခြင်း ဖြစ်ပေသည်။
- ဖွံ့ဖြိုးပြီး နိုင်ငံအချို့တို့သည် ၎င်းတို့ လက်ရှိပိုင်ဆိုင်ထားကြသည့် အခြေအနေရောက်အောင် မတရားမှုများ၊ လူသားချင်း ခေါင်းပုံဖြတ်မှုများ အတိတ်သမိုင်းတွင် ပြုမူကောင်း ပြုမူခဲ့ကြပေမည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ပြည်က ထိုနိုင်ငံများအတိတ်က ပြုမူခဲ့သည့် လုပ်ရပ်များအတိုင်း ထပ်တူကျသည့် မတရားမှုများကို လက်ရှိပစ္စုပ္ပန်အချိန်တွင် ကျင့်ကြံခြင်းသည် နိုင်ငံသားတို့ခံစားရမည့် ဝေဒနာများကို မျက်ကွယ်ပြုရာရောက်ပြီး လက်သင့်မခံသင့်ချေ။
- လူ့အခွင့်အရေး ချိုးဖောက်မှုများကို တရားဥပဒေများ၊ စစ်ရေးစွက်ဖက်မှုများနှင့် တရားဝင် မတိုက်ဖျက်နိုင်ကြချေ။ သို့ရာတွင် 'ကြေညာစာတမ်း' ပါ ဖော်ပြချက်များက နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုကဲ့သို့သော ပြဿနာများကို မည်သို့ ကိုင်တွယ်ရမည်ကို သိမြင်စေပြီး ထိုဖော်ပြချက်များ သက်ရောက်မှုရှိအောင် အားဖြည့်ပါဝင်ပေးနိုင်သည်။
- ယနေ့ခေတ်အခါတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကမ္ဘာအနှံ့တွင် တွေ့မြင်နေကြရသည်။ ထိုကဲ့သို့ သိမြင်နိုင်ကြရသည်မှာလည်း ကမ္ဘာ့လူသားများ အနေဖြင့် 'နိုင်ငံသားဆိုင်ရာ အသိတရားများ၊ အခွင့်အရေးများ' ကို ရရှိပိုင်ဆိုင်လာကြ၍ ဖြစ်ပေသည်။ အကယ်၍ 'လူ့အခွင့်အရေး ကြေညာစာတမ်း' ကို ပြုစုထားရှိခြင်း မရှိပါက နိုင်ငံသားများအနေဖြင့် မည်သည့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးဖြစ်သည်ကို မသိမြင်နိုင်ကြတော့ဘဲ မတရားမှုများ၏ ဓားစာခံများသာ ဖြစ်ကြရပေတော့မည်။
- လူ့အခွင့်အရေး ကြေညာစာတမ်းကြောင့် နိုင်ငံသားများအနေဖြင့် မတရားမှုများကို မီဒီယာများမှတစ်ဆင့် ချပြနိုင်ကြမည်ဖြစ်ပြီး၊ ထိုသို့ ချိုးဖောက်သူများကိုလည်း အကြမ်းမဖက်သော နည်းလမ်းဖြင့် အပြစ်ဒဏ်ကျခံစေနိုင်မည် ဖြစ်ပေသည်။

#### ဆန့်ကျင်သော အဆိုများ

- ကြေညာစာတမ်းပါ ဖော်ပြပါရှိသည့် တန်ဖိုးစနစ်များမှာ အနောက်တိုင်း ယဉ်ကျေးမှုကိုသာ အခြေခံရေးဆွဲထားခြင်းဖြစ်ပြီး ကမ္ဘာကြီး၏ မတူကွဲပြားသော ယဉ်ကျေးမှုအစုံအလင်တို့ကို လျစ်လျူရှုလျက်ရှိပေသည်။
- လူသားအချင်းချင်း ခေါင်းပုံဖြတ်ခြင်းတည်းဟူသော အတိတ်သမိုင်းကို ပိုင်ဆိုင်ထားကြသည့် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးများက ယနေ့ခေတ်အခါတွင် အခြားတစ်ပါးသော နိုင်ငံများအား လူသားချင်း စာနာရေး၊ ဆင်းရဲမှု လျှော့ချရေးကဲ့သို့သော အခွင့်အရေးများ ကျင့်သုံးလိုက်နာစေရန် ဆော်ဩနေကြသည့်အချက်မှာ လက်ခံနိုင်ဖွယ်ရာ မရှိချေ။
- လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များမှာ ကြပ်မတ်ကိုင်တွယ်ရန် ဩဇာအာဏာ မရှိပါက လက်တွေ့ကျင့်သုံးရန် ဆိုသည်မှာ အလှမ်းဝေးလွန်းလှသည်။
- အကယ်၍ ကမ္ဘာတစ်ဝှမ်းတွင် လူအများ၏ အခွင့်အရေးများသည် ချိုးဖောက်ခြင်းခံနေရပါက၊ လူ့အခွင့်အရေး ကြေညာစာတမ်းပါ ထိုအခွင့်အရေးများသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည်ဟု မဆိုလိုနိုင်ပေ။

- လူ့အခွင့်အရေး ကြေညာစာတမ်းသည် တိတ်တဆိတ် အခွင့်အရေး ချိုးဖောက်ခြင်းခံနေရသူများအား အကူအညီမပေးနိုင်ပေ။

## ပြန်လည်သုံးသပ်ချက်

- အဖွဲ့များ ခွဲပေးပြီး ဖော်ပြထားသည့် မေးခွန်းကို စဉ်းစားသုံးသပ်စေပါ။
- ကျောင်းသားတို့၏ သုံးသပ်ချက်များကို ဆွေးနွေးဝေဖန်ပေးပါ။

**နီးစပ်သော အဖြေများ**

'နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ' က အရေးကြီးဆုံးဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအခွင့်အရေးများက နိုင်ငံသားတိုင်း လူ့အဖွဲ့အစည်း၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းများတွင် တက်တက်ကြွကြွ ပါဝင်နိုင်ရန် ပံ့ပိုးပေးနိုင်သောကြောင့်ဖြစ်သည်။

'လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ' က အရေးအကြီးဆုံးဟုထင်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ နိုင်ငံသားတို့သည် စာပေမတတ်၊ ပိုင်ဆိုင်မှု မရှိပါက၊ မဲပေးနိုင်ခွင့်နှင့် ပါတီတည်ထောင်ခွင့်တို့သည် အသုံးမဝင်ပေ။

'လူ့အဖွဲ့အစည်းကိုယ်စားပြု အခွင့်အရေး' များက အရေးကြီးဆုံးဟု ထင်ပါသည်။ လူ့အဖွဲ့အစည်းတွင်းပါဝင်ကြသူများက မိမိတို့၏ အခွင့်အရေးများကို လေးစားတန်ဖိုးထားမှု မရှိကြပါက အပြုသဘောထက် အပျက်သဘောဆောင်သည့် ရလဒ်များကိုသာ ခံစားနိုင်ကြ၍ဖြစ်သည်။

## လုပ်ငန်းများ

- ကျောင်းသားများအား ဖော်ပြပါ အခွင့်အရေးများထဲမှ မည်သည်က နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများဖြစ်သည်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဖြစ်သည်၊ လူ့အဖွဲ့အစည်းကိုယ်စားပြု အခွင့်အရေးဖြစ်သည်ကို အမျိုးအစား ခွဲခြားစေပါ။ အချို့သော အခွင့်အရေးများသည် အမျိုးအစားတစ်ခုထက် ပို၍ အကျုံးဝင်နိုင်ပါသည်။

## အဖြေများ

နိုင်ငံသားနှင့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ – ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၉၊ ၁၀၊ ၁၄၊ ၁၅၊ ၁၇၊ ၁၉၊ ၂၀၊၂၃၊ ၂၄၊ ၂၅။

စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများ – ၂၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၆၊ ၁၈၊ ၂၁၊ ၂၂။

လူ့အဖွဲ့အစည်းကိုယ်စားပြု အခွင့်အရေးများ – ၁၁၊ ၁၃

## ဆွေးနွေးချက်

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲပေးပြီး မိမိတိုင်းပြည်အတွက် အရေးပါဆုံးဟုထင်သည့် အခွင့်အရေး ၃ ခုကို ရေးသားစေပါ။ ထို့နောက် အရေးပါမှုအနည်းဆုံးဟု ထင်ရသည့် အခွင့်အရေး ၃ ခု ကိုပါ ဖော်ပြခိုင်းပါ။

- ပြီးနောက် ထိုနှစ်ယောက်တစ်တွဲ ပြုစုထားသည့် အခွင့်အရေးများကို အခြားသော အဖွဲ့များနှင့် ဆွေးနွေးပြီး အရေးပါမှုအလိုက် အခွင့်အရေးများကို ထပ်မံပြုစုစေပါ။
- ထိုသို့ ဆွေးနွေးပြီးပါက တစ်တန်းလုံး၏ ယူဆချက်များ၊ ရွေးချယ်မှုများကို မေးမြန်းဝေဖန်ပေးပါ။

၂။ ကျောင်းသားများအား ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း တိုးတက်ပြောင်းလဲရန် လုပ်ဆောင်နေသော လူများအတွက် အရေးကြီးဆုံးသော အခွင့်အရေး (၃) ခုကို စာရင်းပြုစုစေပါ။ မေးခွန်း (၁) တွင် ပြုစုခဲ့သည့် အခွင့်အရေးများနှင့် တူညီမှုရှိ၊ မရှိ စစ်ဆေးပေးပါ။

- ပြီးနောက် ထိုနှစ်ယောက်တစ်တွဲ ပြုစုထားသည့် အခွင့်အရေးများကို အခြားသော အဖွဲ့များနှင့် ဆွေးနွေးပြီး အသုံးဝင်မှုအလိုက် အခွင့်အရေးများကို ထပ်မံပြုစုစေပါ။
- ထိုသို့ ဆွေးနွေးပြီးပါက တစ်တန်းလုံး၏ ယူဆချက်များ၊ ရွေးချယ်မှုများကို မေးမြန်းဝေဖန်ပေးပါ။

## လုပ်ငန်းများ

- ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်များကို ဖတ်ရှုစေပါ။
- အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းများကို ဖြေဆိုစေပါ။
- ဖြစ်ရပ်လေ့လာချက်တစ်ခုစီအတွက် အဖွဲ့တစ်ဖွဲ့စီက တာဝန်ယူပေးပြီး အတန်းတစ်တန်းလုံးသို့ တင်ပြရှင်းလင်းစေပါ။

## အဖြေများ

### ဖြစ်ရပ်လေ့လာချက် (က)

၁။ လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့် (လွတ်လပ်စွာဖန်တီးထုတ်ဖော်ခွင့်)၊ အပြစ်မရှိဘဲ အစစ်အဆေးအမေးအမြန်းမရှိ အကျဉ်းချခြင်းမှ ကင်းလွတ်ခွင့်၊ မျှတသော တရားစီရင်မှု ရရှိခံစားနိုင်ခွင့်၊ နိုင်ငံရေးပါတီများ အလုပ်သမားသမဂ္ဂ အဖွဲ့အစည်းများတွင် မိမိတို့စိတ်ဆန္ဒအရ ပါဝင်လိုက ပါဝင်ခွင့်၊ မပါဝင်လိုက နှုတ်ထွက်နိုင်ခွင့်၊

၂။ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ လူ့အဖွဲ့အစည်းကိုယ်စားပြုအခွင့်အရေးများ၊

၃။ လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့် (လွတ်လပ်စွာဖန်တီးထုတ်ဖော်ခွင့်) – မိမိ၏ နိုင်ငံရေးဆိုင်ရာအမြင်များကို လွတ်လွတ်လပ်လပ် ဖော်ထုတ်ပြသခဲ့၍ အကျဉ်းချခြင်းခံခဲ့ရသည်။ အပြစ်မရှိဘဲ အစစ်အဆေးအမေးအမြန်းမရှိ အကျဉ်းချခြင်းမှ ကင်းလွတ်ခွင့် – တရားစီရင်ချက် မချဘဲ ၁၀ လကြာ အကျဉ်းချခြင်းခံခဲ့ရသည်။ မျှတသော တရားစီရင်မှု ရရှိခံစားနိုင်ခွင့် – အပြစ်တစ်စုံတစ်ရာ မကျူးလွန်ခဲ့ပါလျက် ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။ နိုင်ငံရေးပါတီများ အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများတွင် မိမိတို့စိတ်ဆန္ဒအရ ပါဝင်လိုက ပါဝင်ခွင့်၊ မပါဝင်လိုက နှုတ်ထွက်နိုင်ခွင့် – နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်ရန် ကြိုးပမ်းမှုအတွက် အရေးယူထိန်းသိမ်းခဲ့ကြသည်။

၄။ နိုင်ငံရေးဆိုင်ရာ အမြင်ကွဲပြားမှုများကို ဖိနှိပ်ထိန်းကွပ်ခြင်းသည် နိုင်ငံသားတို့၏ နိုင်ငံ့အရေးအရာများ ပါဝင်ဆောင်ရွက်ရာ၌ အဟန့်အတား ဖြစ်စေနိုင်သည်။ လွတ်လပ်စွာ ဖန်တီးထုတ်ဖော်ခွင့် ပိတ်ပင်ခံရခြင်းသည် နိုင်ငံသားများ၏ စိတ်ဓါတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို ချိုးနှိမ်ရာ ရောက်ပေသည်။ မျှတမှုကင်းမဲ့သည့် တရားစီရင်မှုများက အစိုးရနှင့် ပြည်သူတို့ကြားနားလည်မှု ကွဲလွဲစေနိုင်ပေသည်။

## ဖြစ်ရပ်လေ့လာချက် (ခ)

၁။ ခွဲခြားဆက်ဆံခံရခြင်းတို့မှ ကင်းဝေးခွင့်၊ ညီညွတ်မျှတစွာ နေထိုင်နိုင်ခွင့်၊ အဆင့်အတန်းမှီသော လူနေမှုအဆင့် ရရှိပိုင်ဆိုင်နိုင်ခွင့်၊ ပညာသင်ယူနိုင်ခွင့်၊ မဲပေးနိုင်ခွင့်။

၂။ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ – ခွဲခြားဆက်ဆံခံရခြင်းတို့မှ ကင်းဝေးခွင့်၊ မဲပေးနိုင်ခွင့်။ စီးပွားရေးနှင့် လူမှုဘဝဆိုင်ရာ အခွင့်အရေးများ – အဆင့်အတန်းမှီသော လူနေမှုအဆင့် ရရှိပိုင်ဆိုင်နိုင်ခွင့်၊ ပညာသင်ယူနိုင်ခွင့်။

၃။ ခွဲခြားဆက်ဆံခံရခြင်းတို့မှ ကင်းဝေးခွင့် – လူမျိုး၊ ဇာတ်စနစ်တို့ကို အခြေခံလျက် ခွဲခြားဆက်ဆံခံကြရသည်။ အဆင့်အတန်းမှီသော လူနေမှုအဆင့် ရရှိပိုင်ဆိုင်နိုင်ခွင့် – အိန္ဒိယ၏ ဇာတ်နိမ့်များသည် လုပ်ငန်းခွင် ခေါင်းပုံဖြတ်ခံရခြင်း၊ လုပ်ခလစာ မမျှတခြင်း၊ လူအများ မနှစ်မြို့သည့် အလုပ်အကိုင်များကို ဆောင်ရွက်ရခြင်း အစရှိသော လူမှုရေးဆိုင်ရာ ဖိနှိပ်မှုများကို ခံစားနေကြရသည်။ ပညာသင်ယူနိုင်ခွင့် – ဇာတ်နိမ့်လူတန်းစားတို့၏ မျိုးဆက်ကလေးငယ်များသည် ကျောင်းအသီးသီး၌ ခွဲခြားဆက်ဆံခြင်း ခံနေရကြသည်။

၄။ အမြစ်တွယ်နေသည့် လူတန်းစားခွဲခြားမှုများ၊ ဖိနှိပ်ခံရမှုများသည် သက်ဆိုင်ရာ လူတန်းစားများ အတွက် သိမ်ငယ်စိတ်၊ အယုံအကြည် ကင်းမဲ့စိတ်များ ပေါ်ပေါက်လာနိုင်ပြီး လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ရာတွင် ကြီးစွာသော အဟန့်အတား ဖြစ်စေနိုင်သည်။ ပညာသင်ယူခွင့် ဆုံးရှုံးရခြင်း၊ လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှု မရရှိခြင်း၊ အစာအာဟာရ မပြည့်ဝခြင်းတို့သည် နိုင်ငံသားများ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် နှောင့်နှေးစေနိုင်ပြီး လူမှုရေးရာများတွင် ပါဝင် ဆောင်ရွက်ခွင့် ဆုံးရှုံးကြရသည်။ လူတန်းစား အချင်းချင်းကြား တင်းမာမှုများ၊ မကျေနပ်မှုများက နိုင်ငံသားများ၏ လူ့အဖွဲ့အစည်းကောင်းကျိုး ဆောင်ရွက်ရာတွင် အတားအဆီး ဖြစ်စေနိုင်သည်။

## ဖြစ်ရပ်လေ့လာချက် (ဂ)

၁။ မျှတသော တရားစီရင်မှု ရရှိခံစားနိုင်ခွင့်၊

၂။ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၊ လူ့အဖွဲ့အစည်းကိုယ်စားပြု အခွင့်အရေးများ၊

၃။ တရားစီရင်ဆုံးဖြတ်ရာတွင် သက်သေအတုများ အသုံးပြုခဲ့ကြပြီး၊ အချို့သော အရေးပါသည့် အချက်အလက်များကို ထိမ်ချန်ထားခြင်းခံခဲ့ရသည်။ ရဲအချို့၏ မတရားသော လုပ်ရပ်အချို့ကိုလည်း တွေ့ရသည်။

၄။ နိုင်ငံသားများကို အကာအကွယ်ပြုပေးနိုင်မည့် တရားဥပဒေမဏ္ဍိုင် ချို့တဲ့ခြင်းက နိုင်ငံသားတို့၏ လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာ ပါဝင်မှုအတွက် ပိတ်ပင်ထားသကဲ့သို့ ဖြစ်စေသည်။

# ၁.၄.၂ နိုင်ငံသားတစ်ဦး၏ တာဝန်နှင့် ဝတ္တရားများ

### အကြိုသင်ခန်းစာ

- နိုင်ငံသားတစ်ဦးအနေဖြင့် နိစ္စဓူဝ ကျင့်သုံးလိုက်နာ အပ်သည့် နိုင်ငံသားဆိုင်ရာ တာဝန်များ၊ ဝတ္တရားများကို စဉ်းစားစေပါ။
- ထိုတာဝန်များ မည်သည့်အကြောင်းကြောင့် ထမ်းဆောင်ရသည်၊ မလိုက်နာမိပါက မည်သို့သော အကျိုးဆက်များ ခံစားရမည်ကို သုံးသပ်စေပါ။

### ဖတ်ရန်

- ဖော်ပြပါရှိချက်များကို ကျောင်းသားများ ဖတ်ပါစေ။

## လေ့ကျင့်ခန်း

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါရှိသည့် ဥပမာများတွင် မည်သည်တို့က နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ ဖြစ်သည်၊ မည်သည်တို့က တာဝန်၊ ဝတ္တရားများ ဖြစ်သည်ကို စဉ်းစားဆုံးဖြတ်စေပါ။

## အဖြေများ

၁။ အခွင့်အရေး

၂။ တာဝန်

၃။ ဝတ္တရား

၄။ တာဝန်၊ အခွင့်အရေး

၅။ တာဝန်၊ ဝတ္တရား

၆။ ဝတ္တရား

၇။ တာဝန်၊ အခွင့်အရေး (အချို့ဒေသများတွင် ဝတ္တရားအနေဖြင့် ယူဆနိုင်သည်။)

၈။ တာဝန်

၉။ တာဝန်

## လုပ်ငန်းများ

- အထက်ဖော်ပြပါ ဥပမာများကဲ့သို့ လုပ်ငန်းဆောင်တာ (၃) ရပ်ကို ချရေးစေပါ။ ထို့နောက် ကျောင်းသား တစ်ဦး ရေးသားထားချက်များကို အခြားကျောင်းသား တစ်ဦးနှင့် တိုက်ဆိုင်စစ်ဆေးစေပြီး မည်သည်တို့က အခွင့်အရေးများဖြစ်သည်၊ မည်သည်တို့က တာဝန် (သို့မဟုတ်) ဝတ္တရားများ ဖြစ်သည်ကို အမျိုးအစား ခွဲခြားစေပါ။
- သဘောထား မတိုက်ဆိုင်သော အချက်များရှိပါက စာသင်ခန်း တစ်ခန်းလုံးအနေဖြင့် အများသဘော တူသည့် အဖြေရှာပေးပါ။

## ၁.၄.၃ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများကြား ဆက်နွယ်ချက်

### အကြိုသင်ခန်းစာ

- ကျောင်းသားများအား ဖော်ပြပါရှိသည့် မေးခွန်းများကို ဆွေးနွေးအဖြေရှာစေပါ။

### နီးစပ်သော အဖြေများ

၁။ တာဝန်မထမ်းဆောင်ဘဲ အခွင့်အရေးရယူခြင်းသည် မျှတသည့် လုပ်ရပ်ဟု မခေါ်ဆိုနိုင်ပါ။ အဘယ်ကြောင့် ဆိုသော် အခွင့်အရေးတစ်ရပ် ရရှိခံစားခွင့်ရှိသူသည် မိမိကဲ့သို့ အခြားသူများ၌ရှိသော အခွင့်အရေးများအား မချိုးဖောက်ရန် တာဝန်ရှိသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် လူ့အဖွဲ့အစည်းအတွင်း ရပ်တည်နေထိုင်ကြသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားကြရမည်လည်း ဖြစ်သည်။ သို့မဟုတ်က လူမှုမျှတမှုများ ကင်းဆိတ်၍ ကြီးနိုင်ငယ်ညှဉ်းတရားများ ကြီးစိုးပေါ်ပေါက်လာမည် ဖြစ်ပေသည်။

၂။ အခွင့်အရေး မခံစားရဘဲ တာဝန်အပေးခံရခြင်းသည် မျှတသည့် လုပ်ရပ်မဟုတ်ချေ။ ခေါင်းပုံဖြတ် အမြတ်ကြီးစားသည့် လုပ်ရပ်လည်းဖြစ်သည်။ ဥပမာဆိုရသော် တစ်စုံတစ်ဦးက လူအများ စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် ကြိုးစားပမ်းစား ထွန်ယက်စိုက်ပျိုးထားပြီး ထိုအားထုတ်မှုနှင့် မထိုက်တန်သည့် တုံ့ပြန်မှု တစ်စုံတစ်ရာ ခံစား ရတတ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးကို ခေါင်းပုံဖြတ်သည့် လုပ်ရပ်၊ မျှတမှုမရှိသည့် လုပ်ရပ်တစ်ရပ်ဟု သတ်မှတ်နိုင်သည်။

### ဖတ်ရန်

- (၁.၄.၃) တွင် ပါရှိသည့် ပထမလေ့ကျင့်ခန်းအထိ ရေးသားဖော်ပြထားသော အကြောင်းအရာများကို သုံးသပ်ဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

- အဖွဲ့များ ခွဲပေးပြီး စာမျက်နှာ (၁၅) ပါ 'လူ့အခွင့်အရေး ကြေညာစာတမ်း' မှ အခွင့်အရေး တစ်ရပ်ကို ရွေးထုတ်၍ မေးခွန်းများကို ဖြေဆိုစေပါ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို စာရွက်တစ်ရွက် (သို့မဟုတ်) ကတ်ထူစက္ကူပေါ်တွင် ရေးချစေပြီး စာသင်ခန်းနံရံပေါ်တွင် ကပ်ထားစေပါ။
- ထို့နောက် ထိုနံရံပေါ်တွင်ရှိသည့် အခြားသော အဖွဲ့များ၏ ဖြေဆိုချက်များကို လှည့်လည်ကြည့်ရှုစေပါ။

### ဖတ်ရန်

- (၁.၄.၃) ပါ ကျန်ရှိသည့် အကြောင်းအရာများကို ဆက်လက်ဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

- တစ်ဦးခြင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တစ်ဖက်တွင်ပါရှိသော စာကြောင်းများကို ဖြည့်စွက်ရေးသားစေပါ။

### နီးစပ်သော အဖြေများ

၁။ ____ အခြားနိုင်ငံသားများအား လေးစားတန်ဖိုးထားခြင်း။

၂။ ____ အလုပ်ကြိုးစားခြင်းနှင့် လူအများလုံခြုံစွာ အလုပ်လုပ်နိုင်ရန်အတွက် အလေးထားဆောင်ရွက်ပေးခြင်း။

၃။ ____ အခြားသူတို့၏ အမြင်များ၊ ပြောဆိုချက်များကို လေးစားတန်ဖိုးထားခြင်း။

၄။ ____ မိမိတို့ တတ်သိထားသည့် ပညာများကို အများအကျိုးအတွက် ထိထိရောက်ရောက် အသုံးချပေးခြင်း။

၅။ ____ သယံဇာတအရင်းအမြစ်များကို စနစ်တကျ အသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း။

## ၁.၅ လူ့အဖွဲ့အစည်းဆိုင်ရာ စောင့်ထိန်းဖွယ်ရာများ (သို့မဟုတ်) တရားရှိ လူနေမှု

### အကြိုသင်ခန်းစာ

- 'လူ့အဖွဲ့အစည်းဆိုင်ရာ စောင့်ထိန်းဖွယ်ရာများ' (သို့) 'တရားရှိ လူနေမှု' ၏ အဓိပ္ပာယ်ကို စဉ်းစားတွက်ထုတ်စေပါ။ ကျောင်းသားတို့၏ အယူအဆများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- စာပိုဒ်တွင်ပါရှိသည့် အချက်များကို ဖတ်ရှုပေးပါ။
- ထိုစာပိုဒ်ကို ဖတ်ပြီးနောက် ကျောင်းသားတို့၏ အမြင်များနှင့် သင်ပုန်းတွင် ရေးထားသော အမြင်များ ကွဲပြားမှုရှိပါက ပြောင်းလဲပြင်ဆင်နိုင်သည်။

### နီးစပ်သော အဖြေများ

'တရားရှိလူနေမှု' ဟူသည် လူမှုအသိုင်းအဝိုင်းနှင့် သက်ဆိုင်သူများ အားလုံး မျှတညီညွတ်မှုရှိသည့် အခွင့်အရေးများ၊ အခွင့်အလမ်းများနှင့် တန်ဖိုးထားမှုများ အတူတကွ ပိုင်ဆိုင်ကြပြီး ယှဉ်တွဲနေထိုင်နိုင်ကြရန် ရည်ရွယ်သည်။

### ဖတ်ရန်

- 'လုပ်ငန်းများ' အထက်တွင်ရှိသည့် ရေးသားထားချက်တို့ကို ဖတ်ရှုစေပါ။

## ဆွေးနွေးချက်

- အဖွဲ့လိုက်ဖြစ်စေ၊ တစ်တန်းလုံးအနေဖြင့်ဖြစ်စေ ဖော်ပြပါရှိသည့် မေးခွန်းများကို ဆွေးနွေးအဖြေရှာစေပါ။

**နီးစပ်သော အဖြေများ**

**၁။ နိုင်ငံသားဆိုင်ရာ အသိပညာ**

» လူ့အခွင့်အရေးဆိုင်ရာ၊ တရားဥပဒေစိုးမိုးမှုဆိုင်ရာ အသိပညာများ ပိုင်ဆိုင်ထားခြင်း၊

» မိမိတို့ လုပ်ဆောင်ချက်တိုင်း၏ အကျိုးအပြစ်ကို သိမြင်ဆင်ခြင်နိုင်ခြင်း၊

» လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဥပဒေမဲ့လုပ်ရပ်များကို သိရှိပြီး တားဆီးထိန်းကွပ်နိုင်ရန် ကြိုးဆောင်ခြင်း၊

» လူ့အဖွဲ့အစည်းအတွင်း ရသင့်ရထိုက်သည့် သက်ဆိုင်ရာ အခွင့်အရေးများ၊ တာဝန်များကို လေ့လာသိရှိထားခြင်း၊

**နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေး**

» မိမိတို့ပိုင်ဆိုင်ထားသည့် အသိပညာ၊ အရည်အသွေးများကို လူ့အသိုင်းအဝိုင်းအကျိုးအတွက် အပြည့်အဝ အသုံးချတတ်ခြင်း၊

» အများအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဆွေးနွေးအဖြေရှာတတ်ခြင်း၊ နားလည်မှုရယူခြင်း အစရှိသည့် အရည်အသွေးများ ဖြည့်ဆည်းထားခြင်း၊

**နိုင်ငံသားဆိုင်ရာ စံတန်ဖိုးများ**

» မတရားခံရသူများဘက်က ကိုယ်ချင်းစာ ရပ်တည်ပေးခြင်း၊

» ကိုယ်ကျိုးစွန့် အနစ်နာခံတတ်ခြင်း၊

» လူသားတိုင်း ရရှိပိုင်ဆိုင်အပ်သည့် အခြေခံ အခွင့်အရေးတို့ကို လေးစားတန်ဖိုးထားခြင်း၊

» မျှတခြင်း၊ သနားငဲ့ညှာခြင်း၊ မတူကွဲပြားမှုကို နားလည်လက်ခံတတ်ခြင်းဟူသည့် တန်ဖိုးစနစ်များကို မွေးမြူဆောက်တည်ခြင်း။

၂။

ခွဲခြားဆက်ဆံခံရခြင်း၊ ဆင်းရဲမွဲတေခြင်းတို့သည် လူမှုအသိုင်းအဝိုင်းဝင်တိုင်းအပေါ် သက်ရောက်မှု ရှိနေသည့် ပြဿနာရပ်များဖြစ်သည်။ ထိုကဲ့သို့သော သက်ရောက်မှုများမှ အချို့ကို အောက်တွင် ဖော်ပြပေးထားသည်။

» ကြောက်ရွံ့သိမ်ငယ်စိတ် ဖြစ်ပေါ်စေခြင်း၊

» လူမှုရေးဆိုင်ရာ တင်းမာမှုများ ပေါ်ပေါက်နိုင်ခြင်း၊

» ခွဲခြားဆက်ဆံခံရမှုများ ပေါ်ပေါက်ခြင်း၊

» ဖွံ့ဖြိုးမှု နှေးကွေးရခြင်း၊

» အတွေးမှား၊ အမြင်မှားများ ပေါ်ပေါက်လာနိုင်ခြင်း၊

» ပညာရေးသင်ယူလိုစိတ် နည်းပါးမှု ဖြစ်ပေါ်စေခြင်း၊

» ကျန်းမာရေးဆိုင်ရာ ပြဿနာများ ခံစားရခြင်း၊

» စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများပါ ခံစားရနိုင်ခြင်း။

၃။

» ပညာရေး မြှင့်တင်ခြင်း၊

» လူမှုရေးပဋိပက္ခများ အဖြေရှာပေးနိုင်မည့် အစီအမံများ ထားရှိပေးခြင်း၊

» သက်ဆိုင်ရာ အသိုင်းအဝိုင်းအတွင်း လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာများ မြှင့်တင်ပေးခြင်း၊

» အချင်းချင်းအကြား တင်းမာမှုများ၊ ရန်လိုမှုများကို ကြားဝင်ဖျန်ဖြေပေးခြင်း၊

» ယဉ်ကျေးမှုပေါင်းစုပွဲများ၊ ပျော်ပွဲရွှင်ပွဲများ စီမံဖန်တီးပေးခြင်း၊

» သွေးခွဲပြောဆိုသူများကို တရားဥပဒေအရ ထိထိရောက်ရောက် ဖိနှိပ်နှိမ်နင်းခြင်း၊

» ခွဲခြားဖိနှိပ်မှုခံစားခဲ့ရသူများကို ကူညီထောက်ပံ့ပေးခြင်း၊

» ဥပဒေရေးရာ၊ ပေါ်လစီရေးရာ တိုးတက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်ခြင်း၊

» လူမှုအကျိုးပြုအဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊

» နိုင်ငံသားဆိုင်ရာ ပူးပေါင်းပါဝင် လုပ်ဆောင်ခြင်းနှင့် ပညာပေးခြင်း၊

## လုပ်ငန်းများ

- ကျောင်းသားတို့၏ အသိုင်းအဝိုင်းအတွင်း လူမှုဆက်ဆံရေးကို တိုးတက်စေမည့် စောင့်ထိန်းဖွယ်ရာများကို အဖွဲ့များခွဲ၍ ဆွေးနွေးပြုစုစေပါ။
- ထိုသို့ ပြုစုရာတွင် အခက်အခဲရှိပါက သင်ပုန်းပေါ်တွင် ဥပမာအချို့ကို ရှင်းလင်းရေးသားပြပေးပါ။

**နီးစပ်သော အဖြေများ**

၁။ အများအကျိုးထိပါးမည့် လုပ်ရပ်များကို ရှောင်ကြဉ်ကြရမည်။

၂။ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပါဝင်ပတ်သက်သူတိုင်းသည် အဖွဲ့အစည်းဆိုင်ရာ အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော်ရာတွင် ပါဝင်ခွင့်ရှိရမည်။

၃။ လူသားတိုင်း အချင်းချင်း ကူညီထောက်ပံ့ကြပြီး အေးအတူပူအမျှ နေထိုင်ခွင့် ရှိရှိအပ်သည်။

**၄။ စာမလိုက်နိုင်သည့် ကျောင်းသားများအား ဆရာ၊ ဆရာမများက ပိုမိုကြပ်မတ် စောင့်ရှောက်ပေးအပ်သည်။**

# ၁.၆ လူမှုပဋိညာဉ် သီအိုရီ

## အကြိုသင်ခန်းစာ

- ကျောင်းသားများအား ကမ္ဘာပေါ်တွင် အစိုးရစနစ်တို့ ဖြစ်ထွန်းမပေါ်ပေါက်ခဲ့ပါက မည်သို့ ဖြစ်နိုင်သည်ကို စဉ်းစားစေပါ။ ယနေ့ခေတ် ကမ္ဘာကြီးနှင့် မည်သို့ ကွဲပြားနိုင်ပုံ၊ ထိုစနစ်တို့ မရှိခြင်း၏ အားနည်းချက်၊ အားသာချက်တို့ကိုပါ သုံးသပ်စေပါ။

## လေ့ကျင့်ခန်း

- (၁.၅) ပါ ရေးသားထားချက်တို့ကို ဖတ်ရှုစေပါ။
- တစ်ဦးချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ ဖော်ပြထားသည့် မေးခွန်းများကို ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

၁။ လုယက်သတ်ဖြတ်ခြင်း၊ ကျွန်ပြုခိုင်းစေခြင်း အစရှိသည့် အကြမ်းဖက်မှုတို့မှ ကင်းလွတ်ခြင်း၊

၂။ နိုင်ငံသားများအနေဖြင့် **အစိုးရ၏ လုပ်ရပ်တို့ကို မျက်ခြေမပြတ် သုံးသပ်အကဲဖြတ်နေကြရမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံသားဆိုင်ရာ တာဝန်များ ဖြစ်သည့် မဲပေးခြင်း၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ပေးခြင်း စသည်တို့ကိုပါ ဖြည့်ဆည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။**

## ပြန်လည်သုံးသပ်ချက်

- မည်သည့်အတွေးအခေါ်ပညာရှင် (လော့ခ် သို့မဟုတ် ဟော့ခ်) ၏ အယူအဆကို ပိုမိုနှစ်သက်ကြောင်း ဆွေးနွေးစေပါ။

### နီးစပ်သော အဖြေများ

ဟော့၏ အယူအဆကို လက်ခံသဘောကျမိသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေ၏ ထောက်တိုင်သဖွယ် ဖြစ်သည့် အစိုးရတစ်ရပ် မရှိပါက တရားဥပဒေမဲ့ လုပ်ရပ်များ၊ အကြမ်းဖက်မှုများကို တားဆီးရန် လွယ်ကူတော့မည် မဟုတ်ချေ။

(သို့မဟုတ်)

လော့၏အမြင်ကို ပိုမိုနှစ်ခြိုက်မိသည်။ လူတို့သည် ယေဘုယျအားဖြင့် စိတ်ထားကောင်းမွန်ကြပြီး အစိုးရ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အချင်းချင်းကြား လေးစားမှုထားကာ ယှဉ်တွဲနေထိုင်နိုင်ကြမည် ဖြစ်သည်။

# အခန်း (၁) ပြန်လည်သုံးသပ်ခြင်း

## နားလည်မှု စစ်ဆေးခြင်း

- ဖော်ပြပါ မေးခွန်းအားလုံးကို ကျောင်းသားများ ဖြေဆိုစေပါ။

## နီးစပ်သော အဖြေများ

**(၁) တရားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသား**

» နိုင်ငံတစ်နိုင်ငံနှင့် ပတ်သက်ဆက်နွှယ်နေသူ၊ (ယဉ်ကျေးမှု၊ ပထဝီအနေအထား၊ သမိုင်းနောက်ခံ အခြေအနေတို့အရ သတ်မှတ်ထားချက်)၊

» နိုင်ငံသားဖြစ်ကြောင်း တရားဝင်အထောက်အထားရှိသူ၊

» ဥပဒေအရ၊ လူမှုသတ်မှတ်ချက်များအရ ပါဝင်ပတ်သက်နေသူ၊

» မဲပေးပိုင်ခွင့်ရှိသူ၊

» နိုင်ငံတွင်း မွေးဖွားသူ၊

**တာဝန်သိစိတ် အခြေပြု နိုင်ငံသား**

'တာဝန်သိစိတ်ပေါ် အခြေခံသည့် နိုင်ငံသား' သည် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးစည်ပင်ရေးအတွက် အစဉ်အလေးပေး ဆောင်ရွက်တတ်ပြီး သက်ဆိုင်ရာအခွင့်အရေးများ၊ တာဝန်များကိုလည်း လေးစားတန်ဖိုးထားတတ်ကြသူများ ဖြစ်သည်။ ထိုမျှသာမက လူ့အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရှိရေး၊ လူ့အခွင့်အရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ အတွက်လည်း ကြိုးပမ်းလုပ်ဆောင်တတ်ကြသည်။

**(၂) လူမှုဘဝအခြေပြုဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဒီမိုကရေစီ ပြန့်ပွားရှင်သန်ရေးဆိုင်ရာ လုပ်ငန်းရပ်များ၊**

**(၃) နိုင်ငံသားဆိုင်ရာ ပညာရေးအစီအစဉ်များသည် နိုင်ငံသားတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များကို နားလည် သဘောပေါက်စေပြီး မိမိတို့အသိုင်းအဝိုင်း တိုးတက်ရေး၊ သာယာဝပြောရေး အတွက် ဆောင်ရွက်ရာတွင် များစွာ အထောက်အကူ ပြုပေသည်။**

**(၄) နိုင်ငံသားဆိုင်ရာ အသိပညာ**

နိုင်ငံသားဆိုင်ရာ အသိပညာများသည် လူ့အဖွဲ့အစည်း အတွင်း ပါဝင်ပတ်သက်သူတိုင်းအား တာဝန်သိစိတ်ရှိ နိုင်ငံသားများဖြစ်အောင် ပျိုးထောင်ပေးပြီး လူ့အဖွဲ့အစည်း ဆိုင်ရာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိအတတ်တို့ကိုလည်း မြှင့်တင် ပေးနိုင်သည်။ ထို့အပြင် လူမှုရေးရာ အခွင့်အရေးများ၊ တာဝန်ဝတ္တရားတို့ကိုပါ နားလည်သဘောပေါက်စေပြီး လူမှုပြဿနာများ ဖြေရှင်းရာတွင် အထောက်အကူ ပြုပေးနိုင်သည်။

**နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေး**

နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများတွင် သုံးသပ်ဝေဖန်တတ်ခြင်း၊ စဉ်းစားဆုံးဖြတ်တတ်ခြင်း၊ ဆွေးနွေးအဖြေရှာခြင်း အစရှိသော အရည်အသွေးများ ပါဝင်သည်။ ထိုအရည်အချင်းများ အပြည့်အဝ ပိုင်ဆိုင်ထားသူတစ်ဦးအနေဖြင့် မိမိတို့ရရှိ ပိုင်ဆိုင်ထားသော နိုင်ငံသားဆိုင်ရာ အသိအတတ် တို့ကို အကျိုးရှိရှိ အသုံးချနိုင်ကြမည်ဖြစ်ပြီး နိုင်ငံရေးရာ၊ လူမှုရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် တက်တက်ကြွကြွ ပါဝင်နိုင်ကြမည် ဖြစ်ပေသည်။

**နိုင်ငံသားဆိုင်ရာ စံတန်ဖိုးများ**

နိုင်ငံသားဆိုင်ရာ စံတန်ဖိုးများ ပိုင်ဆိုင်ကျင့်ကြံတတ်သူ တစ်ဦးအနေဖြင့် မိမိတို့၏ လူမှုပတ်ဝန်းကျင် ငြိမ်းအေး သာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းညှိ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ ထို့ကဲ့သို့ နိုင်ငံသားဆိုင်ရာ ကျင့်ကြံဖွယ်ရာများ ပေးစွမ်းနိုင်မည့် ပညာပေးရေးအစီအစဉ်များကိုလည်း အစဉ်အလေးပေး ဖော်ဆောင်သင့်လှသည်။

**(၅) နိုင်ငံသားဆိုင်ရာ အခွင့်အရေးတစ်ရပ် ရရှိပိုင်ဆိုင်ထားသူတစ်ဦးသည် မိမိတို့ထမ်းရွက် ကြရမည့် တာဝန်ဝတ္တရားတို့ကိုလည်း ဦးလည်မသုန် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ထို့အပြင် မိမိပတ်ဝန်းကျင်ရှိ လူအများ၏ ရရှိအပ်သည့် အခွင့်အရေးများ ပိုင်ဆိုင်နိုင်ကြစေရေးအတွက်လည်း အလေးပေး ပြုမူလုပ်ဆောင်ကြရပေမည်။**

**(၆) လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပါဝင်ပတ်သက် သူတိုင်း တူညီသော အခွင့်အရေးများ၊ အခွင့်အလမ်းများ၊ တန်ဖိုးထားမှုများ ရရှိ ပိုင်ဆိုင်နိုင်ကြစေရန် စောင့်ထိန်းကြပ်မတ် ပေးခြင်းကို ဆိုလိုသည်။**

**(၇) 'လူမှုပဋိညာဉ်သီအိုရီ' တွင် တစ်သီးပုဂ္ဂလများ၊ လူမှုအဖွဲ့အစည်းများ နှင့် အစိုးရအကြား ဆက်နွှယ်မှုကို တင်ပြပေးထားပြီး လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှု မရှိခြင်း၏ အကျိုးအပြစ်တို့ကိုပါ ဖော်ပြပေးထား သည်။**

**(၈) တက်ကြွလှုပ်ရှားနိုင်ငံသားအကြောင်း သင်၏ လူမှုအဖွဲ့အစည်းတွင် မိတ်ဆက်တင်ပြပေးပါ။**

- နိုင်ငံသားတစ်ဦးတွင်ရှိသည့် အသိပညာဗဟုသုတ၊ အရည်အချင်းနှင့် စံတန်ဖိုးများကိုကြည့်၍ ထိုပုဂ္ဂိုလ်သည် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်၊ မဖြစ်ကို ခန့်မှန်းသိရှိနိုင်ခြင်း၊
- လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို သိမြင်တားဆီးနိုင်ပြီး ထိုချိုးဖောက်မှုများ၏ အကျိုးဆက်များကို လူအများနားလည်နိုင်ရန် လက်တွဲလှုပ်ရှားတတ်လာခြင်း၊
- မိမိပတ်ဝန်းကျင်ရှိလူအများ၏ နိုင်ငံသားဆိုင်ရာ အသိ၊ အကျင့်တို့ ရင့်သန်လာစေရန် ကြိုးစားသင်ပြပေးခြင်း။

## တန်ဖိုးအမြင်သဘောထားများ – အခိုအမိန့်များကို လေ့လာခြင်း

- ဖော်ပြထားသည့် မေးခွန်းများကို ကျောင်းသားများ ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

(က)

၁။ နိုင်ငံသားတိုင်းသည် နိုင်ငံ၏ အားထားရာများ ဖြစ်ကြပြီး တာဝန်အသီးသီးကို ထမ်းရွက်ကြရမည်ဟု တင်ပြထားသည်။

၂။ (၁.၄) ပါ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ၊ (၁.၆) ပါ လူမှုပဋိညာဉ် သီအိုရီ၊ (၁.၁) ပါ နိုင်ငံသားဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်တို့နှင့် ဆက်စပ် ကြည့်ရှုစေပါ။

(ခ)

၁။ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခြင်း၏ အရေးပါပုံကို တင်ပြထားသည်။ နိုင်ငံသားတို့သည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်း မရှိပါက တာဝန်မဲ့ခေါင်းဆောင်များ၊ အကျင့်ပျက်ဝန်ထမ်းများ ကြီးစိုးလာနိုင်သည်ဟု ဖော်ပြထားသည်။

၂။ (၁.၄) ပါ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ၊ (၁.၁) ပါ နိုင်ငံသားဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(ဂ)

၁။ မိမိတို့ ပုံဖော်ထားသော၊ လေးစားအသိအမှတ်ပြုထားသော တန်ဖိုးစနစ်များနှင့် ကိုက်ညီမှုရှိသည့် လူမှုပတ်ဝန်းကျင်တစ်ရပ် ပေါ်ပေါက်နိုင်ရန်မှာ နိုင်ငံသားတို့တွင်သာ အဓိက တာဝန်ရှိသည်ဟု တင်ပြထားသည်။

၂။ အခန်းခွဲ (၁.၃) ပါ နိုင်ငံသားဆိုင်ရာ ပညာရေး၊ အခန်းခွဲ (၁.၄) ပါ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ၊ အခန်းခွဲ (၁.၆) ပါ လူမှုပဋိညာဉ် သီအိုရီ စသည်တို့နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(ဃ)

၁။ နိုင်ငံသားတိုင်းသည် ကိုယ်ပိုင်လွတ်လပ်ခွင့်များ ရှိကြသည်မှာ မှန်သော်လည်း အနီးပတ်ဝန်းကျင်မှ လူအများ ဘေးရန်ကြုံတွေ့နေပါက ကူညီဖေးမပေးရန် တာဝန်ရှိကြောင်း တင်ပြထားသည်။

၂။ အခန်းခွဲ (၁.၂) ပါ နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များ၊ အခန်းခွဲ (၁.၄) ပါ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများကို သိရှိထားရန် လိုအပ်ပါသလား စသည်တို့နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(င)

၁။ ခိုင်မာသေချာမှုရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ပညာရေး၏ အရေးပါပုံကို ဖော်ပြပေးထားသည်။

၂။ အခန်းခွဲ (၁.၂) ပါ နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များကို သိရှိထားဖို့ လိုအပ်ပါသလားဟူသော သင်ခန်းစာနှင့် ဆက်စပ်ကြည့်ရှုစေပါ။

(စ)

၁။ အားနည်းသူများကို စာနာတတ်ရန်၊ လူမှုအသိုင်းအဝိုင်းအတွင်း ညီညွတ်မျှတမှုရှိရန် တင်ပြထားသည်။

၂။ အခန်းခွဲ (၁.၄) ပါ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ၊ အခန်းခွဲ (၁.၅) ပါ လူ့အဖွဲ့အစည်းဆိုင်ရာ စောင့်ထိန်းဖွယ်ရာများ စသည့် သင်ခန်းစာတို့နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(ဆ)

၁။ မည်သည့် ခေါင်းဆောင်မှ ပြည်သူလူထု၏ခွင့်ပြုချက်မရဘဲ မည်သူ့အပေါ်တွင်မှ အုပ်ချုပ်ခွင့် မရှိပေ။

၂။ အခန်းခွဲ (၁.၆) ပါ လူမှုပဋိညာဉ်သီအိုရီနှင့် ဆက်စပ်ကြည့်ရှုစေပါ။

(ဇ)

၁။ ကမ္ဘာတစ်ဝှမ်းတွင် နိုင်ငံသားဟူသော ဝေါဟာရကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသော်လည်း တာဝန်သိစိတ် နိုင်ငံသားများ မွေးမြူပေးရေး အစီအမံတို့၏ သဘောသဘာဝ တူညီပုံကို တင်ပြပေးထားသည်။

၂။ အခန်းခွဲ (၁.၁) ပါ နိုင်ငံသားဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အခန်းခွဲ (၁.၂) ပါ နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များကို သိရှိထားဖို့ လိုအပ်ပါသလား၊ စသည်တို့နှင့် ဆက်စပ်ကြည့်ရှုစေပါ။

# ၂.၁ နိုင်ငံသားနှင့် လူမှုအဖွဲ့အစည်း

## အကြံပြုသင်ခန်းစာ

- ဖော်ပြပါ လူမှုအဖွဲ့အစည်းအသီးသီး၏ ပုံတို့ကို ကြည့်ရှုစေပါ။
- နှစ်ယောက်တစ်ဖွဲ့ (သို့) အဖွဲ့များခွဲပြီး မေးခွန်းများကို ဆွေးနွေးစေပါ။
- ပြီးနောက် တစ်တန်းလုံးအနေဖြင့် ဆွေးနွေးဖြေဆို ပေးပါ။

## နီးစပ်သော အဖြေများ

၁။ သံဃာတော်များ – လိုက်နာရမည့် အကျင့်သီလ၊ ဘာသာအယူဝါဒ၊ အသုံးအဆောင်၊ နေရာထိုင်ခင်း။ စက်ရုံအလုပ်သမားများ – ကျွမ်းကျင်မှု၊ လုပ်ငန်းခွင် အခြေအနေ၊ စီးပွားရေးအခြေအနေ၊ အဝတ်အစား၊ ယူနီဖောင်း၊ လိုက်နာရမည့် စည်းမျဉ်းများ။ အားကစားအသင်း – ပန်းတိုင်၊ ယူနီဖောင်း၊ အရည်အချင်း။ ကျောင်းသားများ – ရည်မှန်းချက်၊ ယူနီဖောင်း၊ အသက်အပိုင်းအခြား၊ ကျောင်းစည်းကမ်း၊ ကြိုးစားအားထုတ်မှု။ တိုင်းရင်းသားမျိုးနွယ်စုများ – နောက်ခံသမိုင်း၊ တန်ဖိုးထားမှုများ၊ ရိုးရာဓလေ့၊ ဘာသာစကား

၂။ သံဃာတော်များ – ပဉ္စင်းတက်ရသည်။ စက်ရုံအလုပ်သမားများ – စက်ရုံများတွင် အလုပ်လုပ်နိုင်ရန် ဝင်ရောက်လျှောက်ထားကြရသည်။ အားကစားအသင်း – အသင်းဝင်ထားရသည်။ ကျောင်းသားများ – ကျောင်းအပ်နှံထားရသည်။ တိုင်းရင်းသားလူမျိုးစုများ – မျိုးရိုးအစဉ်အလာ သတ်မှတ်ချက်တစ်ရပ်ဖြစ်သည်။

# ၂.၁.၁ လူမှုအဖွဲ့အစည်း – အဓိပ္ပာယ်

## ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## ပြန်လည်သုံးသပ်ချက်

- ကျောင်းသားများအနေဖြင့် သူတို့ပါဝင် ပတ်သက်လျက်ရှိသော လူ့အဖွဲ့အစည်းအားလုံးကို စဉ်းစားဖော်ထုတ်စေပါ။ ဥပမာ – မိသားစု၊ ရပ်ရွာ၊ နိုင်ငံ၊ ဘာသာအယူဝါဒ၊ ဝါသနာ၊ လူမျိုးစု၊ အလုပ်အကိုင် စသည်တို့နှင့် ဆက်စပ်နေသော လူမှုအဖွဲ့အစည်းများ။
- အရေးပါမှုအရှိဆုံး လူ့အဖွဲ့အစည်းကို စာလုံးကြီးဖြင့် ရေးစေပြီး အရေးပါမှုအနည်းဆုံးကို စာလုံးသေးဖြင့် ရေးစေပါ။
- နှစ်ယောက်တစ်ဖွဲ့ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးအဖြေရှာစေပါ။
- ပြီးနောက် တစ်တန်းလုံးအနေဖြင့် ပါဝင်ပတ်သက်မှု ရှိနေကြသည့် လူမှုအဖွဲ့အစည်းများနှင့် ၎င်းတို့၏ အရေးပါပုံတို့ကို ဆွေးနွေးစေပါ။ ထိုလူ့အဖွဲ့အစည်း အသီးသီးသည် မွေးရာပါ အခွင့်အရေးသတ်မှတ်ချက် တစ်ရပ်လော၊ ရွေးချယ်ပါဝင်ခြင်းကြောင့်လော ဆိုသည်ကိုပါ ဆွေးနွေးအတည်ပြုပေးပါ။

## ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လုပ်ငန်းများ

- နှစ်ယောက်တစ်တွဲတွဲပေးပြီး တစ်ဦးချင်းစီ၏ လူမှုအဖွဲ့အစည်းများကို ဖော်ပြပေးထားသည့် 'ဆက်နွှယ်မှုပြ စက်ဝိုင်းဇယား' တစ်ခု ရေးဆွဲစေပါ။ ထိုရေးဆွဲထားသည်တို့မှ ကိုက်ညီချက်များ၊ မတူ ကွဲပြားမှုများကိုပါ ဆွေးနွေးစေပါ။
- နှစ်ဦးစလုံးပြုစုထားသည့်အနက်မှ တူညီသည့် လူ့အဖွဲ့အစည်းများကို စက်ဝိုင်းဇယားအတွင်း စက်ဝိုင်းနှစ်ဝိုင်းထပ်သည့် နေရာတွင် ရေးချစေပါ။ မတူညီသည့် အရာများကိုမူ စက်ဝိုင်းချင်း မထပ်သည့် တစ်ဖက်စီတွင် ဖော်ပြစေပါ။
- ထိုသို့ ရေးသားပြုလုပ်ထားသည်တို့ကို စာသင်ခန်း၏ နံရံတွင်ကပ်စေပြီး အခြားသူတို့၏ ဆက်နွှယ်မှုပြ စက်ဝိုင်းဇယားတို့ကိုပါ လှည့်လည်ကြည့်ရှုစေပါ။
- ထို့နောက် ကျောင်းသားတို့ လူမှုအဖွဲ့အစည်းနှင့် ပတ်သက်၍ မည်သည်တို့ လေ့လာသိရှိခဲ့ရသည်ကို ဆန်းစစ်ပေးပါ။

– ကျောင်းသားတစ်ဦးနှင့် တစ်ဦးကြား လူ့အဖွဲ့အစည်း အရ ပါဝင်ပတ်သက်မှုများ တူမျှမှု ရှိ၊ မရှိ။
– ကျောင်းသားများအနေဖြင့် ပါဝင်ဆက်နွှယ်မှု လုံးဝ မရှိဟု ခံယူထားသည့် လူမှုအဖွဲ့အစည်းများ ရှိ၊ မရှိ။
– လူတစ်ဦးအား အကဲဖြတ်ရာတွင် ထိုပုဂ္ဂိုလ်တွင် ရှိသည့် အရည်အချင်းများနှင့် ထိုသူပါဝင်ပတ်သက်နေ သည့် လူ့အဖွဲ့အစည်းတို့အပေါ် ကြည့်ရှုသတ်မှတ်မှု အတိုင်းအတာ မည်မျှ ရှိ၊ မရှိ။

## ဖတ်ရန်

- ကျောင်းသားများအား စာပိုဒ်နှင့် ဖြစ်ရပ်လေ့လာချက် တို့ကို ဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

- ဖော်ပြပါမေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

### အစ္စလာမ် လူ့အဖွဲ့အစည်း

၁။ အတူတူမျှဝေ သတ်မှတ်ထားသော တန်ဖိုးစနစ်များ
အတူတူမျှဝေထားသော သမိုင်းနောက်ခံ
အတူတူမျှဝေ ဖန်တီးထားသော ရိုးရာယဉ်ကျေးမှုများ
အတူတူမျှဝေ သတ်မှတ်ထားသည့် ပန်းတိုင်
(မက်ကာသို့ သွားရောက် ဝတ်ပြုခြင်း) အတူတူမျှဝေ
ပြုစုထားကြသော ဥပဒေများ

၂။ နေရာဒေသ မတူကွဲပြားကြသည်။ (မွတ်စလင်တို့သည် ကမ္ဘာ့နေရာအသီးသီးတွင် နေထိုင်ကြသည်။)

### မြန်မာပြည်မှ ဆလုံလူမျိုးစုများ

၁။ အတူတူမျှဝေထားသော သမိုင်းနောက်ခံ အတူတူမျှဝေ ဖန်တီးထားသော ရိုးရာယဉ်ကျေးမှုများ၊ အတူတူမျှဝေ ခံစားကြရာ နေရာအရပ်၊ အတူတူမျှဝေ ခံစားကြသည့် အကျိုးစီးပွား။

၂။ အုပ်စုငယ်လေးများဖြင့် ခွဲခြားနေထိုင်ကြသည့်အတွက် လူ့အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းများ၊ အကျင့်များ တွင်မူ ကွဲပြားနိုင်သည်။

### မန်ချက်စတာ ယူနိုက်တက်

၁။ အတူတူမျှဝေထားသော သမိုင်းနောက်ခံ အတူတူမျှဝေ သတ်မှတ်ထားသည့် ပန်းတိုင် အတူတူမျှဝေ ခံစားကြရာ နေရာအရပ်

၂။ နိုင်ငံပေါင်းစုံမှ ကစားသမားများဖြင့် ဖွဲ့စည်းထားသည်ဖြစ်၍ ယဉ်ကျေးမှုအရ ကွဲပြားနိုင်သည်။)

### လုပ်ငန်းများ

၁။ ကျောင်းသားတို့အား သူတို့ပါဝင်ပတ်သက်နေသည့် လူ့အဖွဲ့အစည်းများတွင် မည်သို့သော စရိုက်လက္ခဏာများ အတူအကွ ပိုင်ဆိုင်ကြသည်ကို ဆန်းစစ်စေပါ။
၂။ ထို့နောက် မည်သို့သော ကွဲပြားသော စရိုက်လက္ခဏာများလည်း ပိုင်ဆိုင်ထားကြသည်ကို သုံးသပ်စေပါ။
၃။ ထိုလူမှုအဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် လိုက်နာပေးဆပ်ရမည့် တာဝန်ဝတ္တရားများ ရှိ၊ မရှိကိုပါ ဖော်ပြစေပါ။ ဥပမာ – ကျောင်းသား တစ်ဦးအနေဖြင့် ကျောင်းစာပုံမှန်လုပ်ရခြင်း၊ အလုပ်ခွင်သို့ အချိန်မီတက်ရခြင်း စသည်၊
၄။ ထိုလူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် မည်သို့သော အခွင့်အရေးများ ခံစားခွင့် ရှိသည်ကိုပါ တွက်ထုတ်စေပါ။ ဥပမာ – ပညာသင်ကြားခွင့် ရရှိခြင်း၊ လစာပုံမှန် ခံစားရခြင်း စသည်၊

# ၂.၂ ခေတ်သစ်လူ့ဘောင် အဖွဲ့အစည်းများ

### အကြိုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

လူ့အဖွဲ့အစည်းတို့သည် နေရာဒေသ သတ်မှတ်ချက်များကို ကျော်လွန်၍ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ပြီး အဖွဲ့ဝင် တို့သည် ကမ္ဘာ့နေရာအနှံ့တွင် ပြန့်နှံ့တည်ရှိနေနိုင်သည်။

### ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## ၂.၂.၁ မြို့ပြနေ လူ့အဖွဲ့အစည်း

### လုပ်ငန်းများ

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ ဇယားကို ဖြည့်စွက်စေပါ။
- သင်ခန်းစာပါ အကြောင်းအရာများသာမက ကျောင်းသားတို့၏ အတွေးအမြင်တို့ကိုပါ ဖော်ပြပါ ရှိစေပါ။
- အချိန်ပေးနိုင်မည် ဆိုပါက သင်ပုန်းပေါ်တွင် ဇယားဆွဲပြပေးပြီး ကျောင်းသားများနှင့်အတူ ပြုလုပ်ပေးပါ။

### နီးစပ်သော အဖြေများ

#### တူညီမှုများ

ထိမ်းမြားမင်္ဂလာပြုခြင်း၊ မျိုးရိုးဆက်ခံခြင်းနှင့် အခြားသော မိသားစုဆိုင်ရာ ထုံးထမ်းဓလေ့များ။

#### ကွဲပြားချက်များ

လူဦးရေ အချိုးအစား၊ အဆောက်အဦး အရေအတွက်၊ စာတတ်မြောက်နှုန်း၊ ဝင်ငွေ၊ ကျန်းမာရေးအခြေအနေ၊ တန်ဖိုးစနစ်များ။

#### မြို့ပြလူမှုအသိုင်းအဝိုင်း၏ အားသာချက်များ

» ဝန်ဆောင်မှုစနစ် စုံလင်ခြင်း၊
» အလုပ်အကိုင် ပေါများခြင်း၊ လုပ်ခလစာ ကောင်းမွန်ခြင်း၊
» နိုင်ငံရေးဆိုင်ရာ၊ ရိုးရာဓလေ့ဆိုင်ရာ ပြပွဲအစီအစဉ်များ ပြုလုပ်ကျင်းပနိုင်ခြင်း၊
» ယဉ်ကျေးမှုစနစ် ပေါင်းစုံခြင်း၊
» ဆက်သွယ်ရေးနှင့် သွားလာမှုဆိုင်ရာစနစ်များ မြန်ဆန်ကောင်းမွန်ခြင်း၊ ဘတ်စ်ကားများ၊ အများပြည်သူသုံး ပို့ဆောင်ရေးစနစ်များ ထားရှိခြင်း။

#### မြို့ပြလူမှုအသိုင်းအဝိုင်း၏ အားနည်းချက်များ

» ဒုစရိုက်မှုများ အဖြစ်များခြင်း၊
» ပတ်ဝန်းကျင်ညစ်ညမ်းမှုများခြင်း။ လူဦးရေ ထူထပ်မှုကြောင့် အမှိုက်သရိုက်နှင့် အခြားသော ညစ်ညမ်းမှုများ ထူပြောသည်၊ သစ်ပင်အရိပ်အာဝါသတို့ ကျဲပါးသည်။
» တစ်သီးတစ်ခြား နေထိုင်ကြခြင်း၊ အထီးကျန် စေနိုင်ခြင်း၊
» အဆင့်အတန်း ကွာဟမှုများခြင်း၊
» အသုံးစရိတ်ကြီးမားခြင်း။

#### ကျေးလက်နေ လူ့အဖွဲ့အစည်း၏ အားသာချက်များ

» မိသားစု စိတ်ဓာတ်ရှိသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြသည်
» ဒုစရိုက်မှု နည်းပါးခြင်း၊
» မျှတသော လူမှုဘဝပုံစံကို ပိုင်ဆိုင်ကြသည်၊ ရိုးရာဓလေ့ကို လေးစားတန်ဖိုးထားတတ်ကြသည်။

#### ကျေးလက်နေလူ့အဖွဲ့အစည်း၏ အားနည်းချက်များ

» ပညာရေး၊ အလုပ်အကိုင်ရရှိရေးတို့အတွက် အခွင့်အလမ်း နည်းပါးသည်၊
» လူနေမှုစနစ် ရိုးရှင်းလွန်းသည်၊
» ရိုးရာဓလေ့အတိုင်းသာ ပြုမူနေထိုင်တတ်ကြသည်၊
» ကွဲပြားသော လူမှုစရိုက်များကို လက်ခံမှု အားနည်းသည်။

## ၂.၂.၂ အွန်လိုင်း (online) အခြေပြု လူ့အဖွဲ့အစည်းများ

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### ဆွေးနွေးချက်

- ကျောင်းသားတို့၏ အွန်လိုင်းလူ့အဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်ဖူးသည့် အတွေ့အကြုံများကို ပြောပြစေပါ။
- အွန်လိုင်း လူ့အဖွဲ့အစည်းများသည် စစ်မှန်သော လူ့အဖွဲ့အစည်းများဖြစ်၊ မဖြစ်ကို မေးမြန်းဆွေးနွေးပေးပါ။

### နီးစပ်သော အဖြေများ

စစ်မှန်သော လူ့အဖွဲ့အစည်းများ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အွန်လိုင်းလူ့အသိုင်းအဝိုင်းတွင် ပါဝင်ပတ်သက်သူတိုင်းသည် အချင်းချင်း ဆက်ဆံပြောဆိုကြရပြီး တူမျှသော စရိုက်လက္ခဏာများ ပိုင်ဆိုင်ကြ၍ဖြစ်သည်။

(သို့မဟုတ်)

စစ်မှန်သော လူ့အဖွဲ့အစည်းများ မဟုတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် အွန်လိုင်းလူ့အဖွဲ့အစည်းအတွင်း ပါဝင်ကြသူများသည် အပြင်လက်တွေ့တွင် တွေ့ဆုံကြခြင်း မရှိကြဘဲ လူမှုရေးအရ ဆက်နွှယ်မှုများ ကျဲပါးကြ၍ဖြစ်သည်။

## ၂.၂.၃ ကမ္ဘာ့လူ့အဖွဲ့အစည်း

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### ဆွေးနွေးချက်

- မေးခွန်းများကို ဖြေဆိုစေပါ။
- ပြီးနောက် ထိုအဖြေတို့ကို တစ်တန်းလုံးအနေဖြင့် ဆွေးနွေးပေးပါ။

### နီးစပ်သော အဖြေများ

#### နိုင်ငံရေး

နိုင်ငံအသီးသီးရှိ အစိုးရများသည် ယနေ့ခေတ်အခါတွင် ကမ္ဘာ့လူ့အဖွဲ့အစည်းကြီး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်လာသည်။ ကမ္ဘာကြီးတွင် ဖြစ်ပျက်ပြောင်းလဲနေသည့် အခြေအနေအရပ်ရပ်တို့သည် နိုင်ငံအသီးသီး၏ ပြည်တွင်းရေး ကိစ္စရပ်များအပေါ် ရေးယခင် ခေတ်ကာလများထက် ပိုမိုလွှမ်းမိုးမှုရှိလာသည်။

အချို့ကလည်း ဤကဲ့သို့ ဖြစ်ပေါ်ပြောင်းလဲလာခြင်းသည် နိုင်ငံကြီးများ၏ နိုင်ငံငယ်လေးများအပေါ်တွင် လွှမ်းမိုးမှု ပိုမို လာစေပြီး အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်ရာ ရောက်သည်ဟုလည်း ဝေဖန်ထောက်ပြလာကြသည်။ ဥပမာ – ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခြင်း၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုများ ပြုလုပ်ခြင်း။

ထောက်ခံသူများဘက်ကလည်း ထိုကဲ့သို့သော ပြောင်းလဲမှုများသည် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးရှင်သန်လာစေရေးအတွက် အထောက်အကူပြုရာရောက်ပြီး နိုင်ငံရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုများ၊ အာဏာရှင် ကျဆုံးခြင်းနှင့် တရားမဲ့လုပ်ရပ်များ ကင်းဝေးရေးတို့တွင် ကူညီပံ့ပိုးပေးနိုင်ကြောင်း ထောက်ပြပြောဆိုကြသည်။

#### စီးပွားရေး

ဂလိုဘယ်လိုက်ဖေးရှင်းသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပေါ်တွင်လည်း သက်ရောက်မှုရှိလျက်ရှိသည်။ ဂလိုဘယ်လိုက်ဖေးရှင်းကို ထောက်ခံသူများက စီးပွားရေးလုပ်ငန်းများ လွတ်လပ်မှု ရှိလာခြင်းနှင့် ကမ္ဘာတစ်ဝှမ်း လူနေမှုအဆင့်အတန်းတိုးတက်မှုတို့ကို ထောက်ကူပေးနိုင်ကြောင်း ပြောဆိုထောက်ခံကြပြီး ကန့်ကွက်သူများကမူ ဆင်းရဲချမ်းသာ ကွာဟမှု တိုးပွားလာခြင်း၊ စီးပွားရေးအရ ခေါင်းပုံဖြတ်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ပိုရှိများလာနိုင်ကြောင်း ဝေဖန်ထားသည်။

#### လူမှုရေး

ဂလိုဘယ်လိုက်ဖေးရှင်းသည် လုပ်ငန်းခွင်အခြေအနေများ၊ အလုပ်သမားဆိုင်ရာ လူမှုအခွင့်အရေးများအပေါ်တွင်ပါ သက်ရောက်မှု ရှိနေသည်။ ထောက်ခံသူတို့၏ အဆိုအရ ILO ကဲ့သို့သော အဖွဲ့အစည်းများသည် အစိုးရများ၊ ကုမ္ပဏီကြီးများ၏ လုပ်ငန်းခွင်ဆိုင်ရာ မူဝါဒများ တိုးတက်ကောင်းမွန်နိုင်ရေး တိုက်တွန်းဖိအားပေးနိုင်ကြောင်း ဆိုကြသည်။ ဆန့်ကျင်သူတို့ကမူ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအရ ပြိုင်ဆိုင်မှုများသည် လုပ်ငန်းရှင်များကို အလုပ်သမားဆိုင်ရာ ဥပဒေထောက်ပံ့ပေးမှုနည်းသည့် တိုင်းပြည်များတွင် စီမံကိန်းများ ဖော်ဆောင်ရန် တွန်းပို့ပေးလျက်ရှိကြောင်း ပြောဆိုထားသည်။

#### ယဉ်ကျေးမှု

ဂလိုဘယ်လိုက်ဖေးရှင်းသည် လူနေမှုပုံစံများ၊ ထုံးတမ်းဓလေ့များအပေါ်တွင်လည်း သက်ရောက်မှု ရှိနေသည်။ ထောက်ခံသူများက ဂလိုဘယ်လိုက်ဖေးရှင်းကြောင့် ကမ္ဘာ့နေရာအနှံ့မှ ယဉ်ကျေးမှုများ၊ အနုပညာများကို ခံစားလာနိုင်ကြောင်း တင်ပြထားကြသော်လည်း အချို့ကမူ ထိုအချက်ကြောင့် ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်လာနိုင်ကြောင်း ဝေဖန်ထားကြသည်။

## ၂.၂.၄ ရွှေ့ပြောင်းလူ့အဖွဲ့အစည်းများ

### အကြိုသင်ခန်းစာ

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့ဖြင့်ဖြစ်စေ ကျောင်းသားတို့၏ ကိုယ်ပိုင် (သို့မဟုတ်) အသိအကျွမ်းများ၏ နိုင်ငံခြားအတွေ့အကြုံတို့ကို ဆွေးနွေးစေပါ။
- ဖော်ပြပါ မေးခွန်းတို့ကိုလည်း ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

၁။ နိုင်ငံခြားသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်း၏ အဓိက အကြောင်းအရင်းမှာ ပြင်ပမှ အားပေးတိုက်တွန်းမှုများထက် မိမိတို့ကိုယ်တိုင်၏ ဆုံးဖြတ်ချက်များအပေါ် ပိုမိုတည်မှီနေကြသည်။ ထိုကဲ့သို့ ဆုံးဖြတ်ကြရာတွင် အလုပ်အကိုင် အခွင့်အလမ်း၊ လူမှုအဆင့်အတန်း၊ ပညာရေးအခွင့်အလမ်း အစရှိသည့် အကြောင်းအရာတို့ကို ထည့်သွင်းစဉ်းစားတတ်ကြသည်။ အချို့သောသူများမှာမူ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကြောင့်ထက် ပြင်ပလွှမ်းမိုးမှုများကြောင့် ရွှေ့ပြောင်းရသည်လည်းရှိသည်။ ဥပမာ – ပြည်တွင်းရေး မငြိမ်မသက်မှုများ၊ ဖိနှိပ်မှုများ၊ စစ်ပွဲများ၊ ဆင်းရဲမှုဒဏ်နှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများ။ သို့ရာတွင် ရွှေ့ပြောင်းနေထိုင်ကြရခြင်း အများစုသည် အထက်ဖော်ပြပါ အကြောင်းခြင်းရာ နှစ်ရပ်စလုံးပေါ်တွင်လည်း တည်မှီနေနိုင်သည်။ ဥပမာ – ဆင်းရဲမွဲတေမှုဒဏ် မခံနိုင်တော့သည့် သူတစ်ဦးသည် လက်ရှိ အခြေအနေတို့ထက် အစစအရာရာ သာလွန်သော ဒေသများသို့ ရွှေးချယ်ပြောင်းရွှေ့ နေထိုင်တတ်ကြသည်။

၂။ **အခက်အခဲစိန်ခေါ်မှုများ**

» မိမိတို့ လက်ရှိနေထိုင်နေသည့် ဒေသခံနိုင်ငံသားများကဲ့သို့ အခွင့်အရေးများ ရရှိခံစားနိုင်ခွင့်မရှိ။

» ထိုနိုင်ငံ၏ အစိုးရခွင့်ပြုချက်ရှိမှသာ ပညာသင်၊ အလုပ်ရှာဖွေ နေထိုင်နိုင်ကြမည်ဖြစ်သည်။

» ဘာသာစကား၊ ဥပဒေနှင့် လူမှုရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့နိုင်သည်။

» ခွဲခြားဆက်ဆံခံရခြင်း၊ အဖိနှိပ်ခံရခြင်းတို့ ကြုံတွေ့ရနိုင်သည်။

၃။ အခွင့်အလမ်းများ

» လစာငွေ ကောင်းမွန်ခြင်း၊ လုပ်ငန်းခွင် စိတ်ချရမှု ရှိခြင်း။

» မိသားစုဝင်များအနေဖြင့် အရည်အသွေးမြင့် ပညာရေးအခွင့်အလမ်းများ ရရှိခံစားနိုင်ခြင်း။

» ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကောင်းမွန်သာလွန်သော နေရာထိုင်ခင်းများ ရရှိခံစားနိုင်ခြင်း။

» လက်ရှိနေထိုင်နေသောဒေသ၏ နိုင်ငံသားအဖြစ် ခံယူနိုင်ခြင်း။

» ဘာသာစကားအသစ်၊ ယဉ်ကျေးမှုအသစ်တို့ဖြင့် ထိတွေ့ခွင့်ရပြီး နိုင်ငံအသီးသီးရှိ လူအများနှင့် မိတ်ဖွဲ့နိုင်ခြင်း။

## ဖတ်ရန်

- ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

- ဖော်ပြပါ မေးခွန်းများကို ဖြေဆိုစေပါ။

(၁)

» ပြည်ပနေသူတို့အား ထောက်ပံ့ကူညီပေးနိုင်မည့် ပေါ်လစီများ ရေးဆွဲထားရှိခြင်း၊

» ဥပဒေဆိုင်ရာ၊ စိတ်ဓာတ်မြှင့်တင်ခြင်းဆိုင်ရာ အားဖြည့်ကူညီမှုများ စီမံဖန်တီးထားခြင်း၊

» ပြည်ပရောက် ပြည်သူတို့၏ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ ထားရှိကာကွယ်ပေးခြင်း၊

» ပြည်တွင်းနေ မိသားစုဝင်များနှင့် ဆက်သွယ်ဆက်ဆံပေးနိုင်ရန် စီမံပေးထားခြင်း။

(၂)

» မိသားစုဝင်များသို့ ပြန်လည်ထောက်ပံ့ပေးခြင်း၊

» မိခင်နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခြင်း၊

» မိခင်နိုင်ငံနှင့် အဆက်အသွယ်မဲ့ခြင်း၊

» မဲပေးခွင့်ရရန်အတွက် (၂) နှစ်အတွင်း ပြန်လည်နေထိုင်ပေးရခြင်း၊

(၃)

» ပြည်တွင်း အနုပညာရှင်တို့၏ ဖျော်ဖြေပွဲများကို အားပေးခြင်း၊

» ကလေးငယ်များကို ဖိလစ်ပိုင်စာသင်ကျောင်းများသို့သာ တက်ရောက်သင်ယူစေခြင်း၊

» ရိုးရာဓလေ့တို့ကို ဆက်လက်စောင့်ထိန်းခြင်း၊

» မဲပေးခြင်း။

## လုပ်ဆောင်ရန်

ကျောင်းသားတို့အား ရွှေ့ပြောင်းလူမျိုးစုတစ်စုအကြောင်း ရှာဖွေလေ့လာစေပါ။ ထို့နောက် ရှေ့တွင်လုပ်ဆောင်ခဲ့သည့် မေးခွန်းများကို ကျောင်းသားများ လေ့လာနေသည့် ရွှေ့ပြောင်းလူ့အဖွဲ့အစည်းတစ်ရပ်အတွက် ဆွေးနွေးဖြေဆိုစေပါ။

ထိုကျောင်းသားတို့၏ ဆွေးနွေးချက်များ၊ ဖြေဆိုချက်များကို အခြားကျောင်းသားများထံ တင်ပြဆွေးနွေးစေပါ။

ဥပမာ – ထိုင်းနိုင်ငံရောက် ကရင်များ၊ တရုတ်ပြည်ရှိ ကချင်လူမျိုးများ၊ အမေရိကား၊ ဩစတေးလျနှင့် နော်ဝေးရှိ မြန်မာဒုက္ခသည်များ၊ ပါလက်စတိုင်းရွှေ့ပြောင်းလူမျိုးစုများ၊ ဂျူးပြည်ပနေများ။

# ၂.၃ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ကြသူတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာများ

### ဖတ်ရန်

- စာပိုဒ်ပါ အချက်အလက်များနှင့် တစ်ဖက်စာမျက်နှာပါ ဆွယ်နွှယ်မှုပြ ဇယားတို့ကို ဖတ်ရှုလေ့လာစေပါ။

### ပြန်လည်သုံးသပ်ချက်

- အတန်းသားတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာများကို စဉ်းစားစေပြီး ဖော်ပြပါပုံတွင် ဖြည့်စွက်စေပါ။

### ပြန်လည်သုံးသပ်ချက်

- တစ်ယောက်ချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ ကိုယ်ပိုင်စရိုက်လက္ခဏာတို့သည် မိမိတို့ မွေးဖွားကြီးပြင်းခဲ့ကြသည့် လူမှုအဖွဲ့အစည်းများအပေါ် တည်မှီနေလျက်ရှိသည်။ မိမိတို့ ကြီးပြင်းခဲ့ရာ ပတ်ဝန်းကျင်တို့အပေါ် အခြေခံလျက် လူမှုဆက်ဆံပုံ၊ စားသောက်ပုံဓလေ့နှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အချက်တို့တွင် တစ်ဦးနှင့်တစ်ဦး ကွဲပြားနိုင်ကြသည်။ ထို့ကဲ့သို့ နိုင်ငံသားတို့၏ စရိုက်လက္ခဏာများသည် မွေးဖွားကြီးပြင်းခဲ့ရာ လူမှုအသိုင်းအဝိုင်းအပေါ်တွင် တည်မှီနေကြသကဲ့သို့ နိုင်ငံသားတို့ကိုယ်တိုင် ရွေးချယ်ပါဝင်ပတ်သက်ရာ လူမှုအဖွဲ့အစည်းတို့ပေါ်တွင်လည်း မူတည်နေပေသည်။ ဥပမာ – လူတစ်ဦးတစ်ယောက်သည် မျိုးချစ်စိတ် ပြင်းထန်လွန်း၊ ဘာသာရေးအယူသီးလွန်းပါက အခြားသော အမြင်မတူသော လူမှုအသိုင်းအဝိုင်းတို့တွင် ပါဝင်ဖွဲ့စည်းမှု မရှိတတ်ကြချေ။

၂။ မိမိတို့မွေးဖွားကြီးပြင်းခဲ့ရသည့် လူမှုအသိုင်းအဝိုင်းများက ပိုမိုသက်ရောက်မှုရှိနိုင်သည်။ မိမိတို့၏ ရွေးချယ်ပါဝင်ကြသည့် လူမှုအသိုင်းအဝိုင်းများ (ဥပမာ – ဂီတအဖွဲ့တစ်ဖွဲ့၏ ပရိသတ်ဖြစ်ခြင်း၊ နိုင်ငံရေးအဖွဲ့တစ်ဖွဲ့တွင် ပါဝင်ခြင်း အစရှိသည်) တို့သည် မိမိတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာတို့အပေါ် သက်ရောက်မှုရှိသည်မှာ မှန်ကန်သော်လည်း အချိန်ကာလအရ ရွေ့လျားပြောင်းလဲနိုင်ပေသည်။

၃။ လူ့အဖွဲ့အစည်းတစ်ရပ်တွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ပတ်သက်ရခြင်း (ဥပမာ – ဆရာတစ်ဦးဖြစ်ရခြင်း၊ ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ခြင်း၊ မိသားစုတစ်စုတွင် ပါဝင်ရခြင်း) သည် မိမိတို့ မည်သူ မည်ဝါ ဖြစ်သည်ကို သတ်မှတ်ပေးပြီး ထိုလူ့အဖွဲ့အစည်းတွင် ပတ်သက်ပါဝင်သည့် အသိခံစားချက်ကို ဖြစ်ပေါ်စေသည်။

၄။ လူ့အဖွဲ့အစည်းကြီးတစ်ရပ်တွင် ပါဝင်မပတ်သက်ရခြင်းသည် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ပေါ်ပေါက်စေနိုင်သည်။ ထို့ကဲ့သို့ ပါဝင်ရခြင်း၊ မပါဝင်ရခြင်းတို့သည် မိမိတို့တွင်ရှိသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြောင်းခြင်းရာတို့အပေါ်တွင် အခြေခံနေပေသည်။

၅။ လူမှုအဖွဲ့စည်းတစ်ရပ်မှ ပယ်စွန့်ခံရခြင်းသည် ထိုစွန့်ပယ်ခံရသူ၏ အကြောင်းချင်းရာတို့ပေါ်တွင် သာမက စွန့်ပယ်သူ လူ့အဖွဲ့အစည်းဝင်တို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာတို့ပေါ်တွင်လည်း မူတည်နေပေသည်။ ဥပမာ – လူမျိုးရေးအမြင်ကျဉ်းမြောင်းသော လူ့အဖွဲ့အစည်းတစ်ရပ်သည် အခြားသော မျိုးနွယ်စုများအပေါ် အထင်အမြင်သေးတတ်ပြီး အဆက်အဆံ ပြုလိုစိတ်မရှိတတ်ကြချေ။

# ၂.၄ တန်ဖိုးများ

### အကြိုသင်ခန်းစာ

ကျောင်းသားများအနေဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း မည်သည့်တန်ဖိုးများ အရေးပါသည်ဟု ထင်မြင်သည်ကို မေးမြန်းပါ။ သူတို့၏ ယူဆပြောဆိုချက်တို့ကို သင်ပုန်းပေါ်တွင် ရေးသား ဖော်ပြပေးပါ။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## ပြန်လည်သုံးသပ်ချက်

၁။ ဖော်ပြပါ တန်ဖိုးသတ်မှတ်ချက်များတွင် မည်သည့်တို့က ကျောင်းသားများအတွက် အရေးပါဆုံးဖြစ်သည်၊ မည်သည်က သာမန် အရေးပါသည်၊ မည်သည်တို့က လုံးဝအရေးမပါကြောင်း သတ်မှတ်စေပါ။

၂။ နှစ်ယောက်တစ်ဖွဲ့ ခွဲစေပြီး ထိုသတ်မှတ်ချက်များကို အချင်းချင်း ဆွေးနွေးစေပါ။ မည်သည့်အကြောင်းကြောင့် ရွေးချယ်ရသည်ကိုပါ ဖော်ပြစေပါ။

## လေ့ကျင့်ခန်း

- အထက်ဖော်ပြပါ စာရင်းတွင် မပါဝင်သည့် အခြားအရေးပါသော တန်ဖိုးများရှိပါက ဆွေးနွေး ဖြည့်စွက်စေပါ။။
- နှစ်ယောက်တစ်တွဲစီ ဆွေးနွေးဆုံးဖြတ်ပြီး နှစ်ဦးသဘောတူသည့် တန်ဖိုးထားမှုတို့ကို ပြုစုစေပါ။
- ထိုတန်ဖိုးတစ်ရပ်စီအတွက် ရှင်းလင်းဖွင့်ဆိုစေပါ။

## လုပ်ငန်းများ

ဤလေ့ကျင့်ခန်းသည် ကျောင်းသားတို့၏ ပူးပေါင်း သဘောတူ ဆွေးနွေးအဖြေရှာနိုင်စွမ်းကို တိုးတက်စေ နိုင်မည်ဖြစ်သည်။ ထို့အပြင် စာသင်သားတို့၏ ပြဿနာ အဖြေရှာနိုင်စွမ်း၊ ဆုံးဖြတ်ချက်ချခြင်း၊ မဲခွဲဆုံးဖြတ်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း အစရှိသည့် အရည်အသွေးတို့ကိုပါ တိုးတက်စေရန် ရည်ရွယ်သည်။

၁။ နှစ်ယောက်တစ်တွဲ တွဲပေးပြီး လူ့အဖွဲ့အစည်းအတွင်း ရှိ တန်ဖိုးထားမှု (၆) ချက်ကို အရေးပါမှု အစီအစဉ် အလိုက် ဖော်ပြပါ ပိုရမစ်ပုံတွင် ဖြည့်စွက်စေပါ။ ထိုသို့ တန်ဖိုးများကို ရွေးချယ်ရာတွင် ယေဘုယျ ကျသည့် တန်ဖိုးများထက် ကျောင်းသားတို့၏ ကိုယ်ပိုင်တန်ဖိုးများကိုသာ ရွေးချယ်စေပါ။

- ထိုတန်ဖိုးများကို ပိရမစ်ပုံထဲတွင် ရေးသားဖော်ပြစေပါ။ ထိပ်ဆုံးအကွက်တွင် အရေးပါဆုံးဖြစ်သည့် တန်ဖိုးကို ဖြည့်စွက်ရမည်ဖြစ်သည်။
- ထိုသို့တန်ဖိုးများ ဖြည့်စွက်ရာတွင် မှန်သည်၊ မှားသည် ကို ဂရုမမူစေဘဲ နှစ်ဦးစလုံး သဘောတူသည့် တန်ဖိုးတို့ကိုသာ ဖြည့်စွက်စေပါ။

၂။ အခြားသော အတန်းဖော်များနှင့်လည်း ပူးပေါင်း၍ အားလုံး သဘောတူသည့် တန်ဖိုးထားမှုများပြ ပိရမစ်တစ်ခု ထပ်မံရေးဆွဲစေပါ။

- ကျောင်းသားတို့ အဖွဲ့လိုက်ပြုစုခဲ့သည့် ပိရမစ်ကို အခြားအဖွဲ့များထံသို့ ပြသရှင်းလင်းစေပါ။ အခြားသော အဖွဲ့များ ပြုစုခဲ့သည့် ပိရမစ် တို့နှင့်လည်း နှိုင်းယှဉ်စေပါ။ တူညီမှုများ၊ မတူကွဲပြားမှုတို့ကို သုံးသပ်စေပါ။
- အခြားအဖွဲ့များ၏ ပိရမစ်နှင့် နှိုင်းယှဉ်ပြီးပါက မိမိတို့ အဖွဲ့၏ ပိရမစ်တို့တွင် ပြင်ဆင်မှုများ လုပ်လို၊ မလုပ်လိုကို ဆွေးနွေးစေပါ။

၃။ ထို့နောက် တစ်တန်းလုံး သဘောတူ လက်ခံသည့် တန်ဖိုးထားမှုများပြ ပိရမစ်ရေးဆွဲစေပါ။

၄။ နောက်ဆုံးရေးဆွဲခဲ့သည့် ပိရမစ်က စာသင်ခန်းတွင်းရှိ ကျောင်းသားတိုင်း၏ တန်ဖိုးထားမှုကို မည်သို့ ကိုယ်စားပြု ဖော်ပြနေသည်ကို ဆွေးနွေး ဖော်ထုတ်စေပါ။

- မည်သည့် တန်ဖိုးများက ကျောင်းသားတို့အတွက် အရေးပါမှု မရှိကြသနည်း။ အဘယ်ကြောင့်နည်း။ ဆွေးနွေးစေပါ။
- မည်သည့်တန်ဖိုးသည် အတန်းသားများအတွက် အရေးကြီးသနည်း။ အဘယ်ကြောင့်နည်း။ ဆွေးနွေးစေပါ။
- မည်သည့်တန်ဖိုးများက လက်ခံအတည်ပြုရန် ခက်ခဲစေနိုင်သည်ကိုပါ ဆွေးနွေးစေပါ။

၅။ ထိုသို့ တန်ဖိုးထားမှုများပြ ပိရမစ်ရေးဆွဲရာတွင် မည်သို့သော အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်ကို ဆွေးနွေးစေပါ။

- ထိုကဲ့သို့ ဆုံးဖြတ်ချက်ချရာတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများက မိမိတို့၏ လူမှုအသိုင်းအဝိုင်း အတွင်း ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အသုံးချနိုင်၊ မချနိုင်ကို ဆွေးနွေးစေပါ။

၆။ ထိုအခက်အခဲများကို မည်သို့သော နည်းစနစ်များ သုံး၍ ဖြတ်သန်းကျော်လွှားခဲ့သည်ကို ဖော်ပြ ဆွေးနွေးစေပါ။

- ထိုကဲ့သို့ သဘောတူညီချက်များ ရယူရာတွင် သိမြင်ခဲ့ရသည့် သင်ခန်းစာများက မိမိတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အသုံးချနိုင်၊ မချနိုင်ကို ဆွေးနွေးစေပါ။

## ဆွေးနွေးချက်

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများနှင့်အတူ ဆွေးနွေးဖြေဆိုပေးပါ။

### နီးစပ်သော အဖြေများ

၁။ မထင်ပါ။ လူ့အဖွဲ့အစည်းအသီးသီးတွင် တန်ဖိုးထားမှုများ မတူညီနိုင်ကြချေ။ လွတ်လပ်စွာ ပြုမူနေထိုင်ခြင်း၊ ဂါရဝတရားထားရှိခြင်း၊ မျိုးချစ်စိတ်ရှိခြင်း အစရှိသော တန်ဖိုးတို့သည် အချို့သော လူ့အဖွဲ့အစည်းများတွင် အလေးထား ကြမည် ဖြစ်သော်လည်း အချို့မှာမူ ပစ်ပယ်ထား တတ်ကြသည်။

၂။ ကျောင်းသားတို့၏ လူမှုအဖွဲ့အစည်းအသီးသီးတွင် အရေးပါဆုံးဖြစ်သည့် တန်ဖိုးများကို ဆွေးနွေးစေပါ။

၃။ ထို့နောက် ထိုတန်ဖိုးများသည် လူ့အဖွဲ့အစည်း တစ်ရပ်လုံးက ထောက်ခံ၊ မခံ၊ ကန့်ကွက်ကြသူရှိ မရှိကိုပါ ဆွေးနွေးသုံးသပ်စေပါ။ ထိုသို့ ကန့်ကွက်ကြ ရသည့် အကြောင်းရင်းကို အဖြေရှာစေပါ။ ဥပမာ အနေဖြင့် လူကြီးနှင့် လူငယ်ကြား အမြင်ကွဲပြားမှုများ၊ လူများစုနှင့် လူနည်းစုတို့၏ အမြင်များ စသည်တို့ကို ထည့်သွင်းသုံးသပ်စေနိုင်သည်။

## ၂.၄.၁ လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားသည့် တန်ဖိုးစနစ်များ

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လုပ်ငန်းများ

၁။ ဖော်ပြပါ လူ့အခွင့်အရေးများကို ဖတ်ပြီး အနှစ်သက်ဆုံး လူ့အခွင့်အရေး ၆ ခုကို စိတ်ကြိုက်ရွေးချယ်စေပါ။ ထိုသို့ တန်ဖိုးများကို ရွေးချယ်ရာတွင် ယေဘုယျကျသည့် တန်ဖိုးများထက် ကျောင်းသားတို့၏ ကိုယ်ပိုင်တန်ဖိုးများကိုသာ ရွေးချယ်စေပါ။

- ထိုတန်ဖိုးများကို ပိရမစ်ပုံထဲတွင် ရေးသားဖော်ပြစေပါ။ ထိပ်ဆုံးအကွက်တွင် အရေးပါဆုံးဖြစ်သည့် တန်ဖိုးကို ဖြည့်စွက်ရမည်ဖြစ်သည်။
- ထိုသို့ တန်ဖိုးများ ဖြည့်စွက်ရာတွင် မှန်သည်၊ မှားသည်ကို ဂရုမမူစေဘဲ နှစ်ဦးစလုံးသဘောတူသည့် တန်ဖိုးတို့ကိုသာ ဖြည့်စွက်စေပါ။

၂။ အဖွဲ့များ ဖွဲ့ပေးပြီး မိမိရွေးချယ်ထားသည့် လူ့အခွင့်အရေးများကို မျှဝေ ဆွေးနွေးကြစေပါ။ မည်သည့် အခွင့်အရေးများကို အများဆုံး ရွေးချယ်ကြသည်၊ မည်သည်တို့ကို မရွေးချယ်ကြသည်ကို စစ်ဆေးအတည်ပြုပေးပါ။

- အဖွဲ့တစ်ဖွဲ့လုံး ထောက်ခံအတည်ပြုသည့် လူ့အခွင့်အရေး ၆ ခုကိုပါ ပြုစုစေပါ။

၃။ 'မိုးပျံပူဖောင်းနှင့် ခရီးသည် ၁၂ ဦး' ပထမပိုင်းကို ဖတ်ရှုစေပါ။ ကျောင်းသားတို့ ပြုစုခဲ့သည်တို့မှ မည်သည့် လူ့အခွင့်အရေး ၆ ချက်ကို ဆက်လက် ထိန်းသိမ်းမည်ကို ဆွေးနွေးအဖြေရှာစေပါ။

- တစ်တန်းလုံး ထောက်ခံအတည်ပြုမည့် အခွင့်အရေး (၆) ခုကို ဆွေးနွေးရယူစေပါ။
- ထိုသို့ပြုစုရာတွင် ကြုံတွေ့ရှိရသည့် အခက်အခဲများကို ဆွေးနွေးစေပါ။
  - » မည်သို့ မည်ပုံ သဘောတူညီမှု ရယူနိုင်ခဲ့သနည်း။
  - » မည်သည့် အခွင့်အရေးများသည် လက်ခံအတည်ပြုရန် ခက်ခဲသနည်း။
  - » မည်သည့် အခွင့်အရေးများကို အများသဘောတူ ထောက်ခံကြသနည်း။
  - » ရွေးချယ်ပြုစုခဲ့ကြသည့် လူ့အခွင့်အရေးများက ကျောင်းသားတို့၏ တန်ဖိုးထားမှုများကို ကိုယ်စား ပြုနေပါသလား။

### ပြန်လည်သုံးသပ်ချက်

- ရှေ့တွင် ဆောင်ရွက်ခဲ့သည့် 'တန်ဖိုးစနစ်များပြ ပိရမစ်' များကို ပြန်လည်သုံးသပ်စေပြီး ကျောင်းသားတို့ ရွေးချယ်ခဲ့သည့် တန်ဖိုးထားမှုများက 'မိုးပျံပူဖောင်း လေ့ကျင့်ခန်း' တွင် ရွေးချယ်သည့် လူ့အခွင့်အရေးများနှင့် ကိုက်ညီမှုရှိ၊ မရှိ သုံးသပ်စေပါ။
- ကျောင်းသားတို့ ဆက်နွယ်ပါဝင်သော လူ့အဖွဲ့အစည်း၏ တန်ဖိုးထားမှုများနှင့် လူ့အခွင့်အရေးတို့ကြား ဆက်နွယ်မှုကို ဆွေးနွေးဖော်ပြစေပါ။

## နီးစပ်သော အဖြေများ

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ကျင့်သုံးလိုက်နာကြသော တန်ဖိုးထားမှုများသည် ထိုလူ့အဖွဲ့အစည်းအတွင်း ပြုမူကျင့်ကြံအပ်သည့် စည်းကမ်းစံသတ်မှတ်ချက်တို့ကို လွှမ်းမိုးသက်ရောက်မှု ရှိနေသည်။ ထိုစည်းကမ်းစံစနစ်တို့သည်ပင်လျှင် ထိုလူ့အဖွဲ့အစည်းအတွင်း ရသင့် ရထိုက်သည့် အခွင့်အရေးများ၊ တာဝန်များကို ဖော်ညွှန်းနေပေသည်။ ထိုသို့သော ဆက်နွှယ်မှုများကို အောက်ပါ ဥပမာတို့တွင် ဆက်လက်ဖတ်ရှုနိုင်သည်။

လွတ်လပ်မှုကို မြတ်နိုးခြင်းဟူသည့် တန်ဖိုးတစ်ရပ်သည် တစ်ကိုယ်ရည် လွတ်လပ်ခွင့်ဟူသော အခွင့်အရေးနှင့် ဆက်နွှယ်နေသည်။ လူတစ်ဦး၏ လွတ်လပ်ခွင့်ကို ကန့်သတ်ခြင်းသည် ထိုပုဂ္ဂိုလ်၏ အချုပ်အခြာမဲ့ ပြုမူကျင့်ကြံနေထိုင်ခွင့်တို့ကို ကန့်သတ်ရာ ရောက်ပေသည်။ ဥပမာ – အကျယ်ချုပ်ချခြင်း ကဲ့သို့သော အခြေအနေက ထိုပုဂ္ဂိုလ်၏ လွတ်လပ်စွာ လှုပ်ရှားခွင့်၊ ဆောင်ရွက်စီမံပိုင်ခွင့် အစရှိသော အခွင့်အရေးတို့ကို ချိုးဖောက်ရာရောက်နိုင်ပေသည်။

တစ်ဦးအပေါ် တစ်ဦး လေးစားခြင်းဟူသော တန်ဖိုးစနစ်က အခြားသူတို့၏ အခွင့်အရေးများကို လေးစားတန်ဖိုးထားခြင်းဟူသော အမူအကျင့်နှင့် တိုက်ရိုက်ဆက်နွှယ်နေသည်။ ထိုကဲ့သို့ မဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦးကြား ဂါရဝတရားများ လွှမ်းမိုးကြီးစိုးနေပါက အခွင့်အရေးများ ဆုံးရှုံးကြရမည်ဖြစ်ပြီး လုပ်ငန်းခွင်အဆင်မပြေမှုများမှသည် လူမှုပဋိပက္ခများအထိ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်သည်။

ညီညွတ်မျှတမှု အားပေးစောင့်ထိန်းသည့် တန်ဖိုးစနစ်သည်လည်း လူသားဆိုင်ရာ အခွင့်အရေးများနှင့် လူ့ဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားခြင်းဟူသည့် အချက်များနှင့် ဆက်နွှယ်နေကြသည်။ တစ်ဦးအပေါ် နှိမ့်ချဆက်ဆံခြင်းကဲ့သို့သော အပြုအမူများသည် လူအချင်းချင်း ခွဲခြားဆက်ဆံကြရခြင်း၏ အကြောင်းရင်း တရားခံဖြစ်ပေသည်။

စိတ်သဘောထားကြီးခြင်းဟူသည့် တန်ဖိုးတစ်ရပ်သည် လူသားတို့၏ မတူကွဲပြားမှုများကို လက်ခံတတ်စေပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကိုလည်း အားပေးသည်။ သို့မဟုတ်က မမျှတမှုများ၊ အဆင်အခြင်မဲ့ လုပ်ရပ်များ ဖြစ်ထွန်းပေါ်ပေါက်လာပြီး လွတ်လပ်စွာ ဖန်တီးနေထိုင်ခွင့်ကို တားဆီး ပိတ်ပင်စေမည်ဖြစ်သည်။

တရားမျှတမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူသော တန်ဖိုးသည် လူ့အဖွဲ့အစည်းဆိုင်ရာ အခွင့်အရေး အားလုံးနှင့် သက်ဆိုင်နေပေသည်။ တရားမျှတမှု ကင်းဆိတ်သော လူ့အဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာ အထိန်းအကွပ်များ လျော့နည်းပြီး ခွဲခြားဆက်ဆံခံရခြင်း၊ ဖိနှိပ်ခြင်းတည်းဟူသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကြုံတွေ့နိုင်ပေသည်။

## ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လုပ်ငန်းများ

၁။ ရှေ့တွင်လုပ်ခဲ့သည့် 'မိုးပျံပူဖောင်းနှင့် ခရီးသည် (၁၂) ဦး' ပထမပိုင်းပါ လေ့ကျင့်ခန်းကို ပြန်ကြည့်စေပြီး မန်ဂိုအာနိုင်ငံသားများ နေရာမှ စဉ်းစားဆုံးဖြတ်စေပါ။ မန်ဂိုလူမျိုးတစ်ဦးအနေဖြင့် မည်သည့် အခွင့်အရေး (၆) ချက်ကို ရွေးချယ် မည်ကို ဆုံးဖြတ်စေပါ။

၂။ အဖွဲ့အနေဖြင့် ရှေ့တွင် ရွေးချယ်ခဲ့သည့် အခွင့်အရေးများနှင့် ယခုရွေးချယ်ခဲ့သည်တို့ကို နှိုင်းယှဉ်သုံးသပ်စေပါ။

- တူညီမှုများ၊ ကွဲပြားမှုများကို ဖော်ထုတ်ပြီး အဘယ်ကြောင့် ထိုသို့ ဖြစ်ရသည် ဆိုသည်ကိုပါ ဆွေးနွေးစေပါ။

### ဆွေးနွေးချက်

- အချို့ လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးများသည် လူ့အဖွဲ့အစည်းတစ်ရပ်အား အကျိုးထက် အပြစ်သာ ပေးသည့် အခြေအနေမျိုးရှိနိုင်၊ မရှိနိုင်ကို ဆွေးနွေး စေပါ။

### နီးစပ်သော အဖြေများ

'တန်ဖိုးထားခြင်း' ဟူသော ဝေါဟာရသည် တစ်ခါတစ်ရံတွင် 'ကောင်းကျိုး' ဟူသော အနက်နှင့် ဆက်စပ်နေတတ်သည်။ သို့ဖြစ်၍ လူ့အဖွဲ့အစည်းကို ဆိုးကျိုးပေးစေတတ်သည့် တန်ဖိုးများမှာ မရှိသလောက် ရှားပါသည်။ သို့ရာတွင်မူ ထိုတန်ဖိုးများကို လိုသည်ထက် ပို၍ ကျင့်ကြံကြခြင်းက ကောင်းကျိုးထက် ဆိုးကျိုးကို ဖိတ်ခေါ်တတ်ပေသည်။ ဉပမာ ဆိုရသော်

– သတ္တိရှိခြင်းသည် တစ်ခါတစ်ရံ မိုက်ရူးရဲဆန်ခြင်းကို ဖြစ်ပေါ်စေနိုင်ပြီး ဆူဆူပူပူလုပ်ရပ်များ ပေါ်ပေါက်လာ နိုင်သည်။

– စည်းကမ်းတင်းကြပ်လွန်းခြင်းသည် ကလေးငယ်လေး များအား ရိုက်နှက်ဆုံးမခြင်း၊ လူမဆန်လုပ်ရပ်များ ဆောင်ရွက်ခြင်းအစရှိသည့် အပြုအမူများအထိ ဆောင်ရွက်လာစေနိုင်သည်။

– အချုပ်အခြာမဲ့ နေထိုင်ခြင်းသည် ပညာမဲ့လုပ်ရပ်များ ဆောင်ရွက်ခြင်းကို တွန်းအားပေးရာ ရောက်တတ်သည်။

## ၂.၄.၂ လူ့အဖွဲ့အစည်းတွင်း တန်ဖိုးစနစ်များ၏ အရွေ့

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုစေပါ။
- ထို့နောက် ကျောင်းသားတို့၏ ဖြေဆိုချက်များ၊ အယူအဆများကို မေးမြန်းဆွေးနွေးပါ။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့နှင့် ဖြစ်ရပ်လေ့လာချက် တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### ပြန်လည်သုံးသပ်ချက်

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုစေပါ။

### ဆွေးနွေးချက်

- ဖော်ပြပါ အဆိုအမိန့်၏ ဆိုလိုရင်းကို ဆွေးနွေးစေပါ။
- ထိုအဆိုအမိန့်က ကျောင်းသားတို့၏ လူ့အဖွဲ့အစည်းများကို သရုပ်ထင်ဟပ်မှုရှိ မရှိကိုပါ သုံးသပ်စေပါ။ ထိုသို့ သုံးသပ်ရာတွင် လူ့အဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်သူတို့၏ အပြုအမူတို့နှင့် ဆက်စပ်စဉ်းစားစေပါ။

#### နီးစပ်သော အဖြေများ

သစ်ရွက်တို့ ရွေ့လျားလှုပ်ခပ်ခြင်း မရှိပါက လေ၏တည်ရှိမှုကို သိမြင်နိုင်ရန် ခက်ခဲသကဲ့သို့ လူသားတို့၏ တန်ဖိုးများသည်လည်း ပြုမူကျင့်ကြံပုံတို့ကို အကဲဖြတ်မှသာ သိမြင်နိုင်ကြပေမည်။ ထို့ကြောင့်ပင်လျှင် လူ့အဖွဲ့အစည်းတစ်ရပ်၏ တန်ဖိုးစနစ်ကို ပိုင်းဖြတ်ရာ၌ ထိုလူမှုအဖွဲ့အစည်းအတွင်းရှိ သူတို့၏ အမူအကျင့်များ၊ လူမှုပတ်ဝန်းကျင်အပေါ် ဆက်ဆံပြုမူပုံတို့ကို အခြေခံပြီးမှသာ သုံးသပ်အကဲဖြတ်နိုင်မည်ဖြစ်သည်။

## ၂.၄.၃ လက်တွေ့ကျင့်ကြံအပ်သည့် လူမှုတန်ဖိုးများ

### အကြိုသင်ခန်းစာ

- ကျောင်းသားတို့၏ အမူအကျင့်များက သူတို့၏ လူမှုတန်ဖိုးများကို ကိုယ်စားပြုမှု ရှိ၊ မရှိကို သုံးသပ်စေပါ။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့နှင့် ဖြစ်ရပ်ဥပမာကို ကျောင်းသားများ ဖတ်ရှုစေပါ။

## ပြန်လည်သုံးသပ်ချက်

- ဖော်ပြပါ ဖြစ်ရပ်ကလေးများကို ဖတ်စေပြီး ထိုဖြစ်ရပ်များတွင်ပါသည့် ပြဿနာများကို မည်သို့ ဖြေရှင်းမည်ကို စဉ်းစားစေပါ။
- ထို့နောက် ကျောင်းသားတို့၏ ဖြေဆိုချက်များကို အခြားကျောင်းသားများနှင့် ဆွေးနွေးတင်ပြစေပါ။

## ဆွေးနွေးချက်

- ဖော်ပြပါ မေးခွန်းကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခြင်းကို အခွင့်အရေးတစ်ရပ်အနေဖြင့်ရော၊ တာဝန်ဝတ္တရားတစ်ရပ် အနေဖြင့်ပါ ရှုမြင်နိုင်သည်။

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့အပေါ် သက်ရောက်မှုရှိသော စည်းကမ်းဥပဒေများ သတ်မှတ်ရာတွင် ဆုံးဖြတ်ပါဝင်နိုင်မည်ဖြစ်သည်။ သို့မှလည်း မိမိတို့၏ ခံစားပိုင်ခွင့်များ၊ အတွေးအကြံများကို ကာကွယ်ထိန်းသိမ်းနိုင်ကြပေမည်။

လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခြင်းကို တာဝန် တစ်ရပ်အနေဖြင့်ပါ ရှုမြင်နိုင်ပေသည်။ မိမိတို့ ရှင်သန် နေထိုင်ရာ လူ့အဖွဲ့အစည်း သာယာစိုပြေစေနိုင်ရေးအတွက် ထိုလူမှုအဖွဲ့ဝင်တိုင်းတွင် တာဝန်ကိုယ်စီရှိပေသည်။

လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှုကို ဝတ္တရားတစ်ရပ် အနေဖြင့်ပါ ရှုမြင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် လူမှုအဖွဲ့ဝင်တစ်ဦးအနေဖြင့် အခြားသော အဖွဲ့ဝင်တို့၏ လိုအပ်ချက်များ၊ အလေးထားမှုများကို တန်ဖိုးထား ကြရမည်ဖြစ်ပြီး လူအချင်းချင်း ခေါင်းပုံဖြတ်မှုတို့ကို ကာကွယ်ရမည့် ဝတ္တရား ရှိပေသည်။

## ပြန်လည်သုံးသပ်ချက်

၁။ နှစ်ယောက်တစ်တွဲ တွဲပေးပြီး ကျောင်းသားတို့၏ အပြုအမူတို့သည် လူ့အဖွဲ့အစည်းအတွင်း လက်ခံ သတ်မှတ်ထားသည့် တန်ဖိုးများဖြစ်သည့် 'အတူတကွ ဆောင်ရွက်တက်ခြင်း၊ မတူကွဲပြားခြင်းကို တန်ဖိုးထားခြင်း၊ ညီမျှမှု၊ တရားဥပဒေ စိုးမိုးမှုကို အလေးထားခြင်း ' စသည့် တန်ဖိုးများနှင့်အညီ ပြုမူကျင့်ကြံမှုရှိ၊ မရှိကို ဆွေးနွေးစေပါ။

၂။ ထိုကဲ့သို့ ကျင့်ကြံနိုင်ရာတွင် မည်သို့သော အတားအဆီးများ ကြုံတွေ့နိုင်သည်ကိုပါ ဆွေးနွေး စေပါ။

### နီးစပ်သော အဖြေများ

ကြောက်ရွံ့ခြင်း၊ ပျင်းရိတွေဝေခြင်း၊ အများဆန္ဒလိုက်လျော ရခြင်း၊ အမိန့်ပေးခိုင်းစေခံရခြင်း၊ အများနှင့် အံဝင်ခွင်ကျ ဖြစ်အောင်နေရခြင်း၊ စည်းကမ်းတင်းကြပ်ခြင်း။

၃။ ဖော်ပြပါ ဖြစ်ရပ်တို့ကို ကျောင်းသားများ ကြည့်ရှု သုံးသပ်စေပါ။ ထိုဖြစ်ရပ်ပါ တန်ဖိုးများနှင့် ၎င်းတို့ကို လက်တွေ့ကျင့်ကြံရာတွင် ကြုံတွေ့ရသည့် အခက်အခဲတို့ကို ဆွေးနွေးစေပါ။

- ဖော်ပြပါရှိသည့် ဇယားအတိုင်း ဖြစ်ရပ်တစ်ခုစီ အတွက် ဇယားအသစ်တစ်ရပ် ပြုစုရေးဆွဲစေပါ။

### နီးစပ်သော အဖြေများ

**ဖြစ်ရပ် (၁)**

တန်ဖိုးများ – တာဝန်သိခြင်း၊ ရေရှည်အကျိုးစီးပွား၊ လေးစားစောင့်ထိန်းမှု။

အတားအဆီးများ – ရှက်ကြောက်ခြင်း၊ ပြဿနာမတက် လိုခြင်း၊ အလေးအနက် မထားခြင်း။

**ဖြစ်ရပ် (၂)**

တန်ဖိုးများ – မျှတမှု၊ သာတူညီမျှမှု၊ ငြိမ်းချမ်းရေး။

အတားအဆီးများ – ခပ်ကင်းကင်း နေလိုခြင်း၊ ကြောက်ရွံ့ခြင်း၊ သံသယ။

**ဖြစ်ရပ် (၃)**

တန်ဖိုးများ – ကိုယ်ချင်းစာနာမှု၊ သာတူညီမျှမှု၊ မေတ္တာတရား၊ တရားမျှတမှု။

အတားအဆီးများ – ကြောက်ရွံ့ခြင်း၊ ဂရုမထားခြင်း၊ ပြောပိုင်ခွင့် မရှိခြင်း။

**ဖြစ်ရပ် (၄)**

တန်ဖိုးများ – သာတူညီမျှမှု၊ တရားမျှတမှု၊ လေးစားမှု။

အတားအဆီးများ – ပြဿနာမတက်လိုခြင်း၊ ကိုယ်ကျိုး ကြည့်ရခြင်း၊ သံသယ။

**ဖြစ်ရပ် (၅)**

တန်ဖိုးများ – တရားမျှတမှု၊ လေးစားမှု၊ သာတူညီမျှမှု။

အတားအဆီးများ – ကြောက်ရွံ့ခြင်း၊ ပျင်းရိခြင်း၊ ပြဿနာမတက်လိုခြင်း၊ သံသယ။

**ဖြစ်ရပ် (၆)**

တန်ဖိုးများ – တရားမျှတမှု၊ သာတူညီမျှမှု၊ ရိုးသားမှု။

အတားအဆီးများ – သံသယ၊ ဂရုမမူမိခြင်း၊ ပျင်းရိခြင်း။

**ဖြစ်ရပ် (၇)**

တန်ဖိုးများ – သည်းခံခြင်း၊ လေးစားခြင်း၊ လူအများကို တစ်သားတည်းထားခြင်း၊ ကူညီလိုစိတ် အပြည့်ရှိခြင်း။

အတားအဆီးများ – သံသယ၊ ပျင်းရိခြင်း၊ ခေါင်းရှုပ် မခံလိုခြင်း။

**ဖြစ်ရပ် (၈)**

တန်ဖိုးများ – တရားမျှတမှု၊ ဥပဒေလိုက်နာမှု၊ မျှတမှု၊ ရိုးသားမှု။

အတားအဆီးများ – ကြောက်ရွံ့ခြင်း၊ ပျင်းရိခြင်း။

၄။ အဖွဲ့များ ခွဲပေးပြီး လုပ်ဆောင်ချက်များ နှိုင်းယှဉ်စေပါ။

## အပိုအိုင်ဒီယာ

အဖွဲ့များ ဖွဲ့ပေး၍ ဖော်ပြပါ ဖြစ်ရပ်တို့အတိုင်း သရုပ်ဆောင်စေပြီး သင်ခန်းစာတို့ကို ဆောင်ရွက်နိုင်သည်။

## ပြန်လည်သုံးသပ်ချက်

နှစ်ယောက်တစ်တွဲ တွဲပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။


# ၂.၅ တန်ဖိုးများအကြား လွန်ဆွဲမှု

## အကြိုပြင်ဆင်ခန်းစာ

- တစ်တန်းလုံးအနေဖြင့် မေးခွန်းများကို ဆွေးနွေးပေးပါ။
- အောက်ပါပုံကို ကျောက်သင်ပုန်းပေါ်တွင် ဆွဲပေးပါ။

## ဖတ်ရန်

- စာပိုဒ်ကို ဖတ်ရှုစေပါ။
- လူမှုရေးဆိုင်ရာ အကျပ်အတည်းများသည် ကိုင်တွယ်ရန် ခက်ခဲပြီး ၎င်းတို့ကို အဖြေရှာရာ၌ ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ရသည်။ ဥပမာအားဖြင့် ဆင်းရဲသည့် လူမှုအသိုင်းအဝိုင်းများအတွက် ထင်းမီးသွေးတို့ကို အဓိကလောင်စာအဖြစ် သုံးကြရသည် ဖြစ်သော်လည်း တစ်ဖက်က ကြည့်ပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။



## လုပ်ငန်းများ

- တစ်ယောက်ခြင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ဖော်ပြပါ ‘လူမှုရေးဆိုင်ရာ အကျပ်အတည်း’ များကို တစ်ဖက်တွင်ရှိသည့် အကိုက်ညီဆုံး အဖြေနှင့် တွဲဖက်စေပါ။

**အဖြေများ**

၁။ ခ

၂။ က

၃။ ဃ

၄။ င

၅။ စ

၆။ ဂ

၇။ ဆ

၈။ ဇ

## လုပ်ငန်းများ

- အောက်ပါဥပမာကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

  အစိုးရသည် 'ရုပ်ရှင်ရုံအတွင်း ဆေးလိပ်မသောက်ရ ဟူသော ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ လူအချို့က ထိုဥပဒေကို အလေးအနက်မထားဘဲ ရုပ်ရှင်ရုံထဲတွင် ဆေးလိပ်သောက်မြဲ သောက်နေသည်။

- ထိုဖော်ပြပါ ဥပမာက မည်သည့် လူမှုအကျပ်အတည်းတို့နှင့် ကိုက်ညီသည်ကို ဆွေးနွေးစေပါ။

**အဖြေများ**

၁၊ ၂၊ ၄။

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါဖြစ်ရပ်တို့ကို သက်ဆိုင်ရာ 'လူမှုအကျပ်အတည်း' များနှင့် တွဲဖက်စေပါ။
- အဖြေများ

က။ ၄၊ ခ။ ၈၊ ဂ။ ၃၊ ဃ။ ၅၊ င။ ၇၊ စ။ ၆

## အပိုအိုင်ဒီယာ

အဖွဲ့များ ဖွဲ့ပေးပါ။ ထို့နောက် အဖွဲ့တစ်ဖွဲ့လျှင် 'လူမှုအကျပ်အတည်း' တစ်ခုစီအတွက် တာဝန်ယူစေပါ။

အဖွဲ့လိုက်အနေဖြင့် မိမိတို့တာဝန်ယူထားသော 'လူမှုအကျပ်အတည်း' များနှင့် ကိုက်ညီမည့် ဖြစ်ရပ်ဥပမာများကို စဉ်းစားဖော်ထုတ်စေပါ။ ကျောင်းသားတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို ဖော်ပြပါရှိနိုင်သည်။ ထိုသို့ ဖော်ပြရာတွင်လည်း ပါဝင်သက်ဆိုင်သူတိုင်း၏ အမြင်များကို ထည့်သွင်း စဉ်းစားကြရမည်ဖြစ်သည်။

ထို့နောက် ထိုဖြစ်ရပ်တို့ကို အခြားသော အဖွဲ့များထံသို့ တင်ပြဆွေးနွေးစေပါ။

ထိုဖြစ်ရပ်များ၊ လူမှုအကျပ်အတည်းများအတွက် ကျောင်းသားတို့အနေဖြင့် မည်သည့်ဘက်က ရပ်တည်ပေးနိုင်သည်ကို ဆွေးနွေးစေပါ။

## လုပ်ငန်းများ

၁။ ရှေ့တွင် ဆောင်ရွက်ခဲ့သည့် အဖွဲ့နှင့်အတူ ကျောင်းသားတို့ လူ့အဖွဲ့အစည်းအတွင်း ရင်ဆိုင်နေရသည့် လူမှုအကျပ်အတည်းများကို ဆွေးနွေး အဖြေရှာစေပါ။

၂။ ၎င်းတို့ကို စိုးရိမ်ဖွယ်အဆင့်အလိုက် သတ်မှတ်စေပါ။

၃။ ထိုအကျပ်အတည်းတို့က မိမိတို့ တိုင်းပြည်နှင့် လူ့အဖွဲ့အစည်းအတွင်း အတွေ့ရများ၊ မများ ဆန်းစစ်စေပါ။

၄။ ထို့နောက် စိုးရိမ်ဖွယ်အကောင်းဆုံး 'လူမှုအကျပ်အတည်း' တစ်ရပ်ကို ဖော်ပြစေပြီး ထိုအကျပ်အတည်းတွင် မည်သူတို့ ပါဝင်နေသည်၊ မည်သို့သော နည်းစနစ်များသုံး၍ ထိုအကျပ်အတည်းကို ဖြေပေးနိုင်မည် စသည်တို့ကို သုံးသပ်စေပါ။

**အောက်ပါ လူမှုအကျပ်အတည်းတို့ကို ကျောင်းသားများ ဆွေးနွေးရွေးချယ်နိုင်သည်။**

» **တစ်ဦးခြင်း၏ ယုံကြည်မှုနှင့် လူအများအုပ်စိုးမှု** – လွတ်လပ်စွာ ဖန်တီးနေထိုင်နိုင်မှု၊ မျိုးနွယ်စုများကို စောင့်ရှောက်ပေးခြင်း၊ လွတ်လပ်သော လူမှုဘဝ ထူထောင်ခြင်း။

» **တရားဥပဒေစိုးမိုးရေးနှင့် ဆန့်ကျင်သဘောထား ကွဲလွဲပိုင်ခွင့်** – ဆန္ဒပြပွဲများ၊ စုဝေးခွင့်၊ ဆန့်ကျင်ခွင့်။

» **ယဉ်ကျေးမှုထွေပြားခြင်းကို လက်ခံနိုင်မှုနှင့် ယဉ်ကျေးမှု တစ်သားတည်းဖြစ်မှု** – ဘာသာရေး အသင်းအဖွဲ့များနှင့် လုပ်ငန်းဆောင်တာများ၊ တိုင်းရင်းသား လူမျိုးစုများ။

» **လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးများနှင့် အများလူထုအန္တရာယ် ကင်းဝေးစေမှု** – ကူးစက်ရောဂါများ၊ အဓမ္မမှုများ။

» **သဘာဝအရင်းအမြစ်များအား အသုံးပြုမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု** – ရေရှည်အကျိုးစီးပွား ခံစားနိုင်မည့် စိုက်ပျိုးမွေးမြူရေး၊ တွင်းထွက် ပစ္စည်းများ။

» **ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် အမျိုးသား စီးပွားရေး** – ဂလိုဘယ်လိုက်ဇေးရှင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ အစုအစပ် ကုမ္ပဏီများ၊ ပြည့်မီ ကုန်ပစ္စည်းများ တင်သွင်းမှုများ။

» **ဒေသန္တရစီမံပိုင်ခွင့်နှင့် ပြည်ထောင်စု အုပ်ချုပ်ရေး** – ဖက်ဒရယ်ဝါဒ။

» **ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် ပြည်သူတိုင်း၏ သတင်းအချက်အလက်ရပိုင်ခွင့်** – ခြစားမှု တိုက်ဖျက်ရေး၊ လိင်ပိုင်းဆိုင်ရာ ဖိနှိပ်စော်ကားမှု၊ ပြစ်မှုမှတ်တမ်း။

### ဆွေးနွေးချက်

- လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း သဟဇာတမဖြစ်ပါက မည်သည့်ပြဿနာများ ကြုံတွေ့နိုင်သည်ကို ကျောင်းသားများ ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

ဆန္ဒပြပွဲများ၊ ခေါင်းဆောင်အပြောင်းအလဲများ၊ လူမှုပဋိပက္ခများ၊ ရန်ပွဲများ၊ စစ်ပွဲများ။

## ၂၈ါ လူ့အဖွဲ့အစည်းနှင့် ခေါင်းဆောင်မှု

### အကြိုသင်ခန်းစာ

- 'ခေါင်းဆောင်ကောင်း' တစ်ဦးတွင် ရှိအပ်သည့် အရည်အသွေးများကို ဆွေးနွေးစေပါ။

### ဖတ်ရန်

- စာပုဒ်ကို ဖတ်ရှုစေပါ။

### လုပ်ငန်းများ

- ဖော်ပြပါ ဇယား (က) မှ ရာထူးတာဝန်များကို ကြည့်ပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။

### လုပ်ငန်းများ

- ဇယားကွက် (ခ) ထဲရှိ လူ့အဖွဲ့အစည်းဆိုင်ရာ အခန်းကဏ္ဍများနှင့် ဇယားကွက် (က) ပါ ရာထူး တာဝန်များ တွဲစပ်စေပါ။

### နီးစပ်သော အဖြေများ

» ကြားနေဖြေရှင်းပေးခြင်း – နိုင်ငံရေးလှုပ်ရှားသူ၊ ကျေးလက် ကျန်းမာရေးဝန်ထမ်း၊ ရဲ။

» စေ့စပ်ညှိနှိုင်းပေးခြင်း – တရားသူကြီး၊

» အမျှော်အမြင်ရှိခြင်း – နိုင်ငံရေးခေါင်းဆောင်များ၊

» စိတ်ဓာတ်မြှင့်တင်ပေးခြင်း – လက်သည်ဆရာမ၊ ကျောင်းဆရာ၊

» စီမံခန့်ခွဲတတ်ခြင်း – မန်နေဂျာ၊

» ဝေဖန်အကြံပြုတတ်ခြင်း – ဘာသာရေးခေါင်းဆောင်၊ ကျောင်းဆရာ၊ ကျန်းမာရေး ဝန်ထမ်း၊

» စွန့်ဦးလုပ်ဆောင်ခြင်း – ဂျာနယ်လစ်၊ ပညာရှင် – ဆေးဝါးကျွမ်းကျင်သူ

### ဆွေးနွေးချက်

- ကျောင်းသားတို့အား ဖော်ပြပါ အခန်းကဏ္ဍများ၊ အရည်အချင်းများနှင့် ပင်ကိုယ်စရိုက်လက္ခဏာများတွင် မည်သည်တို့က ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရန် အရေးပါဆုံးဖြစ်သည်ကို ဆွေးနွေးစေပါ။

### အပိုအိုင်ဒီယာ

တစ်ယောက်ခြင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ခေါင်းဆောင်ကောင်းတစ်ဦး၏ အရည်အချင်းများကို ရေးသားစေပြီး စာသင်ခန်းနံရံတွင် ချိတ်ဆွဲဖော်ပြစေပါ။ ထို့နောက် အခြားသူတို့၏ ရေးသားချက်များကို လှည့်လည်ဖတ်ရှုစေပါ။

## ၂.၆.၁ ခေါင်းဆောင်မှုပုံစံများ

### အကြိုသင်ခန်းစာ

- အဖွဲ့များ ဖွဲ့ပေးပြီး မည်သို့သော ခေါင်းဆောင်မှု ပုံစံကို လေးစားသဘောကျသည်ကို ဆွေးနွေးစေပါ။ အဘယ်ကြောင့် ဆိုသည်ကိုပါ ဖော်ပြစေပါ။
- ထိုဆွေးနွေးချက်တို့ကို အခြားကျောင်းသားများထံ တင်ပြရှင်းလင်းစေပါ။

### ဖတ်ရန်

- စာပိုဒ်ပါ ရေးသားဖော်ပြချက်တို့နှင့် ဖြစ်ရပ် လေ့လာချက်တို့ကို ဖတ်ရှုစေပါ။

## လုပ်ငန်းများ

- ကျောင်းသားတို့အား ဖော်ပြပါ 'ခေါင်းဆောင်မှု အညွှန်းပြမျဉ်း' ကို လေ့လာကြည့်ရှုစေပါ။ မည်သည်တို့ ဖော်ပြပါရှိသည်ကို မေးမြန်းပေးပါ။

### အဖြေ

ဖော်ပြပါ အညွှန်းပြမျဉ်းသည် အာဏာရှင်စနစ်နှင့် အများဆန္ဒအတိုင်း ခေါင်းဆောင်မှု နှစ်ရပ်တို့၏ ကွဲပြားမှုကို ဖော်ပြထားခြင်းဖြစ်သည်။

၁။ အဖွဲ့များ ဖွဲ့ပေးပြီး ကျောင်းသားတို့ သိသည့် ခေါင်းဆောင် ၅ ယောက် အမည်ကို ချရေးစေပါ။

၂။ ထို့နောက် ထိုခေါင်းဆောင်များ၏ ခေါင်းဆောင်မှုကို ဖော်ပြပါ 'ခေါင်းဆောင်မှု အညွှန်းပြမျဉ်း' တွင် နေရာချစေပါ။

၃။ အာဏာရှင်စနစ် ကျင့်သုံးသည့် ခေါင်းဆောင်မှုများနှင့် ပြည်သူ့အလိုကျ ခေါင်းဆောင်မှုတို့၏ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးစေပါ။

### နီးစပ်သော အဖြေများ

### အာဏာရှင်စနစ် – အားသာချက်များ

ဦးတည်ချက်၊ လုပ်ဆောင်ချက် ရှင်းလင်းသည်။ ခေါင်းဆောင်မှု ခွဲဝေရာတွင် ရှင်းလင်းမှုရှိသည်။ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ချက်ချနိုင်သည်။

### အာဏာရှင်စနစ် – အားနည်းချက်များ

အာဏာလက်ကိုင်ထား သူတို့၏ အဆုံးအဖြတ်များသည် ဆန်းသစ်မှု လျော့နည်းသည်။ အများအမြင် ကိုယ်စားပြုနိုင်ရန် ခဲယဉ်းသည်။ ဤခေါင်းဆောင်မှု စနစ်သည်ကို လိုသည်ထက် ပိုမိုကျင့်ကြံပါက ဖိနှိပ်ချုပ်ခြယ်မှုများ၊ အာဏာအလွဲသုံးစားမှုများ ပေါ်ပေါက်နိုင်သည်။

### အများဆန္ဒအတိုင်း ခေါင်းဆောင်မှု– အားသာချက်များ

ခေါင်းဆောင်ဖြစ်သူတို့က ထိန်းကြောင်းကွပ်ကဲသော နည်းဖြင့် အုပ်ချုပ်တတ်ကြပြီး အဖွဲ့ဝင်တိုင်း၏ အမြင်သဘောထားတို့ကို လေးစားလက်ခံပေးသည်။ အဖွဲ့ဝင်တို့၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်သည်။

### အများဆန္ဒအတိုင်း ခေါင်းဆောင်မှု – အားနည်းချက်များ

တာဝန်ခွဲဝေရာတွင် ရှင်းလင်းမှု မရှိတတ်ဘဲ လုပ်ဆောင်ချက်များသည် ပရမ်းပတာ ဖြစ်စေနိုင်သည်။ ဆုံးဖြတ်ချက်ချရာတွင် နှောင့်နှေးကြန့်ကြာနိုင်သည်။

### ဆွေးနွေးချက်

- နှစ်ယောက်တစ်တွဲ တွဲပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

၁။ ဆုံးဖြတ်ချက် မြန်မြန်ချနိုင်ခြင်း၊ အာဏာရှင်ဆန်သော ခေါင်းဆောင်တစ်ယောက်သည် နောက်လိုက်များထံမှ အကြံဉာဏ်များ မတောင်းခံသည့်အလျောက် အချိန်ကုန် သက်သာသည်။

၂။ အားလုံးအား ညီမျှစွာ ဆက်ဆံသည်။ မျှတသော ခေါင်းဆောင်သည် သစ္စာခံသောသူပိုများ၍ အောင်မြင်မှု တာရှည်ခံသည်။

၃။ မျှတသော ဆုံးဖြတ်ချက်သည် အချိန်ကြာမြင့်၍ လျင်မြန်သော ဆုံးဖြတ်ချက်က တရားမျှတမှု နည်းတတ်သည်။

## ၂.၇ လူ့အဖွဲ့အစည်းဆိုင်ရာ စည်းကမ်းများနှင့် ဥပဒေများ

### အကြံပြုသင်ခန်းစာ

- လူ့အဖွဲ့အစည်းဆိုင်ရာ စည်းကမ်းများနှင့် ဥပဒေ တို့ကြား ကွဲပြားချက်ကို ဆွေးနွေးစေပါ။
- စာပိုဒ်အား ဖတ်ရှုစေပြီး ကျောင်းသားတို့ ဆွေးနွေးခဲ့သည်တို့ကို ပြန်လည်ဆန်းစစ်စေပါ။

### နီးစပ်သော အဖြေများ

ဥပဒေများသည် အစိုးရတစ်ရပ်ရပ်က ရေးဆွဲသတ်မှတ်ထားခြင်း ဖြစ်သည်။ စည်းကမ်းများမှာမူ ရေးဆွဲသတ်မှတ်ထားချက်များ မဟုတ်ကြဘဲ အစဉ်အဆက် ကျင့်ဆောင်ဖွယ်ရာများ ဖြစ်ကြပေသည်။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

- ဖော်ပြပါ အဆိုတို့ကို ဖတ်၍ မည်သည့် စည်းကမ်း ဖြစ်သည်၊ မည်သည့် ဥပဒေဖြစ်သည်ကို ခွဲခြားပေးပါ။

### အဖြေများ

၁။ စည်းကမ်း

၂။ စည်းကမ်း (အချို့နိုင်ငံတို့တွင် ဥပဒေတစ်ရပ်အဖြစ် သတ်မှတ်နိုင်)

၃။ စည်းကမ်း

၄။ ဥပဒေ

၅။ ဥပဒေ

## ၂.၇.၁ ဥပဒေတစ်ရပ် ဆိုသည်မှာ အဘယ်နည်း

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

**နီးစပ်သော အဖြေများ**

၁။ ကျောင်းသားတိုင်း ပညာတတ်မြောက်ကြစေရန်၊
၂။ ပတ်ဝန်းကျင် သန့်ရှင်းစေရန်၊
၃။ ကလေးငယ်လေးများ ဘေးအန္တရာယ် မကျရောက်စေရန်၊
၄။ ဆိုင်ကယ်စီးသူများ ထိခိုက်ဒဏ်ရာရမှုမှ ကင်းဝေးနိုင်ရန်၊
၅။ ယာဉ်တိုက်မှု အန္တရာယ် ကင်းဝေးစေရန်။

## ၂.၇.၂ စည်းကမ်းသတ်မှတ်ချက်များ နှင့် ဥပဒေများကို သရုပ်ခွဲ လေ့လာခြင်း

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လုပ်ငန်းများ

- အဖွဲ့များ ဖွဲ့ပေးပြီး ခရီးသွားဧည့်သည်များ လိုက်နာအပ်သည့် အကြံပြုချက်တို့ကို ရေးဆွဲစေပါ။
- ထိုသို့ရေးဆွဲရာတွင် ဒေသခံတို့၏ ရိုးရာဓလေ့ကို ထည့်သွင်းသိရှိစေရမည်ဖြစ်သည်။ ဥပမာ –
  - » ဦးခေါင်းကို မပွတ်သပ်ရန်၊
  - » ဘုရားစေတီတို့ကို ဖိနပ်စီးပြီး မတက်ရန်၊
  - » အမျိုးသမီးများအနေဖြင့် ရဟန်းသံဃာများဘေးတွင် မထိုင်မိစေရန်၊
  - » ပုဆိုးလုံချည်တို့ကို အများမြင်သာသော နေရာတွင် ဝတ်ဆင်ခြင်း မပြုရန်။
- ထိုသို့သော ပြုစုထားချက်များကို စာသင်ခန်းနံရံတွင် ကပ်ထားစေပြီး အခြားသူတို့ ရေးဆွဲထားသည်တို့ကိုပါ လှည့်လည်ကြည့်ရှုစေပါ။
- နားမလည်သည့် အချက်များရှိပါက ပြုစုခဲ့သည့် မူရင်းအဖွဲ့ကို ရှင်းပြစေပါ။

### နီးစပ်သော အဖြေများ

### မြန်မာ့အလှသဘာဝတို့ကို ခံစားနိုင်ကြစေရန်

ဥပမာ – နိုင်ငံခြားသားများ ဒေသခံဘာသာစကားတို့ကို တတ်မြောက်ထားခြင်းဖြင့် ဒေသခံတို့၏ အကြောင်းကို ပိုမိုလေ့လာသိရှိနိုင်သည်။ စကားပြောရာတွင်မူ ဖြည်းဖြည်းနှင့် မှန်မှန်ပြောသင့်သည်။

### တစ်ဦးနှင့်တစ်ဦး ပျူငှာယဉ်ကျေးစွာ ဆက်ဆံကြရန်

ဥပမာ – နိုင်ငံခြားသားများအနေဖြင့် အသံကျယ်လောင်စွာ ပြောဆိုခြင်း၊ လူအများကြား စိတ်ဒေါသထွက်တတ်ခြင်း တို့ကို ထိန်းချုပ်စောင့်စည်းကြရမည်။

### ဒေသခံတို့အတွက် အကျိုးစီးပွားတစ်စုံတစ်ရာ ခံစားခွင့်ရအပ်သည်

ဥပမာ – တည်းခိုခန်းများ ကြော်ငြာပေးရာတွင် နိုင်ငံခြားမှ ဖွင့်လှစ်ထားသော ဟော်တယ်ကြီးများအပြင် ဒေသတွင်း သက်သက်သာသာ တည်းခိုနိုင်သည့် နေရာများ၊ ဒေသခံ ဟော်တယ်များကိုပါ ကြော်ငြာသိရှိစေအပ်သည်။

### တစ်ဦးနှင့်တစ်ဦး ခေါင်းပုံဖြတ်လုပ်ရပ်များကို ရှောင်ရှားကြရမည်

ဥပမာ – သင့်တင့်သည့် ခရီးသွားလာစရိတ် ကောက်ခံခြင်း၊ ကလေးလုပ်သား အသုံးပြုထားသည့် ထွက်ကုန်များကို အားမပေးသင့်ခြင်း။

### ဒေသခံများက ခရီးသွားတို့ကို ကူညီစောင့်ရှောက် ပေးရမည်

ဥပမာ – သင့်တင့်သည့် သယ်ယူပို့ဆောင်စရိတ်၊ တည်းခိုစရိတ်တို့ကိုသာ တောင်းခံရမည် ဖြစ်သည်။

### မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ကို ခရီးသွားများ နားလည်သိမြင်နိုင်စေရန် ကူညီသင်ပြပေးခြင်း

ဥပမာ – ကျောင်းကန်ပုထိုးများ သွားရာတွင် ဖိနပ်ချွတ်ပြီး မှသာ ဝင်ရောက်ပူဇော်ခြင်း၊ လူကြီးသူမတို့ကို ရိုသေသမှု ပြုခြင်း။

## ဖတ်ရန်

- စာမျက်နှာ (၄၇) ပါ ဖော်ပြပါရှိချက်တို့မှ လူ့အဖွဲ့အစည်းအတွင်း ဥပဒေတို့၏ 'မျှတမှု၊ အသုံးဝင်မှု၊ လိုအပ်မှု' အစရှိသည့် ဝေါဟာရတို့၏ အနက်ကို ဖော်ထုတ်စေပါ။

  – မျှတမှု – ညီညွတ်မျှတမှုရှိခြင်း၊ ဘက်မလိုက်ခြင်း၊ တစ်သားတည်း ဆက်ဆံခြင်း။ (ထိုဥပဒေတို့သည် လူမှုအဖွဲ့အစည်းဝင်တိုင်းအတွက် ရပ်တည်ပေး၊ မပေး ဆန်းစစ်ရမည်။)

  – အသုံးဝင်မှု – တန်ဖိုးတစ်စုံတစ်ရာရှိခြင်း၊ လက်တွေ့ အသုံးဝင်ခြင်း။ (ဥပဒေတို့၏ ထိရောက်မှု အတိုင်းအတာကို စစ်ဆေးရသည်။)

  – လိုအပ်မှု – အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရမည်။ (ဥပဒေကျင့်သုံးနိုင်ရန် လိုအပ်မှုရှိ၊ မရှိဆိုသော ပြဿနာ အရင်းအမြစ်ကိုဦးစွာ စစ်ဆေးရမည်။)

## လုပ်ငန်းများ

ကျောင်းသားတို့အား ဥပဒေ (၁) ကို ဖတ်ရှုစေပါ။ ထိုဥပဒေ၏ ရည်ရွယ်ချက်ကို ဖော်ထုတ်ပြီး ၎င်း၏ 'မျှတမှု၊ အသုံးဝင်မှု၊ လိုအပ်မှု' တို့ကို တွက်ထုတ်စေပါ။

### နီးစပ်သော အဖြေများ

**ရည်ရွယ်ချက်** – မတော်တဆထိခိုက်မှုများကို ကာကွယ်ရန်

**မျှတမှု** – ရှိ။ လူတိုင်းအပေါ် သက်ရောက်မှုရှိသည်။

**အသုံးဝင်မှု** – ရှိ။ ယာဉ်ထိခိုက်မှု ဘေးအန္တရာယ်တို့ကို လျှော့ချပေးသည်။

**လိုအပ်မှု** – လူကူးမျဉ်းကြား သတ်မှတ်ပေးသင့်က သတ်မှတ်ပေးရမည်။ ဥပမာ – ယာဉ်တိုက်မှု အဖြစ်များသည့် နေရာ၊ စာသင်ကျောင်းအနီး လမ်းမကြီး။

- အဖွဲ့များ ဖွဲ့ပေးပြီး ထိုဥပဒေများအတွက် ဇယားတစ်ရပ် ပြုစုစေပါ။ ဥပဒေတစ်ခုစီအတွက် 'ရည်ရွယ်ချက်' နှင့် 'မျှတမှု၊ အသုံးဝင်မှု၊ လိုအပ်မှု' တို့ကို ဖော်ထုတ်စေပါ။ ထိုသို့ဖြေဆိုရာတွင် မှားသည် မှန်သည်ကို ဂရုမမူကြစေရန် အသိပေးပါ။

### နီးစပ်သော အဖြေများ

၂။ **ရည်ရွယ်ချက်** – မြို့တော်စည်ပင်သန့်ရှင်းရေး

**မျှတမှု** – ရှိ။ လူတိုင်းအပေါ် သက်ရောက်မှုရှိသည်

**အသုံးဝင်မှု** – ရှိ။ သတ်မှတ်အကောင်အထည်ဖော်ရန် ခက်ခဲမည်။

**လိုအပ်မှု** – ရှိ။ ရောဂါများကို ကာကွယ်ပေးနိုင်မည်။

၃။ **ရည်ရွယ်ချက်** – စားပြီးသား ပီကေများကို လမ်းများ၊ ခုံများပေါ်တွင် ကပ်မထားကြစေရန်

**မျှတမှု** – ရှိနိုင်သည်။ သို့ရာတွင် ပီကေထုတ်လုပ်ရောင်းချသည့် စီးပွားရေးနှင့် ပီကေသုံးစွဲသူများကို ထိခိုက်စေနိုင်သည်။

**အသုံးဝင်မှု** – ရှိနိုင်သည်။ ဈေးဆိုင်ခန်းတို့တွင် ပီကေရောင်းချမှုကို တားမြစ်ကန့်သတ်နိုင်သည်။

**လိုအပ်မှု** – ရှိနိုင်သည်။ စနစ်တကျ စွန့်ပစ်ထားမှုမရှိသည့် ပီကေများက စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဥပဒေသတ်မှတ်ထားသင့်သည်။

၄။ **ရည်ရွယ်ချက်** – ခွဲခြားဆက်ဆံခြင်းကို ကာကွယ်ရန်

**မျှတမှု** – လူတိုင်းအပေါ် သက်ရောက်မှုရှိသည်။

**အသုံးဝင်မှု** – ရှိနိုင်သည်။ သို့ရာတွင် အလုပ်ရှင်အနေဖြင့် လျှောက်လွှာတင်သွင်းသူ၏ ကိုယ်ရေးရာဇဝင် စစ်ဆေးရာတွင် အခက်အခဲတွေ့စေနိုင်သည်။

**လိုအပ်မှု** –အရည်အသွေးရှိသူတိုင်း အလုပ်အင်တာဗျူး ဖြေဆိုခွင့်ရရှိစေနိုင်ရေးအတွက် ထိုဥပဒေသတ်မှတ်ထားသင့်သည်။

၅။ **ရည်ရွယ်ချက်** – ကလေးငယ်လေးများ၏ အရွယ်မရောက်ဘဲ ထိမ်းမြားလက်ထပ်မှုမှ ကာကွယ်ရန်။

**မျှတမှု** – လူတိုင်းအပေါ် သက်ရောက်မှုရှိသည်။

**အသုံးဝင်မှု** – လက်ထပ်မှုပြုရာတွင် လုပ်ထုံးလုပ်နည်းအရ မှတ်ပုံတင်ရခြင်းက ဥပဒေသက်ရောက်အောင် ထောက်ကူပေးနိုင်သည်။

**လိုအပ်မှု** – အရွယ်မရောက်သေးဘဲ လက်ထက်မှုများက ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ပြဿနာများဖိတ်ခေါ်ရာရောက်၍ ဤဥပဒေကို ပြဋ္ဌာန်းရန် လိုအပ်သည်။

၆။ **ရည်ရွယ်ချက်** – အလွန်အကျွံ ငါးများခြင်းမှ ကာကွယ်ရန်။

**မျှတမှု** – လိုင်စင်ရရန် အကုန်အကျများမည် ဆိုပါက အချို့သူများအတွက် မျှတမှုရှိမည် မဟုတ်ချေ။

**အသုံးဝင်မှု** – လက်တွေ့အကောင်အထည်ဖော်ရန် ခက်ခဲသည်။

**လိုအပ်မှု** – ငါးမျိုးတုန်းမည့် အန္တရာယ်မှ ကာကွယ်ရန် ဤဥပဒေကို အသုံးပြုအပ်သည်။

၇။ **ရည်ရွယ်ချက်** – စိတ်ရောဂါခံစားနေသူတို့အား ကာကွယ်ပေးရန်။

**မျှတမှု** – ရောဂါဝေဒနာအခြေအနေကို သတိမူရမည်။

**အသုံးဝင်မှု** – လက်တွေ့အသုံးချရန် မဖြစ်နိုင်။

**လိုအပ်မှု** – လက်တွေ့ကျင့်သုံးရန် မဖြစ်နိုင်သည့်အတွက် လိုအပ်မှုမှာလည်း မေးခွန်းထုတ်စရာဖြစ်သည်။ တစ်ဖက်က ကြည့်လျှင်လည်း သေကြောင်းကြံစည်ပြီးသားပုဂ္ဂိုလ်ကို အပြစ်တစ်စုံတစ်ရာပေးရန်မှာ လက်တွေ့တွင် မဖြစ်နိုင်ချေ။

၈။ **ရည်ရွယ်ချက် – လူငယ်များ မူးယစ်သောက်စားခြင်း ကင်းဝေးစေရန်**

**မျှတမှု** – လူငယ်တိုင်းအပေါ် သက်ရောက်မှုရှိသည်။

**အသုံးဝင်မှု** – လက်တွေ့ချမှတ် ကျင့်သုံးနိုင်ရန် ခက်ခဲသည်။

**လိုအပ်မှု** – အရက်သေစာကြောင့် ဒုစရိုက်မှုများ၊ ပရမ်းပတာလုပ်ရပ်များ ပေါ်ပေါက်နိုင်သည်ဖြစ်၍ ထိန်းချုပ်ကန့်သတ်သင့်သည်။

## လုပ်ငန်းများ

- အဖွဲ့များ ဖွဲ့ပေးပြီး အဖွဲ့တစ်ဖွဲ့စီသည် ဇယားပါ အခန်းကဏ္ဍ (၃) ရပ်ကို တာဝန်ယူစေပါ။ တစ်ဖွဲ့နှင့် တစ်ဖွဲ့ တူညီသော အခန်းကဏ္ဍများ မရွေးချယ်နိုင်စေရန်လည်း ကြပ်မတ်ပေးပါ။
- အဖွဲ့အနေဖြင့် ရွေးချယ်ထားသည့် ဥပဒေတစ်ရပ်စီအတွက် ရည်ရွယ်ချက်များ ချမှတ်ပေးပြီး ထိုဥပဒေတို့၏ မျှတမှု၊ လိုအပ်မှု၊ အသုံးဝင်မှု ရှိ၊ မရှိကိုပါ ဂရုပြုရေးဆွဲစေပါ။
- ဥပဒေမူကြမ်းတို့ကို ရေးဆွဲပြီးပါက အဖွဲ့လိုက် ဆွေးနွေးတင်ပြစေပါ။
- ဖြစ်နိုင်လျှင် ထိုဥပဒေတို့ကို စာသင်ခန်းနံရံတွင် ကပ်စေပြီး လှည့်လည်ကြည့်ရှုစေပါ။

### ဆွေးနွေးချက်

- ဖော်ပြပါ မေးခွန်းကို ကျောင်းသားတို့နှင့် ဆွေးနွေး ပေးပါ။

### နီးစပ်သော အဖြေများ

စည်းမျဉ်း၊ ဥပဒေများကို သိရှိထားပါက နိုင်ငံသားများ အနေဖြင့် လူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများ၊ ဥပဒေလုပ်ထုံးလုပ်နည်းတို့ကို သိမြင်နားလည်နိုင်ပြီး စည်းမဲ့ဘောင်မဲ့လုပ်ရပ်များကို ကန့်ကွက်ထောက်ပြနိုင်ကြမည်ဖြစ်သည်။

## ၂.၇.၃ တရားရှိ ဥပဒေနှင့် တရားမဲ့ ဥပဒေများ

### အကြိုသင်ခန်းစာ

- ကျောင်းသားတို့ သိရှိထားသည့် ဥပဒေများထဲမှ သဘောထားမတိုက်ဆိုင်သော ဥပဒေများရှိ၊ မရှိကို ဆန်းစစ်စေပါ။ ကျောင်းသားတို့၏ အယူအဆများကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။
- အဘယ်ကြောင့် သဘောထားမတိုက်ဆိုင်ရသည်ကိုပါ ဆွေးနွေးမေးမြန်းပါ။ မျှတမှု မရှိခြင်းကြောင့်လော။ ထိရောက်မှု မရှိခြင်းကြောင့်လော။ လိုအပ်ချက်နှင့် မကိုက်ညီ၍လော။

### ဖတ်ရန်

- (၂.၇.၃) ပါ တင်ပြထားချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။
- 'တရားရှိခြင်း'၊ 'တရားမဲ့ခြင်း' တို့၏ အနက်ကို ကျောင်းသားများ မည်သို့ သဘောပေါက် လက်ခံထား သည်ကို မေးမြန်းပေးပါ။

တရားရှိခြင်း – ကျင့်ဝတ်အတိုင်း လိုက်နာကျင့်ကြံပြီး လွတ်လပ်မျှတမှုကို မြတ်နိုးသည့် စိတ်ဓာတ်ကို အခြေခံ ထားသည်။

### လုပ်ငန်းများ

၁။ အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ ဥပဒေတို့ကို ဆန်းစစ်၍ မျှတမှုရှိသည်၊ မရှိသည်ကို ဆုံးဖြတ်စေပါ။

### နီးစပ်သော အဖြေများ

၁။ တရားမျှတမှု မရှိပါ။ ၊ အဘယ်ကြောင့်ဆိုသော် မတူညီသော လူမျိုးစုများမှ ပါတီဖွဲ့ခြင်းကို ဖိနှိပ်ထားပြီး ခွဲခြားဆက်ဆံမှုကို အားပေးရာရောက်၍ဖြစ်သည်။

၂။ တရားမျှတပါသည်။ အဘယ်ကြောင့်ဆိုသော် လူနည်းစုများအပေါ် အကြမ်းဖက်မှု၊ မုန်းတီးမှုများမှ ကာကွယ်ပေးသည်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို ပိတ်ပင်ရာရောက်၍ တရားမျှတမှု မရှိဟုလည်း ယူဆနိုင်သည်။

၃။ တရားမျှတမှု မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဆားကို ပြည်သူများ ကိုယ်တိုင်ထုတ်လုပ်ခွင့် မရကြဘဲ ဝယ်စားကြရမည် ဖြစ်သောကြောင့် ဆင်းရဲသားများကို အနိုင်ကျင့်ရာရောက်သည်။

၄။ တရားမျှတမှု မရှိပါ။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ပိတ်ပင်ရာ ရောက်ပြီး မိသားစုဆိုင်ရာ ကျင့်ထုံးများကို ဖောက်ဖျက်ရာ ရောက်သည်။

၅။ တရားမျှတမှု မရှိပါ။ အဘယ်ကြောင့်ဆိုသော် အစိုးရအနေဖြင့် လူတစ်ဦးတစ်ယောက်အား အပြစ်မရှိဘဲ ဖမ်းဆီးထောင်ချနိုင်ပြီး လူ့အခွင့်အရေး တို့ကို ချိုးဖောက်ရာ ရောက်ပေသည်။

၂။ ထိုဥပဒေများထဲမှ တစ်ခုကို ရွေးချယ်ပြီး ၊ ရွေးချယ်ထား သည့် ဥပဒေအပေါ် ထင်မြင်ယူဆချက်များအကြောင်း အတန်းသားများထံ ဆွေးနွေးတင်ပြစေပါ။

- ထိုဥပဒေသည် တရားမျှတမှုရှိ၊ မရှိနှင့် မည်သည့် အကြောင်းကြောင့် ထိုသို့ ဆုံးဖြတ်ရသည်ကိုပါ ဖော်ပြပါ ရှိပါစေ။

### ဆွေးနွေးချက်

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ အဆိုအမိန့်ကို ဆွေးနွေးစေပါ။ ရှေ့တွင် လေ့လာခဲ့သည် ဥပဒေဆိုင်ရာ သင်ခန်းစာများနှင့် ဆက်စပ်စဉ်းစားစေပါ။

### နီးစပ်သော အဖြေများ

### ဆန့်ကျင်သော အဆို

နိုင်ငံသားများအနေဖြင့် တရားဥပဒေတစ်ရပ်သည် မှန်ကန်သည်ဖြစ်စေ၊ မှားယွင်းသည်ဖြစ်စေ အစဉ် ပုတ်ခက် အထွန့်တက်နေခြင်းသည် လျော်ကန်သည့် အပြုအမူတစ်ရပ် မဟုတ်ချေ။ ထိုသို့ ဥပဒေတိုင်းကို အစဉ်အမြဲ ကန့်လန့်တိုက်နေကြမည်ဆိုပါက လူမှုဘဝတည်ငြိမ်ရေး တည်ထောင်ရာတွင် အခက်အခဲ ဖြစ်နိုင်သည်။

ထိုကဲ့သို့ ဥပဒေများကို ဆန့်ကျင်နေမည့်အစား အခြားသော နည်းများဖြင့် 'မှန်ကန်စနစ်ကျသည့် တရားဥပဒေ' မဏ္ဍိုင်ကို အတူတကွ တည်ဆောက်နိုင်ကြသည်။ (ဥပမာ – မီဒီယာမှ အများပြည်သူကို သိရှိစေခြင်း၊ ဆန္ဒသဘောထားကောက်ခံခြင်း၊ ဥပဒေဘောင်ထဲမှ လှုပ်ရှားခြင်း)

ဥပဒေတစ်ရပ်ကို ချိုးဖောက်ခြင်းသည် တရားမဲ့ လုပ်ရပ်ဟု အမည်တပ်နိုင်ပြီး အခြားသော တရားဥပဒေကို တန်ဖိုးထားသူတို့ကို စော်ကားရာလည်း ရောက်ပေသည်။

ဥပဒေတို့သည် လူမှုဘဝသာယာစိုပြည်ရေးတွင် အဓိက ထောက်တိုင်များ ဖြစ်ကြပြီး တရားဥပဒေ စိုးမိုးရေး၊ ရန်စွယ်အန္တရာယ်တို့မှ ကာကွယ်ပေးနိုင်ခြင်းစသော အကျိုးတရားများ ခံစားရနိုင်ပေသည်။

### ထောက်ခံသော အဆို

လူ့သမိုင်းတစ်လျှောက်တွင် ဖိနှိပ်ခြင်း၊ အဓမ္မကျင့်ခြင်း စသော ရက်စက်မှုများကို ကာကွယ်ပေးထားသည့် တရားမဲ့ ဥပဒေတို့ကို ပယ်ဖျက်နိုင်ခဲ့ကြသည်။ ထို့ကြောင့်လည်း လူမှုအပြောင်းအလဲများ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

ဆန့်ကျင်သူများအနေဖြင့် တရားဥပဒေအတိုင်း ငြိမ်းချမ်းစွာ ထုတ်ဖော်ကြရန် လိုအပ်လှသည်။ အကယ်၍ အစိုးရက ဆန့်ကျင်မှုများကို ဖိနှိပ်လာပါက အခြေအနေ အရ တုံ့ပြန်ကြရမည် ဖြစ်ပေသည်။

အစိုးရ၏ လုပ်ဆောင်ချက်များသည် မှားယွင်းနေသည် ဆိုပါက ထောက်ပြတည့်မတ်ပေးရမည့် တာဝန်မှာ နိုင်ငံသားတို့၏ တာဝန်ပင် ဖြစ်ပေသည်။ ဆန္ဒပြပွဲများ သည် ထိုကဲ့သို့ တည့်မတ်ပေးကြခြင်း၏ လက္ခဏာတစ်ရပ် လည်း ဖြစ်ပေသည်။

အချို့သော တရားမဲ့ အပြုအမူများသည် ကမ္ဘာအနှံ့ ဖြစ်ပွားနေပြီး မီဒီယာတို့က ထိုအဖြစ်အပျက်များကို လူတိုင်းသိမြင်နားလည်အောင် ကူညီပေးသည်။

## ၂.၇.၄ စံတန်ဖိုးများနှင့် တရားဥပဒေတို့ အကြား ဆက်နွှယ်မှု

### အကြိုသင်ခန်းစာ

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

၁။ အစိုးရ၊ စစ်တပ်၊ ရဲ

၂။ နိုင်ငံတည်ဆောက်ရေးတွင် အခြေခံကျသည့် ဥပဒေတို့ကို အတည်ပြုရေးဆွဲထားသည့် တရားဝင် သတ်မှတ်ချက်များဖြစ်သည်။

၃။ နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေတို့သည် ထိုနိုင်ငံသားများ၏ စံတန်ဖိုးစနစ်များကို ထင်ဟပ်လျက်ရှိသည်။ နိုင်ငံတိုင်းတွင် မတူကွဲပြားသည့် ယဉ်ကျေးမှုများ၊ ကိုးကွယ်မှုများ၊ အတွေးအခေါ်များ ပိုင်ဆိုင်ထားကြသည်။ လွတ်လပ်မှုကို အားပေးသည့် လူမှုအဖွဲ့အစည်းများတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဖန်တီးနေထိုင်ခွင့်ကို အသားပေးသည့် ဥပဒေများ သတ်မှတ်ထားကြသည်။ ဂါရဝတရားကို အလေးမူသည့် လူ့အဖွဲ့အစည်းများတွင်မူ လွတ်လပ်မှုထက် စည်းလုံးမှုကို အလေးပေးသည့် ဥပဒေတို့ကို တွေ့မြင်နိုင်သည်။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့နှင့် 'ဖွဲ့စည်းပုံအခြေခံ ဥပဒေ' နိဒါန်းတို့ကို ဖတ်ရှုစေပါ။

### လုပ်ငန်းများ

- 'ဖွဲ့စည်းပုံအခြေခံဥပဒေ' နိဒါန်းကို ဖတ်ရှုစေပါ။ နားမလည်သည်တို့ကို ရှင်းပြပေးပါ။
- ပြည်သူ့အကျိုး အစဉ်တန်ဖိုးထားသည့် အစိုးရများသည် ပြည်သူတို့၏ လိုအပ်ချက်များ၊ တန်ဖိုးများကို အခြေခံဥပဒေတွင် အလေးအနက်ထား ထည့်သွင်းရေးဆွဲတတ်ကြောင်း ရှင်းပြပေးပါ။ (၁.၆) ရှိ 'လူမှုပဋိညာဉ်' သီအိုရီပါ အကြောင်းအရာတို့နှင့် (၂.၆) ပါ လူ့အဖွဲ့အစည်းနှင့် ခေါင်းဆောင်မှုအကြောင်းအရာတို့နှင့် ဆက်စပ်ဆွေးနွေးစေပါ။
- ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခိပ္ပာယ်ဖွင့်ဆိုချက်နှင့် ရည်မှန်းချက်တို့ကို သုံးသပ်ဖတ်ရှုစေပါ။
- အဖွဲ့များ ဖွဲ့ပေးပြီး မေးခွန်းများကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

၁။ အမျိုးသား စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားမျှတမှုရှိခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်း၊ ငြိမ်းချမ်းရေး၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသား အကျိုးစီးပွား။

### လုပ်ငန်းများ

- ကျောင်းသားတို့အား ဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲစေပါ။ ထိုဥပဒေတွင် ကျောင်းသားတို့၏ တန်ဖိုးများ၊ လိုအင်များကို ဖြည့်စွမ်းပေးနိုင်သည့် အချက်များ ထည့်သွင်းပါဝင်ပါစေ။ ရှေ့တွင် သင်ကြားခဲ့ရသည့် ရည်မှန်းချက်များ၊ တန်ဖိုးများ၊ အခွင့်အရေးများကို ပြန်လည်ကြည့်ရှုပြီး လက်တွေ့အသုံးချစေရေး သတိပေးပါ။

## ပြန်လည်သုံးသပ်ချက်

- တစ်တန်းလုံးအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်လိုသည့် ပန်းတိုင်တစ်ရပ်ကို ချမှတ်စေပါ။
- ပန်းတိုင်နှင့် တန်ဖိုးထားမှုများကြား ကွဲပြားချက်ကို သိမြင်သဘောပေါက်ပါစေ။

  ပန်းတိုင်ဆိုသည်မှာ – အများနှင့် အတူတကွ ဆောင်ရွက်ကြိုးပမ်းအပ်သော ရည်မှန်းချက်များ ဖြစ်သည်။

  တန်ဖိုးထားမှုဆိုသည်မှာ – ထိုချမှတ်ထားသည့် ပန်းတိုင်သို့ ရောက်ရှိအောင် ကူညီပံ့ပိုးပေးနိုင်သည့် တွန်းအားဖြစ်သည်။

  ဥပမာ –
  ပန်းတိုင် – ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊
  တန်ဖိုး – တရားဥပဒေ စိုးမိုးရေး၊ တန်းတူညီမျှရေး။

**နီးစပ်သော အဖြေများ**

» နိုင်ငံသားဆိုင်ရာ အသိအတတ်တို့ လူ့အဖွဲ့အစည်းအတွင်း မျှဝေပေးရန်၊
» နိုင်ငံသားဆိုင်ရာ ကျွမ်းကျင်မှုများကို အသုံးချပြီး သာလွန်ကောင်းမွန်သည့် လူ့ဘောင် အဖွဲ့အစည်း တစ်ရပ် တည်ထောင်ပေးရန်။

- တစ်တန်းလုံး အတည်ပြုထားသည့် ပန်းတိုင်တစ်ရပ် ရေးဆွဲပြီးပါက စာသင်ခန်းနံရံတွင် ချိတ်ဆွဲ ဖော်ပြစေပါ။

# အခန်း (၂) ပြန်လည်သုံးသပ်ခြင်း

## နားလည်မှု စစ်ဆေးခြင်း

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

၁။ လူ့အဖွဲ့အစည်းဆိုသည်မှာ တူညီသော စရိုက်လက္ခဏာများဖြင့် ပေါင်းစုထားသည့် လူပုဂ္ဂိုလ် အစုအဖွဲ့တစ်ရပ်ဖြစ်သည်။

၂။ မြို့ပြနေ လူ့အဖွဲ့အစည်း၊ အွန်လိုင်းလူ့အဖွဲ့အစည်း များ၊ ကမ္ဘာ့လူ့အဖွဲ့အစည်း၊ ရွှေ့ပြောင်း လူ့အဖွဲ့အစည်းများ၊ တိုးတက်လာသည့် နည်းပညာများ၊ ဆက်သွယ်ရေး စနစ်များ၊ ရွှေ့ပြောင်း အခြေချမှုများက ကမ္ဘာ့လူ့အဖွဲ့အစည်း တို့ကို ပုံသွင်းပြောင်းလဲပေးလျက်ရှိသည်။ လူမှုအသိုင်းအဝိုင်းတို့သည် ပထဝီဒေသတို့ကို ကျော်လွန်၍ ဖြစ်ထွန်းပေါ်ပေါက်လာကြပြီး အဖွဲ့ဝင်တို့မှာ ကမ္ဘာ့နေရာအနှံ့ ပြန့်နှံ့တည်ရှိနိုင် ပေသည်။

၃။ ကိုယ်ပိုင်စရိုက်လက္ခဏာတို့သည် မွေးဖွား ကြီးပြင်းခဲ့ရသည့် လူ့အဖွဲ့အစည်းများ၊ ဖြတ်သန်း ကျော်လွှားခဲ့ရသည့် အတွေ့အကြုံများကို တည်မှီနေကြပေသည်။ ထို့အပြင် မိမိတို့ ပြောဆိုသော စကား၊ ကျင့်ကြံသော ဘာသာ အယူဝါဒ၊ စားသောက်မှု ဓလေ့စရိုက် စသည်တို့ပေါ်လည်း အခြေခံနေသည်။ တချို့သော စရိုက်လက္ခဏာတို့သည် မိမိတို့ကိုယ်တိုင် ရွေးချယ်ပါဝင်ကြသော လူမှု အသိုင်းအဝိုင်းများကြောင့်လည်း ဖြစ်နိုင်သည်။ ဥပမာ – မျိုးချစ်စိတ်ပြင်းထန်လွန်းသော၊ အယူသည်းလွန်းသော လူတစ်ဦးသည် တစ်ချို့သော လူမှုအသိုင်းအဝိုင်းများနှင့် ရှောင်ခွာ နေထိုင်တတ်ကြသည်။

၄။ တန်ဖိုးစနစ်များသည် လူ့အဖွဲ့အစည်းတစ်ရပ် သိုက်သိုက်ဝန်းဝန်းဖြစ်အောင် ပေါင်းစည်းပေးထား နိုင်ပေသည်။ ထိုလူမှုတန်ဖိုးများသည် လူ့အဖွဲ့အစည်းအတွင်း မည်သည့် အခွင့်အရေးများ ရအပ်သည်၊ မည်သည်တို့ကို ကျင့်ကြံအပ်သည်ကို ဖော်ညွှန်းနေကြသည်။

၅။ လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးများက နိုင်ငံသား ဆိုင်ရာ အခွင့်အရေးများအပေါ် ရှုမြင်သုံးသပ်ပုံတို့ကို သက်ရောက်မှုရှိသည်။

ဥပမာ –

- လွတ်လပ်စွာ ပြုမူနေထိုင်ခြင်းက ပုဂ္ဂလိက အခွင့်အရေး များနှင့် ဆက်နွယ်နေသည်။
- ဂါရဝတရား ထားရှိခြင်းဟူသော တန်ဖိုးက တခြားသူတို့၏ အခွင့်အရေးတို့ကို လေးစား တန်ဖိုးထားစေသည်။
- တန်းတူညီမျှ သဘောထားတတ်ခြင်းက အခြားတစ်ပါးသော ပုဂ္ဂိုလ်တို့၏ တန်ဖိုးများကို ကာကွယ်စောင့်ရှောက်စေသည်။
- သည်းခံစိတ်မွေးမြူခြင်းက အမြင်မတူမှုများကို နားလည်လက်ခံစေပြီး ယဉ်ကျေးမှုအားလုံးကို မြတ်နိုး တန်ဖိုးထားစေသည်။
- တရားဥပဒေစိုးမိုးမှုကို အစဉ်တန်ဖိုးထားခြင်းက နိုင်ငံသားဆိုင်ရာ အခွင့်အရေးအားလုံးကို စောင့်ရှောက်ကာကွယ်ရာရောက်သည်။

၆။ လူမှုရေးဆိုင်ရာ အကျပ်အတည်းများသည် လူ့အဖွဲ့အစည်းအပေါ် ကျရောက်လျက်ရှိသည့် ပြဿနာကိစ္စတစ်ခုအား အဖြေရှာရာတွင် ကြုံတွေ့နိုင်သော ရွေးချယ်မှုဆိုင်ရာ အခက်အခဲတစ်ရပ်ဖြစ်သည်။ ဥပမာအားဖြင့် ဆင်းရဲသည့် လူမှုအသိုင်းအဝိုင်းများအတွက် ထင်းမီးသွေးတို့ကို အဓိကလောင်စာအဖြစ် သုံးကြရသည် ဖြစ်သော်လည်း တစ်ဖက်ကကြည့်ပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

၇။

### အာဏာရှင်စနစ် – အားသာချက်များ

ဦးတည်ချက်၊ လုပ်ဆောင်ချက် ရှင်းလင်းသည်။ ခေါင်းဆောင်မှု ခွဲဝေရာတွင် ရှင်းလင်းမှုရှိသည်။ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ချက်ချနိုင်သည်။

### အာဏာရှင်စနစ် – အားနည်းချက်များ

အာဏာလက်ကိုင်ထားသူတို့၏ အဆုံးအဖြတ်များသည် ဆန်းသစ်မှုလျော့နည်းသည်။ အများအမြင် ကိုယ်စား ပြုနိုင်ရန် ခဲယဉ်းသည်။ ဤခေါင်းဆောင်မှု စနစ်ကို လိုသည်ထက် ပိုမိုကျင့်ကြံပါက ဖိနှိပ်ချုပ်ခြယ်မှုများ၊ အာဏာအလွဲသုံးစားမှုများ ပေါ်ပေါက်နိုင်သည်။

### အများဆန္ဒအတိုင်း ခေါင်းဆောင်မှု – အားသာချက်များ

ခေါင်းဆောင်ဖြစ်သူတို့က ထိန်းကြောင်းကွပ်ကဲသော နည်းဖြင့် အုပ်ချုပ်တတ်ကြပြီး အဖွဲ့ဝင်တိုင်း၏ အမြင်သဘောထားတို့ကို လေးစားလက်ခံပေးသည်။ အဖွဲ့ဝင်တို့၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်သည်။

### အများဆန္ဒအတိုင်း ခေါင်းဆောင်မှု – အားနည်းချက်များ

တာဝန်ခွဲဝေရာတွင် ရှင်းလင်းမှုမရှိတတ်ဘဲ လုပ်ဆောင်ချက် များသည် ပရမ်းပတာ ဖြစ်စေနိုင်သည်။ ဆုံးဖြတ်ချက်ချရာတွင် နှောင့်နှေးကြန့်ကြာနိုင်သည်။

၈။ နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေတို့သည် ထိုနိုင်ငံသား များ၏ တန်ဖိုး စနစ်များကို ထင်ဟပ်လျက်ရှိသည်။ နိုင်ငံတိုင်းတွင် မတူကွဲပြားသည့် ယဉ်ကျေးမှုများ၊ ကိုးကွယ်မှုများ၊ အတွေးအခေါ်များ ပိုင်ဆိုင်ထား ကြသည်။ လွတ်လပ်မှုကို အားပေးသည့် လူမှုအဖွဲ့အစည်းများတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဖန်တီးနေထိုင်ခွင့်ကို အသားပေးသည့် ဥပဒေများ သတ်မှတ်ထားကြသည်။ ဂါရဝတရားကို အလေးမူသည့် လူ့အဖွဲ့အစည်းများ

တွင်မှု လွတ်လပ်မှုထက် စည်းလုံးမှုကို အလေးပေး သည့် ဥပဒေတို့ကို တွေ့မြင်နိုင်သည်။

## တာန်ဖိုးနှင့် အတွေးအမြင်များ – အဆိုအမိန့်များကို လေ့လာခြင်း

- ဖော်ပြထားသည့် မေးခွန်းများကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

(က)

၉။ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ကြရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု တင်ပြထားခြင်း ဖြစ်သည်။

၁၀။အခန်း (၂.၃) ပါ 'လူ့အဖွဲ့အစည်းအတွင်း ပါဝင်သူတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာများ' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(ခ)

၁။ တစ်ဦးနှင့် တစ်ဦး အမြင်ကွဲပြားမှုများကို နားလည် လက်ခံကြပြီး အတူတကွရှင်တွဲ နေထိုင်ကြရန် တိုက်တွန်းထားသည်။

၂။ အခန်း (၂.၃) ပါ 'လူ့အဖွဲ့အစည်းအတွင်း ပါဝင်သူ တို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာများ' နှင့် ဆက်စပ် ကြည့်ရှုစေပါ။

(ဂ)

၁။ အတူတကွ ကျင့်သုံးစောင့်တည်ကြသည့် လူမှုတန်ဖိုးများက လူ့အဖွဲ့အစည်းခိုင်မာရေးတွင် အထောက်အကူပြုနိုင်ကြောင်း ဖော်ပြထားသည်။

၂။ အခန်း (၂.၄) ပါ 'လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးများ' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(ဃ)

၁။ ယုံကြည်မှုများ၊ တွေးခေါ်မှုများ၊ အပြောအဆို အပြုအမူများ၊ တန်ဖိုးများကြား ဆက်စပ်မှုကို တင်ပြထားပြီး မိမိတို့ ခံစားပိုင်ဆိုလိုသည့် အခွင့်အရေးများ၊ တန်ဖိုးများသည် မိမိတို့၏ လုပ်ရပ်ပေါ်တွင်သာ မူတည်နေကြောင်း တင်ပြထားသည်။

၂။ (၂.၄) ပါ 'လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးများ' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(င)

၁။ လူငယ်တို့၏ တန်ဖိုးစံနှုန်းတို့မှာ ယိုယွင်းလာနေပြီး အနာဂတ် လူမှုအသိုင်းအဝိုင်းအတွက် စိုးရိမ်ဖွယ် ဖြစ်ကြောင်း ဝေဖန်ထောက်ပြထားသည်။

၂။ အခန်း (၂.၅) ပါ 'လူမှုတန်ဖိုးများ၏ လွှမ်းဆွဲမှု' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(စ)

၁။ ခေါင်းဆောင်မှုတွင် အပြောထက် အလုပ်က လက်တွေ့ပိုကျကြောင်း ဖော်ထုတ်ဆွေးနွေးထားသည်။

၂။ အခန်း (၂.၆) ပါ 'လူ့အဖွဲ့အစည်းနှင့် ခေါင်းဆောင်မှု' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(ဆ)

၁။ တရားဥပဒေများ၏ ချို့ယွင်းချက်ကို ထောက်ပြ ထားပြီး တာဝန်သိပြည်သူတို့က ဥပဒေတို့ကို လိုက်နာကျင့်ကြံကြသော်လည်း တာဝန်မဲ့သူတို့၏ လုပ်ရပ်များက ဥပဒေသတ်မှတ်ချက်တို့ကို မခန့်လေးစား ပြုလုပ်တတ်ကြကြောင်း တင်ပြထားသည်။

၂။ အခန်း (၂.၇) ပါ 'လူ့အဖွဲ့အစည်းဆိုင်ရာ စည်းကမ်း များနှင့် ဥပဒေများ' နှင့် ဆက်စပ် ကြည့်ရှုစေပါ။

(ဇ)

၁။ ကျဉ်းမြောင်းလာသော ကမ္ဘာ့ရွာကြီးအတွင်း လူမှုအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ နီးကပ်လာကြပြီး လူမှုအဖွဲ့အစည်းတစ်ရပ်အပေါ် သက်ရောက်ချက်သည် အခြားလူ့အဖွဲ့အစည်း အပေါ်ပါ ထိခိုက်နိုင်ကြောင်း တင်ပြထားသည်။

၂။ အခန်း (၂.၁) ပါ 'နိုင်ငံသားနှင့် လူမှုအသိုင်းအဝိုင်း' နှင့် အခန်း (၂.၂) ပါ 'ခေတ်သစ်လူ့ဘောင် အဖွဲ့အစည်းများ' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

# ၃.၁ လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်ဆောင်ရွက်မှု ဆိုသည်မှာ အဘယ်နည်း။

## အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဆွေးနွေးစေပါ။
- ကျောင်းသူ ကျောင်းသားများကို နိုင်ငံသားဆိုင်ရာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး သူတို့သိသလောက် အဖြစ်အပျက် ဥပမာများကို စဉ်းစားရန် တွန်းအားပေးပါ။

### နီးစပ်သော အဖြေများ

၁။ မဲပေးခြင်းသည် အရေးပါသည့် လုပ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားတို့အကျိုး ရေးရှုဆောင်ရွက်မည့် ကိုယ်စားလှယ်လောင်းများကို ကိုယ်တိုင်ရွေးချယ်နိုင်ကြ၍ဖြစ်သည်။ (သို့မဟုတ်) မဲပေးခြင်းသည် အရေးမပါချေ။ အဘယ်ကြောင့်ဆိုသော် **ကိုယ်စားလှယ်လောင်းများသည် ပြည်သူတို့အသံကို နားထောင်လေ့မရှိ၍ဖြစ်သည်။**

၂။ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အကြံပြုစာ ပေးပို့ခြင်း၊ ဒေသခံ အာဏာပိုင်တို့ထံ အကြံဉာဏ် တောင်းခံခြင်း၊ ရပ်ရေးရွာရေးဆိုင်ရာ သတင်း အချက်အလက်တို့ကို သတင်းစာ၊ ရုပ်မြင်သံကြား သတင်းများထံမှ အစဉ်နားစွင့်နေခြင်း၊ လူထု အစည်းအဝေးပွဲများသို့ မပျက်မကွက် တက်ရောက်ခြင်း။

## ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## ဆွေးနွေးချက်

- အဖွဲ့များ ဖွဲ့ပေးပြီး မည်သို့သော လူမှုရေး၊ နိုင်ငံရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆောင်တာများကို လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှုများဟု ခေါ်ဆိုနိုင်သည်ကို ဆွေးနွေးစေပါ။
- ကျောင်းသားတို့၏ ပြောဆိုချက်များကို သင်ပုန်းတွင် ရေးသားဖော်ပြပေးပါ။

### နီးစပ်သော အဖြေများ

#### လူမှုရေး လုပ်ဆောင်ချက်များ

ရံပုံငွေပွဲများ ကျင်းပခြင်း၊ ဆွေးနွေးပွဲများ ဖန်တီးစီမံ ပေးခြင်း၊ စိတ်တူကိုယ်တူ မိတ်ဆွေများ စုပေါင်း၍ အသင်းအဖွဲ့များ တည်ထောင်ခြင်း။

#### နိုင်ငံရေး လုပ်ဆောင်ချက်များ

လူ့အဖွဲ့အစည်းအပေါ် ထိခိုက်နစ်နာမှု ရှိစေသည့် ဥပဒေ သတ်မှတ်ချက်များကို ထောက်ပြပေးခြင်း၊ ခေါင်းဆောင် ကောင်းများ မွေးထုတ်ပေးနိုင်ရန် ကြံဆောင်ခြင်း။

#### ယဉ်ကျေးမှု လုပ်ဆောင်ချက်များ

မျိုးနွယ်ပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ အသက်အရွယ်မရွေး ပါဝင်ဆင်နွဲနိုင်မည့် ပြပွဲပြိုင်ပွဲများ၊ အနုပညာပွဲများ၊ ဖော်ဆောင်ပေးခြင်း။

## လုပ်ငန်းများ

၁။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါပုံကို ကြည့်ပြီး မေးခွန်းနံပါတ် (၁) ကို ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

(က) စာသင်ပေးခြင်း (အိမ်စာလုပ်ခဲ့ကြရဲ့လား)

(ခ) ဆန္ဒသဘောထားခံယူခြင်း (ကျောင်းတော်ကြီးကို ထောက်ပံ့ကြစို့)

(ဂ) လုပ်အားပေးခြင်း၊ ကလေးငယ်လေးများအား ပုံပြင် ပြောပြပေးခြင်း။

(ဃ) သက်ကြီးရွယ်အိုတို့အား ကူညီပေးခြင်း (အဘွား၊ ကျွန်တော် ဘာကူပေးရမလဲ)

(င) ဆန္ဒထုတ်ဖော်ခြင်း (ပညာရေး ဆောင်ကြဉ်းပေး၊ စစ်ပွဲများ ရပ်သိမ်းရေး)

(စ) ဆွေးနွေးပွဲများတွင် ဝင်ရောက်ပါဝင်ခြင်း (ရပ်ကွက် အစည်းအဝေး)

(ဆ) မဲပေးခြင်း (မဲစာရင်းကောက်ခံခြင်း)

(ဇ) အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း (မိဘဆရာအသင်းဝင်ရန်)

(ဈ) လူမှုအဖွဲ့ဝင်များနှင့် ဆက်ဆံပြောဆိုခြင်း (ကျွန်တော့်သား အခြေအနေ ဘယ်လိုရှိလဲ)

(ည) ရံပုံငွေ စုဆောင်းခြင်း (ပညာရေးဆိုင်ရာ ရံပုံငွေ အတွက် စာအုပ်ဟောင်းများ ရောင်းချခြင်း)

(ဋ) အစိုးရထံ အဆိုတင်သွင်းခြင်း။

၂။ ရှေ့တွင် အတူတကွပြုလုပ်ခဲ့သည့် အဖွဲ့နှင့်အတူ မေးခွန်းနံပါတ် (၂) ကို ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

(က) စာသင်ပေးခြင်း – ပညာရေးအခြေအနေ တိုးတက်စေရန်

(ခ) ဆန္ဒသဘောထားခံယူခြင်း – ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ထောက်ပံ့ပေးရန်။

(ဂ) လုပ်အားပေးခြင်း၊ ကလေးငယ်လေးများအား ပုံပြင်ပြောပြပေးခြင်း – ကလေးငယ်တို့အား စောင့်ရှောက်ရန် မအားလပ်သည့် မိသားစုဝင်များအတွက် ကူညီပေးခြင်း၊

(ဃ) သက်ကြီးရွယ်အိုတို့အား ကူညီပေးခြင်း – မိသားစုထောက်ပံ့မှု မရနိုင်သည့် အဘိုးအဘွားတို့အား စောင့်ရှောက်ပေးခြင်း၊

(င) ဆန္ဒထုတ်ဖော်ခြင်း – စစ်အသုံးစရိတ်ထက် ပညာရေး အသုံးစရိတ် ပိုမိုသုံးစွဲကြစေရန် ထောက်ပြဝေဖန်ခြင်း၊

(စ) ဆွေးနွေးပွဲများတွင် ဝင်ရောက်ပါဝင်ခြင်း – လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာ ပါဝင်နိုင်ခြင်း၊

၃။ ရှေ့တွင် အတူတကွ ပြုလုပ်ခဲ့သည့် အဖွဲ့နှင့်အတူ မေးခွန်းနံပါတ် (၃) ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

ဆန္ဒထုတ်ဖော်ခြင်းနှင့် အစိုးရထံ အဆိုတင်သွင်းခြင်းတို့သည် လုပ်ဆောင်ရန် ခက်ခဲနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်များသည် လူမှုအသိုင်းအဝိုင်းအတွင်းဆောင်ရွက်ရသည်မဟုတ်ဘဲ အစိုးရ၏ အထောက်အပံ့ပါလိုအပ်သောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များ၊ ထည့်သွင်းစဉ်းစားရမည့် အချက်များများစွာ ပါဝင်လာနိုင်ပေသည်။

# ၃.၁.၁ လူ့အဖွဲ့အစည်းအတွင်းပါဝင်ဆောင်ရွက်ပုံအမျိုးမျိုး

## အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ကျောင်းသားများ ဆွေးနွေးစေပါ။ ‘တစ်သီးပုဂ္ဂလ ပါဝင်ခြင်း’ နှင့် ‘အများနှင့်အတူ ယှဉ်တွဲပါဝင်ခြင်း’ တို့၏ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ဆွေးနွေးစေပါ။
- ‘တစ်သီးပုဂ္ဂလ ပါဝင်ခြင်း’ နှင့် ‘အများနှင့်အတူ ယှဉ်တွဲပါဝင်ခြင်း’ တွင် ကျောင်းသားများ မည်သည်ကို ပိုမို ကြိုက်နှစ်သက်ကြောင်း ဆန်းစစ်ပေးပါ။
- ထိုရွေးချယ်မှုက ကျောင်းသားတို့၏ တန်ဖိုးများကို ကိုယ်စားပြုနေခြင်းရှိ၊ မရှိကို ဆန်းစစ်ပေးပါ။

## ဖတ်ရန်

- ဖော်ပြပါရှိသည့် စာပိုဒ်ပါ အကြောင်းအရာများနှင့် ပုံတို့ကို ကျောင်းသားများ လေ့လာစေပါ။

## လုပ်ငန်းများ


- ‘တာဝန်အရ ပါဝင်ခြင်း’ နှင့် ‘အလွတ်သဘော ပါဝင်ခြင်း’ တို့ကြား ကွဲပြားချက်ကို ဆွေးနွေးစေပါ။

– ထိုပါဝင်မှုနှစ်ရပ်အကြောင်း မည်သို့ သဘောပေါက်လက်ခံထားသည်ကို စစ်ဆေးပေးပါ။


– တာဝန်အရ ပါဝင်ခြင်းသည် အစိုးရဆိုင်ရာ၊ ဥပဒေဆိုင်ရာ နည်းဥပဒေများအရ လုပ်ဆောင်ရသည့် ဆောင်ရွက်ချက်များဖြစ်သည်။ ဥပမာ – မဲပေးခြင်း၊ ပြည်သူ့တာဝန်ထမ်းရွက်ခြင်း။

– အလွတ်သဘော ပါဝင်ခြင်းတွင် လူမှုအသင်းအဖွဲ့များအတွက် လုပ်အားပေးကူညီဆောင်ရွက်သည့် လုပ်ငန်းများပါဝင်သည်။ ဥပမာ – စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးခြင်း၊ ဟောပြောဆွေးနွေးပွဲများတွင် ပါဝင်ခြင်း။

ပုံ (၁)




ပုံ (၂)



၁။ တစ်ဖက်စာမျက်နှာပါ လုပ်ဆောင်ချက်များအား ဖော်ပြပါ စက်ဝိုင်း၏ သင့်တော်သော နေရာတွင် ဖြည့်စွက်စေပါ။

**နီးစပ်သော အဖြေများ**

ပုံ (၁) တွင် ဖော်ပြပေးထားသည်။

၂။ အဖွဲ့များ ဖွဲ့ပေး၍ အခြားသော လူမှုပါဝင်မှုများကိုပါ စဉ်းစားစေပြီး စက်ဝိုင်းဇယားတစ်ခု ပြုလုပ် ရေးဆွဲစေပါ။

- ကျောင်းသားတို့၏ တွေးထင်ယူဆချက်တို့ကို စက်ဝိုင်းတွင် ဖြည့်စွက်စေပါ။
- ထို့နောက်တွင် စာသင်ခန်းနံရံတွင် ကပ်ထားစေပါ။
- အခြားအဖွဲ့များ၏ လုပ်ဆောင်ထားချက်တို့ကိုပါ လှည့်လည်ကြည့်ရှုစေပါ။ မတူကွဲပြားသော အခန်းကဏ္ဍများတွင် ထည့်သွင်းထားသော မတူကွဲပြားသည့် လုပ်ရှားမှုများ၏ အကြောင်းပြချက်များကို မေးခွန်းမေးခြင်းနှင့် ဖြေဆိုခြင်းများ ပြုလုပ်သင့်သည်။

**နီးစပ်သော အဖြေများ**

ပုံ (၂) တွင် ဖော်ပြပေးထားသည်။

# ၃.၁.၂ လူမှုအဖွဲ့ဝင်အမျိုးမျိုး

**ဖတ်ရန်**

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လုပ်ငန်းများ

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါလူမှုအဖွဲ့ဝင်တစ်ဦးစီ အတွက် သင့်တော်ရာ ဥပမာများကို ဖြည့်စွက် ရေးသားစေပါ။

### နီးစပ်သော အဖြေများ

### တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင်

အလုပ်လုပ်ခြင်း၊ အခွန်ပေးခြင်း၊ ဥပဒေလိုက်နာခြင်း၊ သဘာဝဘေးကျရောက်ခံစားနေရသူတို့ကိုကူညီကယ်ဆယ် ပေးခြင်း၊ ပညာသင်ယူခြင်း၊ သတင်းစာများ၊ ရေဒီယိုများမှ သတင်းအချက်အလက်တို့ကို မျက်ခြေမပျက် စောင့်ကြည့် အကဲခတ်ခြင်း၊ ဂါရဝတရားထားရှိခြင်း၊ အမြင်ကွဲပြားမှု တို့ကို နားလည်လက်ခံပေးခြင်း၊ စစ်မှုထမ်းခြင်း၊ တရားရေး ဆိုင်ရာ လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း။

### လက်တွေ့ကျကျပါဝင်သည့် လူမှုအဖွဲ့ဝင်

ဘာသာရေး၊ လူမှုရေးလုပ်ငန်းတို့တွင် ပါဝင်ကူညီခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးခြင်း၊ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ လူထုပြဿနာများတွင် ပါဝင်ဆွေးနွေးခြင်း၊ လူမှုအသင်းအဖွဲ့များတွင် တက်ကြွ ပါဝင်ခြင်း၊ လုပ်အားပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။ (ကျောင်းများ၊ အိမ်ခြေမဲ့များ၊ ရပ်ကွက်လုံခြုံရေး)

### သမာသမတ်ကျ လူမှုအဖွဲ့ဝင်

အခြားသော လူမှုအဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်တာ များကို အတူတကွလုပ်ဆောင်ခြင်း၊ ပြဿနာ၏ အရင်းအမြစ်ကို အဖြေရှာဆောင်ရွက်ခြင်း၊ အကျိုးရလဒ် တို့ကို ဆန်းစစ်တွက်ထုတ်တတ်ခြင်း၊ အကြံဉာဏ်ကောင်း များ ပေးပို့ထောက်ပြပေးခြင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခြင်း။

## လုပ်ငန်းများ

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါရှိသည့် နိုင်ငံသား (၇) ဦးတို့၏ ရွေးကောက်ပွဲအပေါ် အမြင်များကို ဖတ်ရှုစေပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို မေးမြန်း ဆွေးနွေးပေးပါ။

### အဖြေများ

၁။ (၇) ဦးတွင် (၃) ဦးသာ မဲပေးရန် အစီအစဉ်ရှိသည်။ အလွန်နည်းပါသည်။ အခန်း (၁) ပါ 'ဒီမိုကရေစီအခြေခံလိုအပ်ချက်' နှင့် ဆက်စပ် လေ့လာနိုင်ပါသည်။

၂။ 'မဲပေးလို့ရော ဘာတွေများ ပြောင်းလဲသွားမှာမို့လဲ။' 'စည်းကမ်းသတ်မှတ်ချက်တွေကို မကြိုက်လို့ပါ' 'မြင်သာမှု သိပ်မရှိ'

၃။ 'အစိုးရနဲ့ ပြည်သူကြား ဆက်သွယ်ပေးနိုင်မယ့် တစ်ခုတည်းသော နည်းလမ်း' 'နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်' 'အပြောင်းအလဲတစ်ရပ် ဖန်တီးနိုင်' 'ပြည်သူ့လက်ထဲမှ အာဏာကို အပြည့်အဝ အသုံးချနိုင်'

### လုပ်ငန်းများ

၁။ ဖော်ပြပါ 'ရွေးကောက်ပွဲ အမြင်' ဆိုင်ရာ ပြောဆိုချက်များမှ ထိုသူတို့၏ လူ့အဖွဲ့အစည်းအတွင်း မည်သို့ ပါဝင်ဆောင်ရွက်ခဲ့သည်ကို ရေးချစေပါ။။

၂။ ထို့နောက် အတန်းဖော်ဖြစ်သူနှင့် နှိုင်းယှဉ်ဆွေးနွေးစေပါ။

၃။ ထိုသူတို့၏ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ပုံများ၊ ပြောဆိုမှုများကို အခြေခံလျက် မည်သူက တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင်ဖြစ်သည်၊ မည်သူက လက်တွေ့ကျသူဖြစ်သည်၊ မည်သူက သမာသမတ်ကျ လူမှုအဖွဲ့ဝင် ဖြစ်သည်ကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

**တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင်**

- ကလေးများကိုစောင့်ရှောက်ပေးသူ၊
- အခွန်ဆောင်သူ၊
- အလုပ်တာဝန် ကျေပွန်သူ၊
- လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သူ၊
- မိဘဆွေမျိုးတို့ကို ထောက်ပံ့ပေးသူ၊
- ပညာသင်ကြားသူ၊
- ယှဉ်မောင်းကောင်းတစ်ဦးဖြစ်ရန် ကြိုးပမ်းသူ။

**လက်တွေ့ဆန်သည့် လူမှုအဖွဲ့ဝင်**

- မဲပေးခြင်း၊
- လူမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ကလေးများကို စောင့်ရှောက်ပေးခြင်း။

**သမာသမတ်ကျ လူမှုအဖွဲ့ဝင်**

- မဲပေးနည်းစနစ်များ သိနားလည်စေခြင်း၊
- လူမှုအသင်းအဖွဲ့တစ်ရပ် တည်ထောင်ခြင်း။

## ပြန်လည်သုံးသပ်ချက်

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ မေးခွန်းများကို ကျောင်းသားများ ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

၃။ နိုင်ငံရေးသိပ္ပံပညာရှင်များ၏ အဆိုအရ လူမှုအဖွဲ့ဝင်တိုင်းသည် 'သမာသမတ်ကျ လူမှုအဖွဲ့ဝင်များ' ဖြစ်အောင် ကြိုးစားသင့်လှကြောင်း တိုက်တွန်းထားသည်။ သို့မှသာလျှင် လူမှုအပြောင်းအလဲများကို ဖော်ဆောင်ပေးနိုင်ကြမည် ဖြစ်ပြီး လူမှုပြဿနာရပ်များ အဖြေရှာရာတွင် ထိရောက်စနစ်ကျစွာ ကိုင်တွယ်ဖြေရှင်းနိုင်ကြမည် ဖြစ်ပေသည်။

၄။ **အသိပညာ** –
လူမှုလိုအပ်ချက်များကို နားလည်သဘောပေါက်ထားခြင်း၊ တန်ဖိုးများကို သိရှိထားခြင်း၊ လူမှုပြဿနာများကို သိမြင်သုံးသပ်နိုင်ခြင်း၊ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ တာဝန်များကို သိရှိထားခြင်း။

**အရည်အချင်း**

- ပြဿနာကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်းနိုင်စွမ်း၊
- ဆွေးနွေးအဖြေရှာနိုင်စွမ်း၊
- လက်တွဲလုပ်ဆောင်နိုင်စွမ်း၊
- ဟောပြောရှင်းလင်းနိုင်စွမ်း၊
- ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်း၊
- ညှိနှိုင်းအဖြေရှာနိုင်စွမ်း။

# ၃.၂ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ခြင်း၏ အကျိုးတရားများ

### အကြိုသင်ခန်းစာ

- လူ့အဖွဲ့အစည်းအတွင်း ပါဝင်ခြင်းကြောင့် မည်သည့်အကျိုးတရားများ ခံစားရသည်ကို ကျောင်းသားများ ဆွေးနွေးစေပါ။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လုပ်ငန်းများ

- အဖွဲ့များ ဖွဲ့ပေးပြီး လူငယ်ပျိုးထောင်ရေး သင်တန်း အစီအစဉ်အတွက် ကြော်ငြာတစ်ခု ဖန်တီးစေပါ။
- ဖော်ပြပါ အချက်များကို ထည့်သွင်းပါရှိစေပါ။
- ထိုသို့ ရေးဆွဲပြီးပါက စာသင်ခန်းနံရံတွင် ကပ်စေပြီး လှည့်လည်ကြည့်ရှုစေပါ။
- အကောင်းဆုံး၊ အစုံလင်ဆုံး ကြော်ငြာကို မဲခွဲ ဆုံးဖြတ်စေပါ။ အဘယ်ကြောင့် ရွေးချယ်ရသည်ကိုပါ မေးမြန်းပေးပါ။

## ၃.၂.၁ လူ့အဖွဲ့အစည်းဆိုင်ရာ သတင်းအချက်အလက်များ ရယူခြင်း

### အကြိုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဆွေးနွေး ဖြေရှာစေပါ။ ကျောင်းသားတို့၏ တွေးထင်ယူဆချက် တို့ကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

### နီးစပ်သော အဖြေများ

သတင်းစာ မဂ္ဂဇင်းများ (ပုံနှိပ် သို့ အင်တာနက်) နှင့် တီဗွီ ရေဒီယိုပါ ထုတ်လွှင့်ချက်များသည် အရေးပါသည့် သတင်းအရင်းအမြစ်များ ဖြစ်ကြသည်။ အချို့သော သတင်းအချက်အလက်များကိုမူ လူမှုအဖွဲ့ဝင်များနှင့် မေးမြန်း ပြောဆိုခြင်းဖြင့် သိရှိနိုင်ပေသည်။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ လေ့လာဖတ်ရှုစေပါ။

**လေ့ကျင့်ခန်း**

- တစ်ဦးခြင်းဖြစ်စေ၊ နှစ်ယောက်တွဲဖြစ်စေ ဖော်ပြပါရှိသည့် ဝေါဟာရတို့၏ ဆက်နွယ်ပုံကို ဆွေးနွေးဖော်ထုတ်စေပါ။
- ကျောင်းသားတို့၏ အမြင်အတွေးတို့ကို သင်ပုန်းပေါ်တွင်ဖြစ်စေ၊ နံရံတွင်ဖြစ်စေ ချိတ်ဆွဲဖော်ပြစေပါ။

**လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှု – တာဝန်ဝတ္တရား**

(နိုင်ငံသားတစ်ဦးအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း ဝင်ရောက်ပါဝင်ခြင်းဖြင့် သက်ဆိုင်ရာ တာဝန်များကို ထမ်းဆောင်ကြရမည်။)

**မီဒီယာ – သတင်းအချက်အလက်**

(မီဒီယာမှတစ်ဆင့် အရေးပါသော သတင်းအချက်အလက်များ ရယူသိရှိနိုင်ပြီး ထိရောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ကြမည်ဖြစ်သည်။)

**အတွေးအမြင်များ – သတင်းအချက်အလက်**

(စာအုပ်များ၊ သတင်းမီဒီယာများ၊ မိတ်ဆွေအသိုင်းအဝိုင်းတို့မှ ရရှိသော သတင်းအချက်အလက်တို့သည် မိမိတို့၏ ကိုယ်ပိုင်အတွေးအမြင်များကို ဖြစ်ထွန်း ပေါ်ပေါက်စေနိုင်သည်။)

**လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှု – လူမှုပြောင်းလဲမှုများ**

(လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှုများသည် လူမှုအပြောင်းအလဲများကို ဆောင်ကြဉ်းပေးနိုင်သည်။)

## ဆွေးနွေးချက်

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ဆွေးနွေးစေပါ။
- အဖွဲ့လိုက် ဆွေးနွေးချက်များကို အခြားအဖွဲ့များ ထံသို့ တင်ဆက်စေပါ။

## လုပ်ငန်းများ

- နှစ်ယောက်တစ်ဖွဲ့ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ သတင်းအတိုအထွာတို့ကို ဖတ်စေပါ။
- ထိုသတင်းအချက်အလက်တို့ မှန်ကန်မှုရှိ၊ မရှိ မည်သို့ စစ်ဆေးနိုင်မည်၊ ထိုသို့ လုပ်ဆောင်ရာတွင် မည်သည့် အခက်အခဲများ ကြုံတွေ့နိုင်သည်ကို သုံးသပ်စေပါ။

### နီးစပ်သော အဖြေများ

(က) သတင်းအရင်းအမြစ် – ရပ်ကွက်လူကြီးအား မေးမြန်းနိုင်သည်။ ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီရုံးတစ်ခုခုတွင်လည်း မေးမြန်းနိုင်သည်။ အတားအဆီးများ – ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများအတွက် အထောက်အပံ့ မပေးထားခြင်း၊ မဲပေးရန် ကန့်ကွက်သည့် ပါတီတစ်ရပ်ရပ်၏ နိုင်ငံရေး မှိုင်းတိုက်မှု ခံရနိုင်ခြင်း၊ ပညာရေး နိမ့်ပါးခြင်း၊ ကျန်းမာရေး ချို့ယွင်းနေခြင်း၊ အလုပ်တာဝန်များ ပိနေခြင်း။

(ခ) သတင်းအရင်းအမြစ် – ဆောက်လုပ်ရေး ကုမ္ပဏီ၊ ဒေသန္တရအစိုးရ၊ ဒေသတွင်းနေထိုင်သူများ၊ ဂျာနယ်သတင်းစာများ။ အတားအဆီးများ – လမ်းသစ်အကြောင်း အသိပေးမည့် အစီအစဉ်များ မထားရှိနိုင်ခြင်း၊ ဆင်ဆာတားမြစ်ချက်များ ခံရနိုင်ခြင်း၊ ပညာရည် နိမ့်ပါးခြင်း၊ ကျန်းမာရေး ချို့ယွင်းနေခြင်း၊ အလုပ်တာဝန်များ ပိနေခြင်း။

(ဂ) သတင်းအရင်းအမြစ် – ဂျာနယ် သတင်းစာများ၊ လူမှုကွန်ရက်များ၊ အီးမေးလ်များ။ ဟောပြောမည့် သူသည် နာမည်ကြီးပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါက သက်ဆိုင်ရာ ဘလော့ဂ်များ၊ ဝက်ဆိုက်ဒ်များတွင် လည်း ဖော်ပြနိုင်သည်။ သဘာဝပတ်ဝန်းကျင် အကြောင်း စိတ်ဝင်စားသည့် မိတ်ဆွေသူငယ်ချင်းများ ကိုလည်း မေးမြန်းနိုင်သည်။ အတားအဆီးများ – ဟောပြောချက်အကြောင်း ထည့်သွင်း ကြော်ငြာမထားခြင်း၊ အခမ်းအနား အစီအစဉ် ညံ့ဖျင်းခြင်း၊ အလုပ်တာဝန်များပိနေခြင်း။

(ဃ) သတင်းအရင်းအမြစ် – နိုင်ငံခြားသတင်းဌာနများမှ ထုတ်ပြန်ချက်များ၊ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများ၊ ဥပမာ – အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ ကုလသမဂ္ဂ၊ ဒုက္ခသည် ကူညီရေးအဖွဲ့များ။ ပဋိပက္ခဖြစ်ပွားရာအရပ်မှ အသိအကျွမ်းများ။ အတားအဆီးများ – သတင်းမီဒီယာများအနေဖြင့် ပဋိပက္ခအကြောင်း ဂဃနဏမသိဘဲ မှားယွင်း ဖော်ပြနိုင်သည်။ တိုက်ပွဲများကြောင့် သတင်း ဆက်သွယ်ရေး ကွန်ရက်များ ပြတ်တောက်နေနိုင်ပြီး ဂျာနယ်လစ်များ သတင်းသွားရောက် ယူရန်မှာ လည်း စွန့်စားရာရောက်နိုင်သည်။

# ၃.၃ သတင်းအချက်အလက်များအား ဝေဖန်ဆန်းစစ်ခြင်း

### အကြိုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဆွေးနွေးစေပါ။

### ဖတ်ရန်

- (၃.၃) ပါ ရေးသားတင်ပြချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

- ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုစေပါ။
- ကျောင်းသားများအနေဖြင့် ဖော်ပြပါ သတင်းအရင်းအမြစ်တို့ကို သုံးသပ်ဝေဖန်ပြီး ထိုသတင်းအချက်အလက်တို့၏ ခိုင်လုံမှု၊ ကျိုးကြောင်းဆီလျော်မှု၊ အထောက်အထား ပြည့်စုံမှု တို့ကို ဆန်းစစ်စေပါ။

**အဖြေများ**

၁။

**ခိုင်လုံမှု** – ရှိနိုင်သည်။ သတင်းပေးသူမှာ အတွေ့အကြုံရင့် လုပ်သားတစ်ဦးဖြစ်ပြီး မိမိမည်သူ မည်ဝါ ဖြစ်သည် ကိုပါ ဖော်ပြထားနိုင်သည်။

**တိကျသေချာမှု** – ရှိနိုင်သည်။ သို့ရာတွင် အချို့သော သတင်းအချက်အလက်တို့သည် ထိုပြောဆိုသူ၏ အမြင် ပေါ်တွင်သာ အဓိက အခြေခံထားနိုင်သည်။

**ကျိုးကြောင်းဆီလျော်မှု** – ကုမ္ပဏီအပေါ် ထိုသူ မည်သို့ သဘောထားသည် ဆိုသည့်အပေါ် မူတည်နေသည်။ အကယ်၍ အဆိုပါပုဂ္ဂိုလ်၏ ပြောဆိုချက်များသည် အစွန်းတစ်ဖက်ဖက် ရောက်လွန်းနေပါက ထိုပြောဆိုချက် များမှာ ခိုင်လုံမှု မရှိနိုင်။

**အထောက်အထား ခိုင်လုံမှု** – ထိုသူ၏ ကိုယ်ရေးရာဇဝင် မှန်ကန်မှုရှိ၊ မရှိ၊ ထိုသူ၏ပြောဆိုချက်များ တိကျသေချာမှု ရှိ၊ မရှိကို ထိုသူ့အကြောင်းသိရှိထားသော ပုဂ္ဂိုလ်များထံ တွင် စစ်ဆေးအပ်သည်။

၂။

**ခိုင်လုံမှု** – ကုမ္ပဏီကိုယ်တိုင် အကုန်အကျခံပြီး အသေးစိတ် သုတေသနပြုထားခြင်းဖြစ်၍ ခိုင်လုံမှုရှိနိုင် သည်။

**တိကျသေချာမှု** – အစီရင်ခံစာပါ တင်ပြချက်များ သည် တစ်ဖက်သတ်ဆန်လွန်းစေကာမူ တိကျမှု အထိုက်အလျောက် ရှိနိုင်သည်။

**ကျိုးကြောင်းဆီလျော်မှု** – မြန်မာမိုဘိုင်း ကိုယ်တိုင် ထုတ်ဝေဖြန့်ချီထားသော အစီရင်ခံစာဖြစ်၍ တင်ပြထား သော အကြောင်းအရာတို့တွင် ဝိဝါဒကွဲပြားစရာများ ပါဝင်နိုင်သည်။

**အထောက်အထား ခိုင်လုံမှု** – မှန်ကန်မှုရှိ၊ မရှိ မေးခွန်း ထုတ်စရာ ဖြစ်သော်လည်း အထောက်အထား အပြည့်အစုံ နှင့် တင်ပြထားနိုင်သည်။

၃။

**ခိုင်လုံမှု** – ILO နှင့် Save The Children အဖွဲ့တို့သည် နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းများဖြစ်ပြီး တင်ပြချက်များမှာ ခိုလုံမှုရှိနိုင်သည်။

**တိကျသေချာမှု** – ၂၀၀၇ တွင် ဖြစ်ပွားခဲ့သည့် အခြေအနေတို့ကို ၂၀၀၈ တွင် ရေးသားပြုစုထားခြင်းဖြစ် သောကြောင့် အချို့အချက်အလက်တို့သည် ကိုက်ညီ မှန်ကန်မှု လျော့နည်းနိုင်သည်။

**ကျိုးကြောင်းဆီလျော်မှု** – အဖွဲ့အစည်းနှစ်ရပ်လုံးသည် အဖိနှိပ်ခံ အလုပ်သမားများဘက်က ရပ်တည်ပေးသည့် အဖွဲ့များဖြစ်ကြပြီး စက်ရုံ၏ အဓမ္မလုပ်ရပ်များကို တွေ့ရှိပါက ဝေဖန်ထောက်ပြမည်မှာ မလွဲဧကန်ဖြစ်သည်။ သို့ရာတွင် အဖွဲ့အစည်း၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ စောင့်ထိန်းမှုများအရ ဘက်မလိုက်ဘဲ အမှန်တရား ပေါ်ပေါက်နိုင်အောင် ရေးသားတင်ပြထားနိုင်သည်။

**အထောက်အထား ခိုင်လုံမှု** – အစီရင်ခံစာသည် ပညာတတ် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ လေ့လာနိုင်ရန် ရေးသားပြုစုထားသည်ဖြစ်၍ အထောက်အထား စာရွက်စာတမ်းတို့ကို ဖော်ပြပေးထားမည်ဖြစ်သည်။ လေ့လာသူများအနေဖြင့် ထိုအထောက်အထားတို့ကို ဆက်လက်ကြည့်ရှု အကဲဖြတ်နိုင်ကြမည်ဖြစ်သည်။

၄။

**ခိုင်လုံမှု** – ရေးသားသူ မည်သူ မည်ဝါမှန်း မသိနိုင်၍ ခိုင်လုံမှုမှာ မေးခွန်းထုတ်စရာဖြစ်သည်။

**တိကျသေချာမှု** – Myanmar Mobile ကို ထောက်ခံ ကာကွယ်ပေးထားပြီး အကြောင်းအရာတို့မှာ တိကျမှုရှိရန် ခက်ခဲနိုင်သည်။

**ကျိုးကြောင်းဆီလျော်မှု** – ဘက်လိုက် ရေးသားပြောဆိုထား သောကြောင့် ကျိုးကြောင်း ဆီလျော်မှု မရှိနိုင်။

**အထောက်အထား ခိုင်လုံမှု** – ရေးသားသူကိုလည်း ဖော်ပြထားခြင်း မရှိ၊ အချက်အလက်တို့မှာလည်း မပြည့်စုံ၍ အထောက်အထား ခိုင်လုံသည်ဟု မခေါ်ဆို နိုင်ပါ။

၅။

**ခိုင်လုံမှု** – ရေးသားသူ မည်သူ မည်ဝါမှန်း မသိနိုင်၍ ခိုင်လုံမှုမှာ မေးခွန်းထုတ်စရာဖြစ်သည်။

**တိကျသေချာမှု** – အချို့အချက်များ မှန်ကန်နိုင်သော် လည်း ပြင်းထန်သည့် အသုံးအနှုန်းများက စိတ်ခံစားချက် အပေါ် အခြေခံရေးသားထားကြောင်း ဖော်ပြနေသည်။

**ကျိုးကြောင်းဆီလျော်မှု** – မရှိနိုင်။ တစ်ဖက်သတ် ဆန်လွန်းသည့် အယူအဆများကို တင်ပြထားနိုင်သည်။

**အထောက်အထား ခိုင်လုံမှု** – သတင်းအရင်းအမြစ်တို့ ဖော်ပြပါရှိနိုင်သော်လည်း ထိုအရင်းအမြစ်တို့၏ ခိုင်လုံမှု၊ တိကျမှုတို့မှာ မေးခွန်းထုတ်စရာဖြစ်သည်။

## လုပ်ငန်းများ

- ဖော်ပြပါ စာပုဒ်တို့ကို ဖတ်ပြီး မေးခွန်းတို့ကို ဖြေဆိုစေပါ။
- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်စေပါ။
- သို့မဟုတ် တစ်ဦးချင်း အဖြေရှာစေပြီး စာတမ်းပြုစုစေနိုင်သည်။

### နီးစပ်သော အဖြေများ

၁။ စာပိုဒ် (၂) ပါ တင်ပြချက်များက ပိုမို လက်သင့်ခံစရာဖြစ်သည်။ စာပုဒ် (၁) ပါ စမစ်၏ ရေးသားချက်တို့မှာ ယေဘုယျဆန်လွန်းပြီး လက်တွေ့မဆန်သည့် အခြေအနေတစ်ရပ်ကို ပုံဖော်ရေးသားထားသည်။ စာပုဒ် (၂) ပါ ဂျန်ကင်၏ တင်ပြချက်များသည် စိတ်ခံစားချက်များ ထည့်သွင်းပါဝင်နိုင်သော်လည်း ကိုးကားချက်များ၊ သက်သေအထောက်အထား အစုံအလင်တို့ဖြင့် ဖော်ပြပါရှိသည်ကို တွေ့ရပေသည်။

၂။ စာပုဒ် (၁) ၏ အားသာချက် – စမစ်၏ အဆိုအရ လူဝင်မှုရေးရာ ကိစ္စရပ်တို့ကြောင့် တိုင်းပြည်၏ ရေပြတ်လပ်မှု ပြဿနာမှာ ပိုမို ဆိုးရွားလာနိုင်ကြောင်း ပညာရှင်များ၏ အဆိုကို ကိုးကားတင်ပြထားသည်။ စာပုဒ် (၁) ၏ အားနည်းချက် – ရွှေ့ပြောင်းဝင်ရောက်လာသူတို့သည် နိုင်ငံသားအဖြစ်ခံယူရန် မနှစ်လိုကြကြောင်း တင်ပြထားသည်။ သို့ရာတွင် ထိုအဆိုကို ထောက်ခံရန်အတွက် စာရေးဆရာ သိကြားခဲ့ရသည့် ရွှေ့ပြောင်းအခြေချ နေထိုင်သူ နှစ်ဦးတို့အကြောင်းကိုသာ ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုသူတို့၏ မိခင်ဘာသာစကားကိုသာ ပြောဆိုသုံးနှုန်းခြင်းသည် လက်ရှိနေထိုင်ရာ လူမှုအသိုင်းအဝိုင်းကို စော်ကားလိုသည့် အပြုအမူတစ်ရပ် မဟုတ်ကြောင်း တွေ့ရှိနိုင်သည်။ ထို့အပြင် စာရေးသူသည် 'မြေအောက် အဖွဲ့အစည်း' ဟူသော အယူအဆကို တင်ပြထားပြီး ထိုအဆိုအတွက် တိကျခိုင်လုံသော သက်သေအထောက်အထားများ တင်ပြထားနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ထို့အပြင် ထိုနိုင်ငံသားတို့၏ မူရင်းနိုင်ငံနှင့် စစ်ဖြစ်ရန်မှာလည်း အင်မတန်အခွင့်အရေး နည်းလွန်းလှသည်။ တစ်ဖန် စာရေးသူက ရွှေ့ပြောင်းအခြေချ နေထိုင်ကြခြင်းသည် လူမှုပြဿနာတို့၏ အကြောင်းရင်းဖြစ်ကြောင်း တင်ပြထားပြန်သည်။ သို့ရာတွင် ထိုဆက်နွယ်မှုကို ထောက်ခံပေးမည့် အချက်အလက်တို့ တင်ပြထားခြင်း မရှိချေ။ စာရေးသူ၏ တစ်ဖက်သတ်ကောက်ချက်ချမှုသာ ဖြစ်ပေသည်။ ထို့မျှသာမက စာရေးသူ၏ ဝေါဟာရအသုံးအနှုန်းတို့က အနည်းငယ်စိတ်ခံစားချက်အပေါ် အခြေခံရေးသားထားကြောင်း ဖော်ညွှန်းနေသည်။ ဥပမာ – ရွှေ့ပြောင်းမှုများကို 'ဆူနာမိ' ဟု ခိုင်းနှိုင်းရေးသားထားပြီး ထိုသို့ သုံးနှုန်းထားချက်က ၎င်းတို့ကို မနှစ်လိုကြောင်း ဖော်ပြနေသည်။

၃။ စာပုဒ် (၂) ၏ အားသာချက် – ယဉ်ကျေးမှု မတူကွဲပြားကြသော်လည်း အတူလက်တွဲ နေထိုင်နိုင်ကြကြောင်း ဥပမာများပေး၍ ဖော်ပြရေးသားထားသည်။ ထိုဥပမာတွင် ကျွန်းသူ ကျွန်းသားအချင်းချင်း ဖော်ရွေပျူငှာစွာ ဆက်ဆံမှုတို့အကြောင်း ဖော်ပြပါရှိပြီး ယဉ်ကျေးမှုချင်း မတူညီကြသော်လည်း အတူယှဉ်တွဲ နေထိုင်နိုင်ကြကြောင်း ရေးသားထားသည်။ ထို့အပြင် လူမှုအသိုင်းအဝိုင်းတစ်ရပ်နှင့် တစ်ရပ် ကူးလူးဆက်ဆံမှုများက အချင်းချင်းကြား နားလည်မှုတိုးတက်လာစေနိုင်ကြောင်း' ကိုလည်း ဥပမာများပေး၍ ဖော်ပြပေးထားသည်။ ထို့မျှသာမက စာရေးသူ တင်ပြထားသည့် အယူအဆများ ပိုမိုခိုင်မာစေရန်အတွက် ပညာရေးဆိုင်ရာ အထောက်အထားများဖြင့် တင်ပြဆွေးနွေးထားသည်ကို တွေ့ရပေသည်။ စာပုဒ် (၂) ၏ အားနည်းချက် – ဂျန်ကင်၏ အရေးအသားသည်လည်း စိတ်ခံစားမှုအပေါ် အခြေခံရေးသားထားသည်ကို တွေ့ရပြီး ဆန့်ကျင်ဘက်အမြင်များ ဖော်ပြပါရှိခြင်း မရှိသည်ကို တွေ့ရပေသည်။

၄။ စာပုဒ် (၁) – လူမျိုးစွဲအမြင်များ အားပေးရာရောက်ခြင်း၊ ပဋိပက္ခများ ပေါ်ပေါက်လာနိုင်ခြင်း၊ ခွဲခြားဆက်ဆံမှုများ တိုးပွားလာနိုင်ခြင်း။ တစ်ဖက်ကကြည့်လျှင် ရွှေ့ပြောင်းအခြေချမှုဆိုင်ရာ အစိုးရမူဝါဒများ တိုးတက်လာနိုင်သည်။ စာပုဒ် (၂) – စည်းလုံးမှု၊ သည်းခံစိတ်ရှည်မှု၊ နားလည်လက်ခံနိုင်မှု။ တစ်ဖက်တွင် ပညာရှင်တို့၏ အမြင်များ မတူကွဲပြားနိုင်သည်။

# ၃.၄ သတင်းရယူခြင်းဆိုင်ရာ နိုင်ငံသားများတွင် ရှိအပ်သည့် ကျွမ်းကျင်မှုများ

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## ၃.၄.၁ နှိုင်းချင့်ဝေဖန်ပြီး စာဖတ်စွမ်း

### အကြံပြုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

### နီးစပ်သော အဖြေများ

– စာကို အလေးအနက်မထားဘဲ ဖတ်ရှုခြင်းသည် စာအုပ်ပါ အကြောင်းအရာတို့ကိုသာ သိမြင်စေပြီး ထိုစာအုပ်မှပေးလိုသည့် ရည်ရွယ်ချက်၊ သင်ခန်းစာတို့ကို သတိမမူ တတ်ကြချေ။

– ကျိုးကြောင်းဆင်ခြင်ပြီး စာဖတ်ခြင်းက စာအုပ်ပါ အကြောင်းခြင်းရာတို့သာမက စာရေးသူပေးလိုသည့် သင်ခန်းစာများ၊ စာရေးသူ၏ အမြင်အယူအဆများ၊ တင်ပြပုံတို့ကိုပါ လေ့လာမှတ်သားနိုင်ပေသည်။

### ဖတ်ရန်

- ဖော်ပြပါ သတင်းဆောင်းပါးကို ဖတ်ရှုစေပါ။

### လုပ်ငန်းများ

- တစ်ယောက်ခြင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်းပါး ပါ 'အချက်အလက်' တို့နှင့် 'အယူအဆ' တို့ကို ခွဲထုတ်စေပါ။

### အဖြေများ

### အချက်အလက်များ

- လေ့လာချက်များအရ လက်နက်ကိုင်ဓားပြတိုက်မှုများ တိုးပွားလာသည်။ (သတင်းအရင်းအမြစ်၏ ခိုင်လုံမှုအပေါ် မူတည်သည်။)
- စူပါမားကတ် အပြင်ဘက်တွင် လက်နက်ကိုင်လူတစ်စု ပစ်သတ်ခံခဲ့ရသည်။
- ထိုလူတို့သည် ဘဏ်ကို ဓားပြတိုက်ရန် ကြံစည်ထား သည်ဟု ရဲများ၏ အဆိုအရ သိရသည်။ (မှားယွင်းဖော်ပြနိုင်သည်)
- အချို့သော မျက်မြင်ပုဂ္ဂိုလ်တို့၏ အဆိုအရ လက်နက်ကိုင်အဖွဲ့က စတင်ပစ်ခတ်ပြီး ရဲများက ခုခံ ကာကွယ်ခဲ့ကြောင်း ဆိုထားသည်။
- အချို့ကမူ လက်နက်ကိုင်များ ကားပေါ်တက်သည်နှင့် ရဲများက စတင် ပစ်ခတ်ကြကြောင်း ဆိုကြသည်။
- ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ဓါးပြ (၅) ဦး သေဆုံးကြောင်း သတင်းထုတ်ပြန်ထားသည်။

### အယူအဆများ

- ရဲတပ်ဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း တင်ပြထားသည်။
- မည်သည့်အဖွဲ့က စတင်ပစ်ခတ်သည့် အရေးမကြီးဟု ဖော်ပြထားသည်။
- ဓါးပြများက သတ်ဖြတ်သောင်းကျန်းနေကြကြောင်း ဖော်ထုတ်ရေးသားထားသည်။
- ထိုလုပ်ရပ်များကို တားဆီးနိုင်ရေးအတွက် ထိုက်တန် သော အပြစ်တစ်စုံတစ်ရာခံစားသင့်ကြောင်း ရေးသား ထားသည်။

### ဆွေးနွေးချက်

- အဖွဲ့များဖွဲ့ပေးပြီး မေးခွန်းများကို ဆွေးနွေးစေပါ။
- ထိုဖြေဆိုချက်များကို အခြားအဖွဲ့များသို့ တင်ပြစေပါ။

### နီးစပ်သော အဖြေများ

၁။ ဆောင်းပါးတွင် အချက်အလက်ရော အတွေးအမြင်ပါ အညီအမျှ တင်ပြထားကြောင်း တွေ့ရသည်။ အချက်အလက်ကြီး သက်သက်သာ တင်ပြထားမည် ဆိုပါက စာဖတ်သူ၏ စိတ်ကို ဖမ်းစားနိုင်ရန် ခက်ခဲ နိုင်ပြီး အတွေးအမြင်ကြီးသာ ပါဝင်ပါကလည်း ဆောင်းပါးအရည်အသွေး ကျဆင်းနိုင်သည်။

၂။ သတင်းဆောင်းပါးတို့သည် အယူအဆ အတွေးအမြင် များ ပါရှိသင့်သော်လည်း မည်သည့် အချက်အလက်၊ မည်သည့်အတွေးအမြင် ဖြစ်သည်ကို ကွဲကွဲပြားပြား သိနားလည်စေရမည်။ ထိုသို့ မဟုတ်ပါက ဆောင်းပါး၏ အဓိက ရည်ရွယ်ချက်ကို စာဖတ်သူတိုင်း နားလည်သဘောပေါက်စေရန် ပုံဖော်တင်ပြပေးနိုင်စွမ်းရှိမည် မဟုတ်တော့ချေ။

၃။ ဝေဖန်ဆန်းစစ်ပြီး စာဖတ်သူတစ်ဦးအနေဖြင့် မိမိတို့ ဖတ်သည့် အကြောင်းအရာတိုင်းကို မှန်ကန်မှု ရှိ၊ မရှိ အစဉ် မေးခွန်းထုတ်သင့်ပြီး စာရေးသူတိုင်းတွင် ထူးခြားသော အမြင်တစ်မျိုးနှင့် တစ်မျိုးကွဲပြားကြ ကြောင်း နားလည်လက်ခံထားသင့်သည်။

## ၃.၄.၂ နားထောင်မှုအစွမ်း

### အကြိုသင်ခန်းစာ

- ဖော်ပြပါ အဆိုအမိန့်ကို ကျောင်းသားများ လေ့လာ သုံးသပ်စေပါ။
- ကျောင်းသားတို့၏ အမြင်များကို မေးမြန်း ဆွေးနွေးပေးပါ။

**အဖြေများ**

ကျွန်ုပ်တို့သည် မိမိပတ်ဝန်းကျင်ရှိ ပြောဟောဝေဖန်ချက်ကို နိစ္စဓူဝ ကြားသိနေကြရသော်လည်း 'နားထောင်မှု' နှင့် 'ကြားနာမှု' အကြား ကွဲပြားချက်ကို သတိမမူ တတ်ကြချေ။ ဖော်ပြပါ အဆိုအမိန့်က ထိုအချက်ကို ထောက်ပြပေးထားပြီး အနက်အဓိပ္ပာယ် အမျိုးမျိုးဖြင့် ရှင်းလင်းဖော်ပြနိုင်သည်။ 'ကြားနာမှု' ကို အဓိပ္ပာယ်ဖွင့်ဆိုမည် ဆိုပါက အခြားတစ်ပါးသော ပုဂ္ဂိုလ်တို့၏ ပြောဆိုချက်များကို ကြားသိခြင်းဟု ဖော်ပြနိုင်ပြီး 'နားထောင်မှု' ကိုမူ ထိုသို့ ကြားသိရုံသာမက ပြောဆိုချက်ကို အပြည့်အဝ နားလည်နိုင်စွမ်းဟု ကောက်ချက်ချနိုင်သည်။

ဥပမာဆိုရသော် သူငယ်ချင်းတစ်ယောက်က စာဖတ်သူထံ လာရောက်ပြီး သူစိတ်ဆင်းရဲနေကြောင်း ပြောဆိုပါက စာဖတ်သူအနေဖြင့် 'ထိုသူသည် စိတ်ဆင်းရဲနေသည်' ဟု ကြားသိလိုက်ရသည်။ အကယ်၍ စာဖတ်သူထံတွင် 'နားထောင်မှု' စွမ်းရည်ကိုပါ ပိုင်ဆိုင်ထားပါက ထိုပြောဆိုမှု၏ လေသံအနေအထား၊ စကားလုံးဖြင့် မဖော်ပြနိုင်သော အမူအရာများနှင့် သူငယ်ချင်းဖြစ်သူ၏ စိတ်ခံစားချက် အခြေအနေတို့ကို ကြားသိနားလည် နိုင်မည် ဖြစ်ပေသည်။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိထားချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လုပ်ငန်းများ

နှစ်ယောက်တစ်တွဲ တွဲပေးပြီး အဖြစ်အပျက်တစ်ရပ်အပေါ် အခြေခံသည့် ဆွေးနွေးမှုတစ်ရပ် ပြုလုပ်စေပါ။ ကျောင်းသားများအနေဖြင့် အောက်ပါအကြောင်းအရာတို့ကို ပြောဆိုဆွေးနွေးနိုင်သည်။

၁။ သစ်တောများကို ထိန်းသိမ်းခြင်းက လယ်ယာစိုက်ပျိုးရေးထက် ပိုမိုအရေးပါသည်။

၂။ လူထုထပ်သောနေရာတို့တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်သင့်သည်။

၃။ အရက်သေစာတို့ကို တရားမဝင်ကြောင်း ပြဋ္ဌာန်း ထုတ်ပြန်သင့်သည်။

၄။ အမျိုးသမီးများသည် အမျိုးသားများထက် သူနာပြု လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပိုမိုသင့်တော်သည်။

၅။ စီစဉ်ချမှတ်ထားသော လက်ထပ်ထိမ်းမြားမှုများက အိမ်ထောင်ရေး မသာယာမှုကို ဖြစ်ပေါ်စေသည်။

၆။ လက်မထပ်ဘဲ အတူနေခြင်းကို ခွင့်မပြုသင့်ချေ။

- ထိုသို့ ပြောဆိုဆွေးနွေးရာတွင် မိမိတို့ကျွမ်းကျင်သော ဘာသာစကားဖြင့် ပြောဆိုနိုင်သည်။
- တစ်ဦးပြောဆိုသော အကြောင်းအရာအားလုံးကို နောက်တစ်ဦးက နားထောင်ပြီး ရေးမှတ်ထားစေပါ။
- ထိုရေးသားထားမှုများ မှန်၊ မမှန်ကို မူလပြောဆိုသူထံ ပြသပြီး စစ်ဆေးအတည်ပြုစေပါ။
- ဖော်ပြပါ နည်းစနစ်အတိုင်း ပြန်လည်ပြုလုပ်စေပါ။ ဤအခေါက်တွင်မူ ပထမအခေါက်တွင် နားထောင်ခဲ့သူက အကြောင်းအရာအသစ် တစ်ခုကို ပြောဆိုပြီး ကျန်တစ်ဦးက နားထောင်ရေးမှတ်ရမည် ဖြစ်သည်။
- ဤသို့ဖြင့် ၅ မိနစ် – ၁၀ မိနစ်ကြာ ဆွေးနွေးစေပါ။
- ထိုသို့ လုပ်ဆောင်ပြီးပါက ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ တစ်ဦးပြောဆိုနေချိန်တွင် ကျန်တစ်ဦးက ပြန်လည်ပြောဆိုနိုင်ခြင်း မရှိ။ နားထောင်သူ၏ တုံ့ပြန်ချက်များကို အဆုံးမှသာ နားထောင်နိုင်သည်။ တစ်ဦးပြောလိုသော အကြောင်းအရာကို ပိုမို သိရှိစေနိုင်သည်။

၂။ မိမိတို့ပြောမည့် အကြောင်းအရာကို ကြိုတင် ပြင်ဆင်ခြင်းက ပြောဆိုဆွေးနွေးရာတွင် အထောက်အကူပြုနိုင်သည်။ ထိုသို့ ဆွေးနွေး ပြောဆိုရာတွင် အမြင်မတူသည့် အကြောင်းအရာများ ပေါ်ပေါက်ခြင်းက တစ်ဦးနှင့် တစ်ဦးကြား နားလည် လက်ခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။

## လုပ်ငန်းများ

- ရှေ့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်အတိုင်း ကျောင်းသားတို့နှင့် တိုက်ရိုက်သက်ရောက်မှုရှိသည့် အကြောင်းအရာတစ်ရပ်ကို အခြေခံလျက် ဆွေးနွေးပြောဆိုစေပါ။

# ၃.၄.၃ ဆွေးနွေးပြောဆိုနိုင်စွမ်း

## ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လုပ်ငန်းများ

၁။ အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုစေပါ။

- ကျောင်းသားတို့၏ ဖြေဆိုချက်များကို ဆွေးနွေး မေးမြန်းပေးပါ။

## နီးစပ်သော အဖြေများ

### အားသာချက်

အလုပ်အကိုင် အခွင့်အလမ်းများ၊ အဆောက်အအုံနှင့် လမ်း၊ တံတားများ ပိုမိုကောင်းမွန်လာနိုင်ခြင်း၊ ဒေသခံတို့၏ စီးပွားရေး တောင့်တင်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ခြင်း။

### အားနည်းချက်

သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် အနှောင့်အယှက် ဖြစ်စေနိုင်ခြင်း၊ ဒေသခံခရီးသွားလုပ်ငန်းများအပေါ် ထိခိုက်နိုင်ခြင်း၊ အကျိုးထက်အပြစ်များသည့် စက်မှုလုပ်ငန်းများ။

၂။ Giant Oil ၏ စီမံကိန်းအပေါ် ကျောင်းသားတို့၏ အမြင်ကို ရေးသားဖော်ပြစေပါ။ ထိုသို့ ရေးသားရာတွင် ထောက်ခံမှု ရှိ၊ မရှိ နှင့် အဘယ်ကြောင့် ထိုသို့ ဆုံးဖြတ်ရသည်တို့ကို ထည့်သွင်းတင်ပြစေပါ။

## လုပ်ငန်းများ

- ကျောင်းသားများကို အဖွဲ့ (၄) ဖွဲ့ ခွဲဝေချထားပေးပါ။ (ကျောင်းသားများပါ ၈ ဖွဲ့အထိ ဖွဲ့ပေးနိုင်သည်။)
  - Giant Oil လုပ်ငန်းရှင်များအဖွဲ့
  - အလုပ်လက်မဲ့များ
  - ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများ၊
  - ဟိုတယ်နှင့် တည်းခိုခန်း ဝန်ထမ်းများ၊
- အဖွဲ့တိုင်းအနေဖြင့် အဆိုတစ်ရပ် တင်သွင်းရမည်ဖြစ်ပြီး ပြင်ဆင်ချိန် မိနစ် ၂၀ ခန့် ရရှိမည်ဖြစ်သည်။
  - ကျောင်းသားတို့၏ ကိုယ်ပိုင်ရပ်တည်ချက်များထက် မိမိတို့ကိုယ်စားပြုသော အဖွဲ့၏ ရပ်တည်ချက်ကို ဖော်ပြပေးရမည်ဖြစ်ကြောင်း သတိပေးပါ။
  - အဖွဲ့ဝင်တိုင်း ဆွေးနွေးပါဝင်ကြရန် သတိပေးပါ။
- စာသင်ခန်း အပြင်အဆင်ကို ရပ်ကွက်စည်းဝေးပွဲအသွင် နေရာချထားပေးပါ။ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အလုပ်အကိုင် ရှာဖွေနေသူများက တစ်ဖက်၊ ပတ်ဝန်းကျင် စောင့်ရှောက်ရေးအဖွဲ့နှင့် ဟိုတယ် ဝန်ထမ်းများက တစ်ဖက် ခွဲခြားသတ်မှတ် ထိုင်စေပါ။
- Giant Oil အဖွဲ့မှ (၅) မိနစ်ကြာ ပြောကြားစေပြီး အခြားအဖွဲ့များ မေးခွန်းမေးရန် (၂) မိနစ်ခန့် အချိန်ပေးပါ။
- ထို့နောက် အလုပ်အကိုင်ရှာဖွေသူများ အဖွဲ့မှ တင်ပြ ဆွေးနွေးပြီး အခြားအဖွဲ့တို့က မေးခွန်းများ မေးစေပါ။
- အခြားသော အဖွဲ့များသည်လည်း အထက်ပါ လုပ်ဆောင်ချက်အတိုင်း လုပ်ဆောင်စေပါ။ ထိုသို့ ဆွေးနွေးပြောဆိုပြီးပါက အဖွဲ့အားလုံး ထောက်ခံ အတည်ပြုသည့် သဘောတူညီချက်တစ်ရပ် ရေးဆွဲစေပါ။
- ထိုသဘောတူညီချက်ကို အကဲဖြတ်၍ မည်သူ၏ အဆို ကို လက်သင့်ခံကြသည်၊ မည်သို့သော အခြေအနေအထိ သဘောတူညီချက်တစ်ရပ် တည်ဆောက်နိုင်ခဲ့ကြသည်ကို သုံးသပ်ပေးနိုင်သည်။

## ပြန်လည်သုံးသပ်ချက်

၁။ အခြားသူတို့၏ အမြင်ကို ကြားသိရပြီးနောက် ကျောင်းသားတို့၏ မူလက လက်သင့်ခံထားသည့် အတွေးအမြင်များ ပြောင်းလဲသွားမှု ရှိ၊ မရှိကို ဆန်းစစ်စေပါ။

- နှစ်ယောက်တစ်တွဲ တွဲပေးပြီး ထိုပြောင်းလဲခဲ့သည့် အမြင်တို့ကို ဆွေးနွေးစေပါ။

၂။ ထိုဆွေးနွေးပွဲတွင် ပါဝင်သူတိုင်း၏ အမြင်ကို တင်ပြဆွေးနွေးခွင့် ပြုခြင်းဖြင့် မည်သို့အကျိုးရလဒ် ခံစားရသည်ကို ဆွေးနွေးစေပါ။။

**နီးစပ်သော အဖြေများ**

ထိုကဲ့သို့သော ဆွေးနွေးမှုများကြောင့် ပါဝင်သူတိုင်းကို လေးစားအသိအမှတ်ပြုရာရောက်ပြီး စိတ်အေးလက်အေး ဆွေးနွေးပါဝင်နိုင်သည်။ ထို့အပြင် ပါဝင်ဆွေးနွေးသူတိုင်း ၏ ရပ်တည်ချက် အမြင်သဘောထားတို့ကိုပါ သိရှိစေနိုင် ပေသည်။

၃။ 'အများနှင့် ဆွေးနွေးတိုင်ပင်ခြင်း' ကို မည်သို့သော ကိစ္စရပ်များတွင် အသုံးချနိုင်သည်ကို စဉ်းစား ဖော်ထုတ်စေပါ။

**နီးစပ်သော အဖြေများ**

အွန်လိုင်း ဖိုရမ်များ၊ တက္ကသိုလ် အသင်းများ၊ ပါလီမန် အစည်းအဝေးများ၊ စကားရည်လုပွဲများ။

## လုပ်ဆောင်ရန်

ကျောင်းသားများအနေဖြင့် ထိုသို့ ဆွေးနွေးပြောဆိုပြီး သဘောတူညီချက် ချမှတ်ရာတွင် အခက်အခဲရှိပါက အခြားသော နည်းစနစ်များ အသုံးပြုပြီး အဖွဲ့ (၄) ဖွဲ့လုံး စုပေါင်း၍ စာတမ်းတစ်စောင် ပြုစုစေပါ။ ထိုစာတမ်းတွင် အဖွဲ့ (၄) ဖွဲ့လုံး၏ လိုအပ်ချက်များ၊ အတွေးအမြင် အားလုံး ဖော်ပြပါ ရှိစေပြီး မည်သည့် အချက်များက သဘောတူညီချက် ရယူရာတွင် အခက်အခဲ ဖြစ်စေသည်ကို တွက်ထုတ်စေပါ။

# ၃.၅ သတင်းမီဒီယာများ၏ အခန်းကဏ္ဍ

## အကြိုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

သတင်းမီဒီယာတို့သည် လူ့အဖွဲ့အစည်းဆိုင်ရာ သတင်း အချက်အလက်တို့ကို နိုင်ငံသားတိုင်း မျက်ခြေမပြတ် သိရှိစေနိုင်ပေသည်။ သတင်းမီဒီယာပါ အချက်အလက် တို့သည် တိကျခိုင်လုံမှု ရှိပါက လူမှုအရေးအရာတို့ကို ဆုံးဖြတ်အကောင်အထည်ဖော်ရာတွင် အထောက်အကူ ပြုပေးနိုင်မည်ဖြစ်ပြီး ဖော်ပြပါရှိသည့် သတင်း အချက်အလက်တို့သည် ချို့ယွင်းချက်များ ပါရှိနေပါက လူမှုပဋိပက္ခများအထိ ဖြစ်ထွန်းပေါ်ပေါက်နိုင်ပေသည်။

## ဖတ်ရန်

- သင်ခန်းစာ (၃.၅) ပါ ဖော်ပြပါရှိချက် အားလုံးကို ကျောင်းသားများ လေ့လာဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

- ဖော်ပြပါရှိသည့် မေးခွန်းများကို ကျောင်းသားများ ဖြေဆိုစေပါ။
- ကျောင်းသားတို့၏ ဖြေဆိုချက်များကို မေးမြန်း ဆွေးနွေးပေးပါ။

**နီးစပ်သော အဖြေများ**

၁။ လွတ်လပ်သည့် သတင်းမီဒီယာများသည် သတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေရာတွင် တွန့်ဆုတ်မှုမရှိ ဆောင်ရွက်တတ်ကြပြီး ထိုအချက်ကြောင့်ပင်လျှင် ပြည်သူတိုင်း သတင်းဦး သတင်းထူးတို့ကို သိရှိနိုင်ကြရပေသည်။ ထိုသတင်းအချက်အလက်တို့ကို အစဉ်အကဲဖြတ် နားစွင့်နေသည့် နိုင်ငံသားတစ်ဦးအနေဖြင့် လူမှုကိစ္စရပ်များ ဖော်ဆောင်ရာတွင် အခက်အခဲမရှိ ပါဝင်နိုင်ကြမည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ရေးရာ၊ နိုင်ငံရေးရာ သတင်းအချက်အလက်တို့ကိုပါ သိမြင်ကြားသိနိုင်ကြပြီး နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လှုပ်ရှားပါဝင်နိုင်ကြမည် ဖြစ်ပေသည်။

၂။ မီဒီယာတို့မှတစ်ဆင့် အစိုးရ၏ လုပ်ဆောင်ချက်များကို သိမြင်လာနိုင်ပြီး ထိုလုပ်ဆောင်ချက်တို့အပေါ် ဝေဖန်အကြံပြုလာနိုင်ပေသည်။ နိုင်ငံအရေးအရာတို့ကို စိတ်ပါဝင်စားသူတို့အနေဖြင့် အစိုးရ၏ ဥပဒေမဲ့လုပ်ရပ်များ၊ လာဘ်စားမှုများကို တွေ့ရှိ သိမြင်ရပါက ထောက်ပြပြောဆိုနိုင်ကြမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်အတွက် လွန်စွာအထောက်အကူပြုနိုင်ပေသည်။ ထို့ပြင်သာမက မီဒီယာများအနေဖြင့် နိုင်ငံရေးသမားတို့၏ ဆုံးဖြတ်ပြောဆိုမှုများကို ဖော်ထုတ်ဝေဖန်နိုင်ကြပြီး ပြည်သူများအနေဖြင့် နိုင်ငံရေးလှည့်ကွက်များကိုပါ သိမြင်သဘောပေါက်လာစေနိုင်ပေသည်။ (..........)

၃။ လွတ်လပ်စွာ ပြောဆိုဝေဖန်ခြင်းသည် အချို့သော လူမှုအခွင့်အရေးများဖြစ်သည့် ပုဂ္ဂလိက လွတ်လပ်ခွင့်၊ လုပ်ငန်းခွင် လွတ်လပ်ခွင့် အစရှိသည့် အခွင့်အရေးများနှင့် ငြိစွန်းနေနိုင်ပေသည်။ သတင်းမီဒီယာများအနေဖြင့် ခေါင်းဆောင်များ၊ အနုပညာရှင်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်တို့ကို အသိမပေးဘဲ ဖောက်ချပုတ်ခတ်မှုများကြောင့် ဝေဖန်ခံကြရသည်။ အချို့သော သတင်းမီဒီယာတို့သည် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများ၏ လက်သည် တရားခံ ဖြစ်သည်ကို တွေ့မြင်နိုင်ပေသည်။ အချို့သော မုန်းတီးရေးဝါဒ မှိုင်းတို့သည် သတင်းမီဒီယာများကြောင့် ဖြစ်ထွန်းပေါ်ပေါက်လာကြခြင်း ဖြစ်ပြီး ထိုပေါ်ပေါက်မှုက လူမှုအသိုင်းအဝိုင်းတိုင်းအပေါ် ကြီးစွာသော သက်ရောက်မှုရှိနေပေသည်။ ထိုအချက်ကြောင့်ပင်လျှင် အချို့သော သတင်းမီဒီယာတို့၏ ရေးသားထားချက်တို့သည် ပိတ်ပင်သင့်က ကန့်သတ်ပိတ်ပင်သင့်လှသည်။ ဥပမာဆိုရသော် အစိုးရရုံး တစ်ရုံးအတွင်း ဖုံးပေါက်ကွဲမှုသတင်းကို ပြည်သူများ၏ စိုးရိမ်ကြောက်ရွံ့မှု လျှော့နည်းစေရေးအတွက် ထိုပေါက်ကွဲမှုဆိုင်ရာ သတင်းတို့ကို လက်သည်တရားခံ မပေါ်သေးခင်အထိ တားမြစ်ကန့်သတ်ထားအပ်ပေသည်။

## ဆွေးနွေးချက်

- ဖော်ပြပါရှိသည့် မေးခွန်းများကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ သတင်းမီဒီယာဆိုင်ရာ ဥပဒေသတ်မှတ်ချက်တို့မှာ အများအားဖြင့် လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်နှင့် ဆက်နွယ်နေကြသည်။ လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်တွင် လွတ်လပ်သော သတင်းအချက်အလက် ရယူဖလှယ်နိုင်ခွင့်၊ မထုတ်ပြန်လိုသော သတင်းအချက်အလက်တို့ကို ထိန်းသိမ်းခွင့်နှင့် လွတ်လပ်စွာ တွေးမြင်ပိုင်ခွင့်တို့ ပါဝင်ပြီး အနုပညာဆိုင်ရာ ဖန်တီးခွင့်၊ ဆွေးနွေးဟောပြောခွင့်၊ ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်၊ ဂျာနယ်လစ်ဆိုင်ရာ လွတ်လပ်ခွင့်များလည်း ပါဝင်ပေသည်။

၂။

» **မီဒီယာတစ်ရပ်အနေဖြင့် သတင်းအချက်အလက်တို့ကို အခြေအမြစ်မရှိဘဲ မှားယွင်းဖော်ပြခြင်း မပြုသင့်။**

» ကောလဟာလသတင်းများကို ဖော်ပြခြင်း မပြုအပ်။

» ရန်တိုက်ပေးသည့် ပြောဟောချက်များကို ထည့်သွင်းပါဝင်ခြင်း မပြုအပ်။

» နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ဝါဒရေးရာအရ သတင်းမီဒီယာအပေါ် လွှမ်းမိုးမှုများ ခွင့်မပြုအပ်။

» နိုင်ငံသားတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အစဉ်သတိမူကြရမည်။

» တစ်ဦးတစ်ယောက်အပေါ် ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် သတင်းအချက်အလက်တို့ကို ဖော်ပြပါရှိခြင်း မပြုအပ်။

## ဖတ်ရန်

- ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်ကို ကျောင်းသားများ လေ့လာသုံးသပ်စေပါ။

## လေ့ကျင့်ခန်း

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။

**ထောက်ခံသော အဆို**

- ရိုးရာယဉ်ကျေးမှုကို ကာကွယ်ရန်။
- တေးသီချင်းပါ အကြောင်းအရာတို့က အစိုးရ၏ မူဝါဒတို့နှင့် ဆန့်ကျင်နေနိုင်သည်။
- ပြည်သူ့စာရိတ္တ ရှင်သန်ခိုင်မာစေသည်။(အချို့ သီချင်းများသည် စာရိတ္တပျက်ပြားစေသည်။)
- နိုင်ငံခြားယဉ်ကျေးမှုလွှမ်းမိုးလာခြင်းက ရိုးရာဓလေ့ တို့ကို ထိခိုက်စေနိုင်သည်။

**ကန့်ကွက်သော အဆို**

- အရောင်အသွေးစုံ လူမှုအသိုင်းအဝိုင်းတစ်ရပ် ဖန်တီးနိုင်။ လွတ်လပ်စွာ ထုတ်ဖော်တင်ပြလာနိုင်။

၂။

စာရေးသူနှစ်ဦးစလုံးက တူညီသော ရှုထောင့်တစ်ရပ်မှ ရေးသားတင်ပြထားကြပြီး မီဒီယာလွတ်လပ်ခွင့်ကို ပိတ်ပင်ရန် ထောက်ခံထားသည်။ သို့ရာတွင် ဆွေးနွေးတင်ပြရာ၌ အနည်းငယ်ကွဲလဲသည်ကို တွေ့ရသည်။ စာပိုဒ် (၂) တွင် ယဉ်ကျေးမှု၏ အရေးပါပုံနှင့် လူငယ်ဂီတသမားများကို မြေတောင်မြှောက်ပေးရန် ဖော်ပြထားသော်လည်း စာပိုဒ် (၁) တွင်မူ သီချင်းမီဒီယာတို့သည် အစိုးရကို ပုတ်ခတ်ခြင်း မပြုသင့်ကြောင်း ရေးသားထားသည်။ သို့ရာတွင် စာပိုဒ် (၁) ပါ တင်ပြချက်မှာ အဘယ်ကြောင့် မပုတ်ခတ်သင့်ကြောင်း ရှင်းလင်း ထုတ်ဖော်ထားခြင်း မရှိချေ။ ထိုကဲ့သို့ တင်ပြထားရခြင်း၏ အကြောင်းရင်း များစွာ ရှိနိုင်ပေသည်။ (ဥပမာ – စာရေးသူအနေဖြင့် အစိုးရကို မဝေဖန်ရဲ၍၊ တိကျခိုင်လုံသော အထောက်အထား မရှာဖွေနိုင်၍)။ ထိုကဲ့သို့သော ရှင်းလင်းတိကျစွာ ဖော်ပြထားနိုင်ခြင်း မရှိသည့် စာပိုဒ် (၁) ကို ထောက်ခံရန်မှာ စဉ်းစားစရာဖြစ်သည်။

### ဆွေးနွေးချက်

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။
- ထိုဖြေဆိုချက်တို့ကို မေးမြန်းဆွေးနွေးပေးပါ။

**နီးစပ်သော အဖြေများ**

၁။

- အတွေးအခေါ် အယူအဆသစ်များ၊ လုပ်ဆောင်မှု အသစ်အဆန်းများ ဖန်တီးပြုလုပ်လာနိုင်ခြင်း။
- လွတ်လပ်စွာ ဖန်တီးမှုများကြောင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို အားပေးခြင်း။
- ဒီမိုကရေစီစနစ်ကို ထောက်ပံ့ပေးရာရောက်ခြင်း။ (အနုပညာလုပ်ငန်းများ လွတ်လွတ်လပ်လပ် ပြုလုပ်ခွင့်ရခြင်းသည် လွတ်လပ်စွာ ဖန်တီးနေထိုင်ခွင့် တစ်မျိုးပင်ဖြစ်သည်။)

၂။

- ညစ်ညမ်းပုံများ၊ စာများ။ (ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သောကြောင့် ဖြစ်သည်။)
- လူမျိုးရေးလှုံ့ဆော်ပေးသည့် သီချင်းများ။ (လူသားအချင်းချင်း ခွဲခြားဆက်ဆံမှုကို ဖြစ်ထွန်း စေနိုင်သည်။)

### ပြန်လည်သုံးသပ်ချက်

- ကျောင်းသားများအနေဖြင့် ဖော်ပြပါ စာနှစ်စောင်ကို ကန့်ကွက်ထောက်ပြထားသည့် အယ်ဒီတာ့ထံပေးစာ တစ်စောင်ပြုစုစေပါ။ ဂီတဆင်ဆာဖျက်မှုဆိုင်ရာ ကိုယ်ပိုင်အတွေးအမြင်များကို ထည့်သွင်း ဖော်ပြစေပါ။
- ထိုသို့ ပြုစုရာတွင် ကျောင်းသားတို့၏ ကိုယ်ပိုင် အတွေ့အကြုံ၊ အယူအဆများကို အခြေခံလျက် အချက်အလက်စုံလင်စွာ ရေးသားတင်ပြပေးရမည် ဖြစ်သည်။

## ၃.၅.၁ လူမှုကွန်ရက် မီဒီယာ

**အကြိုသင်ခန်းစာ**

- လူမှုကွန်ရက် မီဒီယာအကြောင်း ကျောင်းသားများ ဆွေးနွေးစေပြီး သူတို့အသုံးပြုတတ်သည့် လူမှုကွန်ရက်များ အကြောင်း သင်ပုန်းပေါ်တွင် ချရေးစေပါ။

  ဥပမာ – Facebook, twitter, Blog.

- အဘယ်ကြောင့် အသုံးပြုရသည်၊ လူမှုကွန်ရက် မီဒီယာကို အခြားမည့်သည့် ကဏ္ဍများတွင် အသုံးပြုနိုင်သေးသနည်း။
- လူမှုမီဒီယာပါ သတင်းအချက်အလက်တို့သည် တိကျခိုင်လုံမှု မည်မျှရှိသည်ကို ဆွေးနွေးမေးမြန်းပေးပါ။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

- လူမှုကွန်ရက် မီဒီယာများအကြောင်း ဆွေးနွေးစေပြီး ၎င်းတို့ကို အမျိုးအစား ခွဲခြားစေပါ။
- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ ကောလာဟလများ၊ အကြောက်တရားများ တိုးပွားလာခြင်း၊ ပြစ်တင်ဝေဖန်မှုများ၊ သတင်းမှားများ ကြားသိရနိုင်ခြင်း၊ ပဋိပက္ခများ ပေါ်ပေါက်နိုင်ခြင်း။

၂။ အစိုးရကို ဆန့်ကျင်သည့် သတင်းအရင်းအမြစ်များကို ပိတ်ပင်ထားခြင်း။

၃။ ဝက်ဘ်ဆိုဒ်များ၊ တွစ်တာအကောင့်များကို ပိတ်ပင်ဖျက်သိမ်းခဲ့ခြင်း၊ ဖုန်းမတ်ဆေ့ချ်ပို့ခြင်းကို ပိတ်ပင်ထားခြင်း၊ လူမှုကွန်ရက်ပေါ်တွင် ရေးသား တင်ပြခဲ့သော အကြောင်းအရာတို့ကို ပယ်ဖျက်ပေးရန် တိုက်တွန်းနှိုးဆော်ထားခြင်း။ ထိုသို့ပြုလုပ်ရသည့် အကြောင်းရင်းမှာ လူနည်းစု တိုင်းရင်းသားများအပေါ် ကျရောက်နိုင်သည့် မလိုအပ်သော ပဋိပက္ခများမှ ရှောင်ရှားစေနိုင်ရန်ဖြစ်သည်။

### ပြန်လည်သုံးသပ်ချက်

- အိန္ဒိယအစိုးရ၏ လုပ်ရပ်များသည် မျှတမှုရှိမရှိကို ကျောင်းသားများကို မေးမြန်းဆွေးနွေးပေးပါ။ အဘယ်ကြောင့် မျှတသည်ဟု ထင်သည်၊ အဘယ်ကြောင့် မမျှတရသည်ကိုပါ ဖော်ပြပြောဆိုစေပါ။
- ထိုပြောဆိုချက်များကို သင်ပုန်းတွင် ရေးသား ဖော်ပြပေးပါ။

**နီးစပ်သော အဖြေများ**

၁။ ငြိမ်းချမ်းမှု၊ သည်းခံမှု၊ ပေါင်းစည်းမှု၊ သိက္ခာတရား၊ လူနည်းစု အခွင့်အရေး၊ တစ်ဦးအပေါ်တစ်ဦး လေးစားမှု။

၂။ လွတ်လပ်စွာ ပြောဆိုနိုင်မှု၊ ဝေဖန်နိုင်မှု၊ သတင်းမျှဝေနိုင်မှု။

# ၃.၆ လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း

### အကြိုသင်ခန်းစာ

- မည်ကဲ့သို့သော ပြဿနာများနှင့် ကိစ္စရပ်များက နိုင်ငံသားတို့၏ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတွင် ပါဝင်ရန် ပိတ်ပင်ထားသည်ကို ဆွေးနွေးစေပါ။
- ကျောင်းသားတို့၏ အတွေးအမြင်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

### ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### ဆွေးနွေးချက်

- နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ အခက်အခဲများက လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာ ပါဝင်ရေးတွင် မည်သို့ သက်ရောက်မှုရှိကြောင်း ဆွေးနွေးစေပါ။
- ထိုဆွေးနွေးချက်တို့ကို အခြားသော အဖွဲ့များသို့ တင်ပြ ပြောဆိုစေပါ။

### လုပ်ငန်းများ

- အဖွဲ့များ ဖွဲ့ပေးပြီး စာမျက်နှာ ၅၆ ရှိ အခန်းခွဲ (၃.၁) ၏တွင်ပါသည့် ကာတွန်းပုံမှ 'လူ့အဖွဲ့အစည်းအတွင်း ပါဝင်လှုပ်ရှားမှုများ' ကို ပြန်လည်ဖတ်ရှုစေပါ။ ထို့နောက် 'ပါဝင်လှုပ်ရှားမှု' တစ်ရပ်ကို ရွေးချယ်စေပါ။ ထိုသို့ ရွေးချယ်ရာတွင် မတူညီသည့် လှုပ်ရှားမှု ဖြစ်စေရေး ကြပ်မတ်စိစစ်ပေးပါ။
- ထိုလုပ်ငန်းဆောင်တာများအတွက် မည်သို့သော အခက်အခဲ အတားအဆီးတို့ ကြုံတွေ့နိုင်သည်ကိုပါ ဖော်ပြစေပါ။
- ဖော်ပြပါရှိသည့် ဇယားအတိုင်း စာရွက်တစ်ရွက်ပေါ်တွင် အထက်ပါ လုပ်ဆောင်ချက်များအတွက် ဇယားတစ်ခု ပြုစုစေပါ။
- ပြီးနောက် ထိုရေးဆွဲပြုစုချက်တို့ကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲပြသစေပါ။

#### နီးစပ်သော အဖြေများ

#### အစိုးရထံ အဆိုတင်သွင်းခြင်း

» စီးပွားရေး ချွတ်ခြုံကျနေခြင်း – ပူးပေါင်းပါဝင် လုပ်ဆောင်နိုင်လောက်သည့် ငွေကြေးနှင့် အချိန်မရှိခြင်း၊

» ပညာရည် နိမ့်ကျခြင်း – အစိုးရနှင့် မီဒီယာမှ သတင်းထုတ်ပြန်ချက် တို့ကို သိရှိစေနိုင်ရေးအတွက် အခက်အခဲရှိခြင်း။ အသိုင်းအဝိုင်းဆိုင်ရာ ပြဿနာရပ်တို့ကို ဖော်ထုတ်တင်ပြနိုင်မှု မရှိခြင်း။

» ကျန်းမာရေး ယိုယွင်းနေခြင်း – စည်းဝေးပွဲများ၊ အသင်းအဖွဲ့များတွင် တက်ညီလက်ညီ ပါဝင်နိုင်မှု မရှိခြင်း။

» နေစရာ၊ စားစရာ မရှိခြင်း – ယုံကြည်မှု လျော့နည်းခြင်း၊ ဖိနှိပ်မှုများ ကြုံတွေ့နိုင်ခြင်း။

» ခွဲခြားဆက်ဆံခံရခြင်း – တရားမဲ့လုပ်ရပ်များ၊ လျစ်လျူရှုခံရခြင်းများ၊ အနိုင်ကျင့်မှုများ ကြုံတွေ့ရနိုင်ခြင်း။

#### စာသင်ပေးခြင်း

» စီးပွားရေး ချွတ်ခြုံကျနေခြင်း – နေ့စားအလုပ်များဖြင့် မအားလပ်နိုင်ခြင်း၊ စိတ်ပျက်အားလျော့တတ်ခြင်း။

» ပညာရည် နိမ့်ကျခြင်း – ကိုယ်တိုင်က စာမတတ်၍ အခြားသူတို့ကို ပညာမပေးနိုင်ခြင်း။

» ကျန်းမာရေး ယိုယွင်းနေခြင်း – ကူးစက်ပျံ့ပွားသော ရောဂါများ ရှိနေနိုင်ခြင်း။

» နေစရာ၊ စားစရာ မရှိခြင်း – စာသင်ပေးရန် နေရာမရှိခြင်း။

» ခွဲခြားဆက်ဆံခံရခြင်း – ခွဲခြားမှုများကြောင့် ပညာရယူရာတွင် အခက်အခဲ ဖြစ်စေနိုင်သည်။

#### အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း

» စီးပွားရေး ချွတ်ခြုံကျနေခြင်း – နေ့စားအလုပ်များဖြင့် မအားလပ်နိုင်ခြင်း၊ စိတ်ပျက် အားလျော့တတ်ခြင်း။

» ပညာရည် နိမ့်ကျခြင်း – ကိုယ်တိုင်က စာမတတ်၍ အခြားသူတို့ကို ပညာမပေးနိုင်ခြင်း။

» ကျန်းမာရေး ယိုယွင်းနေခြင်း – ကိုယ့်ကိုယ်ကိုပင် မထောက်တည်နိုင်ခြင်း၊

» နေစရာ၊ စားစရာ မရှိခြင်း – ယုံကြည်မှု လျော့နည်းခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်း။

» ခွဲခြားဆက်ဆံခံရခြင်း – အချင်းချင်းကြား ခွဲခြားမှုတို့က အဖွဲ့တည်ထောင်ရာတွင် အတားအဆီး ဖြစ်စေသည်။

#### ရံပုံငွေ စုဆောင်းခြင်း

» စီးပွားရေး ချွတ်ခြုံကျနေခြင်း – ပံ့ပိုးပေးနိုင်လောက်သည့် ငွေပင်ငွေရင်း မရှိခြင်း။

» ပညာရည်နိမ့်ကျခြင်း – စာရင်းအချက်အလက်တို့ကို မကိုင်တွယ်နိုင်ခြင်း။

» ကျန်းမာရေး ယိုယွင်းနေခြင်း – ဝန်ပိုခြင်း။

» နေစရာ၊ စားစရာ မရှိခြင်း – ယုံကြည်မှု လျော့နည်းခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်း။

» ခွဲခြားဆက်ဆံခံရခြင်း – သိမ်ငယ်စိတ်တို့ကြောင့် လရန် လက်တွန့်နေတတ်ခြင်း။

## ၃.၆.၁ နိုင်ငံသားတိုင်း ပညာ သင်ကြားခွင့်မှသည် လူ့အဖွဲ့အစည်းတွင်း တက်ကြွစွာပါဝင်ရေးဆီသို့

### အကြိုသင်ခန်းစာ

- ကျောင်းသားတို့၏ လူမှုအဖွဲ့အစည်းအတွင်း အဖွဲ့ဝင်တိုင်း ပညာသင်ကြားရယူနိုင်ခွင့် ရှိ၊ မရှိကို ဆန်းစစ်စေပါ။ အဘယ်ကြောင့်ဆိုသည်ကိုပါ ဆွေးနွေးပါရှိစေပါ။
- ပညာရေးဆိုင်ရာ သတ်မှတ်ချက်တို့ကိုလည်း ဖော်ထုတ်စေပါ။ (မူလတန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာရေး စသည်ဖြင့်)

### ဖတ်ရန်

- (၃.၆.၁) ပါ စာပိုဒ်နှင့် ဖြစ်ရပ်လေ့လာချက်တို့ကို ကျောင်းသားများ လေ့လာဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ အမျိုးသမီးငယ်လေးများ ပညာသင်ကြားနိုင်ရေး – အမျိုးသမီးငယ်လေးများ ပညာသင်ကြားနိုင်ရေး၊ ကျောင်းမှန်မှန် တက်နိုင်ရေး၊ အခြေခံ မူလတန်း ပညာရေးပြီးဆုံးသည်အထိ သင်ကြားနိုင်စေရေး။ မိနားမန်ချဲ့ အမျိုးသမီးငယ်လေးများသည် အရွယ်မရောက်ခင် လက်ထပ်ထိမ်းမြားခံနေကြရပြီး ထိုအချက်က ပညာသင်ယူရေးတွင် အခက်အခဲ ဖြစ်စေနိုင်သည်။

၂။ ၁၈ နှစ် မပြည့်မီ လက်ထပ်ထိမ်းမြားခြင်းသည် ဥပဒေနှင့် မညီညွတ်ကြောင်း၊ သူ့သမီး၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း ရှင်းပြ ပြောဆိုနိုင်ခဲ့သည်။ ထိုကလေး၏ ပညာရေးကို ထည့်သွင်းစဉ်းစားစေနိုင်ရေးအတွက် သူ၏ အိမ်ရှေ့တွင် ဆန္ဒပြထုတ်ဖော်ခဲ့ကြသည်။

### ဆွေးနွေးချက်

- အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။
- ထိုဖြေဆိုချက်များကို အခြားသော ကျောင်းသားများထံ တင်ပြဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

ပညာမတတ်ခြင်းကြောင့် လူမှုရေးဆိုင်ရာ ကွာဟချက်များကို ဖြစ်ထွန်းပေါ်ပေါက်စေနိုင်သည်။ အခြေခံပညာရပ်များကို ရရှိပိုင်ဆိုင်ထားခြင်း မရှိပါက စိတ်ပိုင်းဆိုင်ရာ သိမ်ငယ်မှုများ ပေါ်ပေါက်လာစေပြီး လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်ရေးအတွက် အဟန့်အတားတစ်ရပ် ဖြစ်စေသည်။

## ပြန်လည်သုံးသပ်ချက်

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။

» နိုင်ငံအချို့တို့တွင် အမျိုးသမီးတစ်ဦးတည်း ခရီးသွားခြင်း၊ ညဘက်အပြင်ထွက်ခြင်းသည် အန္တရာယ်များသည့် လုပ်ရပ်ဟုခံယူထားကြသည်။ ထိုအချက်ကြောင့် အမျိုးသမီးများ၏ ပညာသင်ကြားရေး၊ လူမှုအသိုင်းအဝိုင်းအတွင်း အပြည့်အဝ ပါဝင်ရေးတို့တွင် အခက်အခဲ ဖြစ်စေနိုင်သည်။

» အချို့သော ကျောင်းများသည် အစုအဖွဲ့တစ်ရပ်၊ အသိုင်းအဝိုင်းတစ်ရပ် အတွက်သာ ရည်ရွယ်ဖွင့်လှစ်ထားရှိကြပြီး အချို့သော လူနည်းစုမှာ ပညာသင်ကြားခွင့် ဆုံးရှုံးကြရသည်။

» ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းသူများသည် အကြောင်းကြောင်းကြောင့် ခွဲခြားဆက်ဆံခံကြရပြီး ပညာသင်ကြားခွင့် မရရှိကြချေ။

၂။

» ပညာရေး၏ အရေးပါပုံကို အသိပေးခြင်း၊

» လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေးအတွက် စီမံပေးထားခြင်း (လုံခြုံရေးများ၊ သင့်တော်သည့် သယ်ယူပို့ဆောင်ရေးစနစ်များ ထားရှိပေးထားခြင်း)

» တိုင်းရင်းသား ဘာသာစကားတို့ဖြင့် ပညာရယူနိုင်ကြစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

# ၃.၆.၂ နိုင်ငံမဲ့မှု

## အကြိုသင်ခန်းစာ

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ နိုင်ငံမဲ့များသည် သူတို့နေထိုင် ကျင်လည်ရာ တိုင်းပြည်၏ တရားဝင်နေထိုင်ကြောင်း အထောက်အထားများ ပြုလုပ်စီမံခွင့် မရကြပါ။

၂။

(က) နိုင်ငံမဲ့များနေထိုင်ရာ ဒုက္ခသည်စခန်းတစ်ခုဖြစ်သည်။ ထိုစခန်းတွင် နေထိုင်ကြသူတို့သည် ဆင်းရဲမွဲတေမှု၊ ကျန်းမာရေး ဆိုးရွားမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခံစားနေကြရသည်။

(ခ) နိုင်ငံမဲ့များအဖြစ် မွေးဖွားကြီးပြင်းခဲ့ရသော ကလေးသူငယ်များသည် မွေးစာရင်း၊ သန်းခေါင်စာရင်းတို့ မပြုသနိုင်ကြ၍ နိုင်ငံတစ်နိုင်ငံ၏ တရားဝင်နိုင်ငံသားအဖြစ် ခံယူနိုင်ရန် ခက်ခဲမည်ဖြစ်သည်။

(ဂ) နိုင်ငံမဲ့တစ်ဦးနှင့် လက်ထပ်ထိမ်းမြားသူတစ်ဦးအနေဖြင့် မိမိတို့နိုင်ငံက မိမိ၏လက်တွဲဖော်ကို အသိအမှတ်ပြုရန်မှာ ခက်ခဲမည်ဖြစ်သည်။

(ဃ) နိုင်ငံမဲ့များအနေဖြင့် ၎င်းတို့ လက်ရှိနေထိုင်ရာ တိုင်းပြည်၏ **ပျော်ပွဲရွှင်ပွဲများ၊ အခမ်းအနားများတွင် ပါဝင်ဆင်နွှဲနိုင်ကြမည် မဟုတ်ချေ။**

## ဖတ်ရန်

- (၃.၆.၂) ပါ ဖော်ပြပါရှိချက် အားလုံးကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

- တစ်ယောက်ခြင်းဖြစ်စေ၊ နှစ်ယောက်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဖော်ပြပါ မေးခွန်းတို့ကို ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။

» နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးရခြင်း၊

» မိခင်နိုင်ငံမှ အထောက်အထားများ မတင်ပြနိုင်၍ ဧည့်နိုင်ငံသားဆိုင်ရာ အခွင့်အရေးတို့ကိုပါ ဆုံးရှုံးရခြင်း။

» ဒေသခံ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဥပဒေများကို နားလည်သိရှိထားမှု မရှိခြင်း။

» မိခင်နိုင်ငံရော နေထိုင်ရာတိုင်းပြည်ရှိ လူမှုအသိုင်းအဝိုင်းများ၏ ခွဲခြားဆက်ဆံမှုကိုပါ ကြုံတွေ့ရနိုင်ခြင်း။

» ပြင်ပမှ ရောက်ရှိနေထိုင်လာကြသူများဖြစ်၍ လူမျိုးရေး ခွဲခြားမှုများ၊ လျစ်လျူရှုမှုများ ခံစားရနိုင်ခြင်း။

» သက်ဆိုင်ရာ စာရွက်စာတမ်းများ မတင်ပြနိုင်ပါက ဒေသရဲပုလိပ်တို့၏ ဖမ်းဆီးထိန်းသိမ်းမှုကို ခံရနိုင်သည်။

» တရားမဝင် အလုပ်သမားများအနေဖြင့်လည်း အလုပ်ရှင်တို့၏ ခေါင်းပုံဖြတ်မှုများ၊ အာဏာပိုင်တို့၏ အဓမ္မလုပ်ရပ်များကို ခံစားရနိုင်သည်။

» နိုင်ငံမဲ့ ကလေးငယ်များ၊ အမျိုးသမီးငယ်လေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လူကုန်ကူးမှုများ၏ သားကောင်များ ဖြစ်ကြရနိုင်သည်။

၂။ ခွဲခြားဆက်ဆံရခြင်းသည် အဓိက ကြုံတွေ့ရမည့် အခက်အခဲတစ်ရပ်ဖြစ်ပြီး သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းအတွင်း ပါဝင်မှုအတွက် ကန့်သတ်ထားရာ ရောက်ပေသည်။

## ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။

» အမျိုးသမီးများအား ခွဲခြားဆက်ဆံခံရခြင်း
» ကိုလိုနီစနစ်၏ ဆိုးမွေ
» နိုင်ငံများပြိုလဲခြင်း

၂။

» တက္ကသိုလ်တတ်ရန် အခက်အခဲရှိခြင်း
» ဖရက်ဒီ၏ နိုင်ငံမဲ့မှုကြောင့် ခင်ပွန်းသည်အဖြစ် တရားဝင် အသိအမှတ်ပြုရာတွင် ခက်ခဲနိုင်ခြင်း။

၃။ နိုင်ငံသားဆက်ခံရာတွင် အမျိုးသမီးများအပေါ်၌ ခွဲခြားဆက်ဆံမှုတားမြစ်သည့် ထုတ်ပြန်ချက်များကို ၁၉၅၇ တွင် တစ်ကြိမ်၊ ၁၉၇၉ တွင် တစ်ကြိမ် နိုင်ငံတကာအမျိုးသမီးရေးရာ ဆွေးနွေးပွဲများတွင် အတည်ပြုခဲ့ကြသော်လည်း လက်တွေ့အကောင်အထည် ဖော်နိုင်ရန် ပံ့ပိုးကူညီပေးကြရမည်ဖြစ်သည်။

### ဖတ်ရန်

- ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

- ကျောင်းသားများအား မေးခွန်းကို ဖြေဆိုခိုင်းပါ။

**နီးစပ်သော အဖြေများ**

၁။ နိုင်ငံများပြိုလဲခြင်း။

၂။ အခြေခံ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးကြရပြီး ကျောင်းတတ်ရန်၊ ယာဉ်မောင်းလိုင်စင်ရရှိရန်၊ အလုပ်အကိုင်ရရှိရန် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ မြို့စွန်ရှိ ဆင်းရဲသားရပ်ကွက်တွင်သာ နေထိုင်ကြရသည်။

၃။ ဘီဟာရီဘိုးဘွားတို့သည် မိမိကိုယ်ကို ပါကစ်စတန်လူမျိုးဟုသာသတ်မှတ်ထားကြသည်။ (အရှေ့ပါကစ်စတန်ဒေသခံတို့မှ မျိုးရိုးဆက်ခံခဲ့ကြခြင်းကြောင့်ဖြစ်သည်)။ ဘီဟာရစ် မျိုးဆက်သစ်များမှာမူ သူတို့ကိုယ်သူတို့ ဘင်ဂလီ လူမျိုးအဖြစ်သတ်မှတ်ထားကြသည်။ (ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့ကြ၍ဖြစ်သည်။)

၄။ ရိုးရာကို မြတ်နိုးခြင်း၊ တူညီသော နေရာအရပ်နှင့် နောက်ခံသမိုင်းတို့ ပိုင်ဆိုင်ထားကြခြင်း။

### ဆွေးနွေးချက်

ဘီဟာရီများသည် ဘင်္ဂလားဒေ့ရှ်၏ တရားဝင်နိုင်ငံသားများ ဖြစ်ကြသော်လည်း မည်သို့သော အကြောင်းရင်းများကြောင့် တရားဝင်နိုင်ငံသားအဖြစ် အသိအမှတ်ပြု မခံရသည်ကို ဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

ပါကစ်စတန်ပြည်တွင်းစစ်အပြီး ကျန်ရစ်ခဲ့သည့် ဘီယာရီမျိုးနွယ်စုများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအကြားတင်းမာမှုတို့ ရှိခဲ့ကြပြီး အချင်းချင်းကြား ယုံကြည်မှုမတည်ဆောက်နိုင်ခဲ့ကြသောကြောင့်ဖြစ်သည်။ ဤသည်က ဘီယာရီလူမျိုးအမြောက်အများ နိုင်ငံသားအဖြစ် အသိအမှတ်ပြုမခံရသည့် အကြောင်းရင်းလည်းဖြစ်သည်။

### လုပ်ငန်းများ

- အဖွဲ့များ ဖွဲ့ပေးပြီး နိုင်ငံမဲ့ လူမျိုးစုတစ်စု၏ အကြောင်းကို လေ့လာပြုစုစေပါ။
- ထိုသို့ ပြုစုရာတွင် ဖော်ပြပါ မေးခွန်းတို့ကို ထည့်သွင်းဖြေဆိုစေပါ။
- ထိုလေ့လာချက်တို့ကို အခြားအဖွဲ့များထံသို့ ဆွေးနွေးတင်ပြစေပါ။
- ပြီးနောက် ထိုလေ့လာချက်ပါ နိုင်ငံမဲ့လူမျိုးစုတို့၏ ပြဿနာရပ်များကို မည်သို့ ဖြေရှင်းနိုင်မည်ကို ဆွေးနွေးစေပါ။

## အခန်း (၃) ပြန်လည်သုံးသပ်ခြင်း

### နားလည်မှု စစ်ဆေးခြင်း

- ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသားများ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

၁။ ရံပုံငွေ ကောက်ခံခြင်း၊ လူမှုအသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ စာသင်ပေးခြင်း၊ ဘိုးဘွားတို့ကို ကူညီပေးခြင်း၊ ဆန္ဒသဘောထား ကောက်ခံခြင်း၊ အကြံပြုစာ ပေးပို့ခြင်း၊ ဆွေးနွေးပွဲတစ်ရပ် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ကြရန် လှုံ့ဆော်တိုက်တွန်းခြင်း၊ အားနည်းသူများဘက်မှ ရပ်တည်ပေးခြင်း၊ အုပ်ချုပ်ရေးပိုင်းအရာထမ်းတို့အား တိုင်ပင်အကြံပြုခြင်း၊ ပြည်သူ့ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား ထောက်ခံကူညီပေးခြင်း၊ အဖိနှိပ်ခံများအတွက် အရေးဆိုပေးခြင်း၊ ပညာသင်ခြင်း၊ သတင်းအချက်အလက်တို့ကို မျက်ခြည်မပြတ်စုဆောင်းခြင်း။

၂။ တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင်တို့သည် တာဝန်ယူမှုကို လေးစားတန်ဖိုးထားကြပြီး လူ့အဖွဲ့အစည်းတစ်ရပ်တွင် ပါဝင်ခြင်းအတွက် သင့်တော်ရာ တာဝန်များကို ထမ်းဆောင်ရမည်ဟု ခံယူထားသည်။ ဥပမာအနေဖြင့် ဥပဒေစည်းမျဉ်းများကို လိုက်နာခြင်း၊ မှန်တိုင်းနှင့် မြေငလျှင်လှုပ်ခြင်းကဲ့သို့သော အရေးပေါ်အခြေအနေမျိုးတွင် ကူညီဆောင်ရွက်ပေးခြင်း၊ သွေးလှူဒါန်းခြင်း၊ အမှိုက်ကောက်ခြင်း အစရှိသည့် ကိစ္စရပ်များကို တာဝန်တစ်ရပ်ဟုခံယူကြပြီး လိုက်နာကျင့်ကြံကြသည်။

'လက်တွေ့ကျကျ ပါဝင်သည့် လူမှုအဖွဲ့ဝင်' များသည် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်း၏ ပန်းတိုင် ရည်မှန်းချက်တို့ကို ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် လက်တွေ့ကျကျ စီမံ ကြိုးပမ်းတတ် ကြပြီး အများနှင့်အတူ စုပေါင်းလုပ်ဆောင်ကြသည်။ ဥပမာဆိုရသော် ဆိုင်ကလုန်း ကူညီကယ်ဆယ်ရေး အတွက် 'တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင်' က စေတနာ့ဝန်ထမ်းအဖြစ် ကူညီပေးရန် ကြိုးစားမည် ဖြစ်ပြီး၊ 'လက်တွေ့ဆန်သည့် လူမှုအဖွဲ့ဝင်' ကမူ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတစ်ခု တည်ထောင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။

'သမာသမတ်ကျ လူမှုအဖွဲ့ဝင်' များသည် လူမှုအခြေအနေ တစ်ရပ်ကို ရှုထောင့်ပေါင်းစုံမှ ကြည့်မြင်တတ်ကြပြီး လိုအပ်ချက်ပေါ် မူတည်၍ ပြုမူကျင့်ကြံကြသည်။

ထိုလူမှုအဖွဲ့ဝင်မျိုးသည် 'လူ့အဖွဲ့အစည်းတစ်ရပ်လုံး' ၏ ပြောင်းလဲတိုးတက်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်ကြပြီး လူမှုပြဿနာများ အမြစ်ပြတ် ဖယ်ရှားနိုင်ရန် ဆန္ဒရှိတတ်ကြသည်။ အကြံပြုစာ ပေးပို့ခြင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခြင်း ကဲ့သို့သော လက်တွေ့ကျသည့် လုပ်ဆောင်ချက်များကို ဖော်ဆောင်တတ်ကြသည်။

၃။

**အခက်အခဲများ**

» ပညာရည် နိမ့်ပါးခြင်း၊ ဆင်းရဲမွဲတေခြင်း၊ အလုပ်ချိန်များလွန်းခြင်း၊ နေရာထိုင်ခင်း မပြည့်စုံ ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခွဲခြားဆက်ဆံခံရခြင်း၊ ကိုယ်လက် ချို့ယွင်းခြင်း၊ မိသားစုအတွက် တာဝန်ယူရခြင်း၊ လျစ်လျူရှုခံရခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း။

**အခွင့်အလမ်းများ**

» ဆရာ မလုံလောက်ခြင်း၊ အခြေခံ အဆောက်အအုံများ မပြည့်စုံခြင်း၊ ကစားကွင်းများ မထားရှိပေးနိုင် ခြင်း၊ သန့်ရှင်းလတ်ဆတ်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ ဝယ်ယူရန် မတတ်နိုင်ခြင်း၊ ဝန်ဆောင်ခ ကြီးမားလွန်းခြင်း၊ လုံခြုံစိတ်ချရသည့် အိမ်ရာများ မပိုင်ဆိုင်နိုင်ခြင်း၊ အစိုးရလုပ်ငန်းများ ကြန့်ကြာလွန်းခြင်း၊ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ အားနည်းခြင်း၊ အသင်းအဖွဲ့များ မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းခြင်း။

**အကျိုးအမြတ်များ**

**လူ့အဖွဲ့အစည်းဆိုင်ရာ အကျိုးအမြတ်များ**

» ခေါင်းဆောင်များအနေဖြင့် အာဏာကို အလွဲသုံးစား မပြုလုပ်ရန် ထိန်းကွပ်ပေးခြင်း၊
» လူထုလိုအပ်ချက်တို့ကို မျက်ခြည်မပြတ် အကဲဖြတ် စေခြင်း၊
» ပြည်သူလူထု၏ အာဏာကို အသိအမှတ်ပြုပြီး ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင် ပါဝင်စေခြင်း၊
» လူ့အဖွဲ့အစည်းဆိုင်ရာ အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လူတိုင်းပါဝင်ခွင့်ရရန် စီမံပေးထားခြင်း၊

**တစ်သီးပုဂ္ဂလဆိုင်ရာ အကျိုးအမြတ်များ**

» အသိပညာများ ဖြည့်ဆည်းထားခြင်း၊
» နိုင်ငံသားဆိုင်ရာ တာဝန်များ၊ အခွင့်အရေးများကို သိရှိထားခြင်း၊
» အခြားသူတို့၏ အမြင်များ၊ အယူအဆများကို တက်ကြွစွာ နားထောင်ပြီး လေးစားတန်ဖိုးထား ပေးခြင်း၊
» လူမှုရေးဆိုင်ရာ အရည်အသွေးတို့ကို မြှင့်တင်ခြင်း၊
» ငြိမ်းချမ်းသာယာပြီး ဒီမိုကရေစီစိတ်ဓာတ်များ ရှင်သန်အားကောင်းသည့် လူမှုအဖွဲ့အစည်းတစ်ရပ် တည်ထောင်ရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက် ခြင်း။

၄။ သတင်းအချက်အလက်များ စဉ်ဆက်မပြတ်ရရှိ အကဲဖြတ်နေသော နိုင်ငံသားများအနေဖြင့် လူမှုကိစ္စရပ်များ ဖော်ဆောင်ရာတွင် မှန်ကန် စနစ်ကျစွာ ပြုမူတတ်ကြပေသည်။ ထို့မျှသာမက ရပ်ရေးရွာရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်စေနိုင်ရေးအတွက် နိုင်ငံသားတို့ ရရှိထားသော သတင်းအချက်အလက်တို့က အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြပေသည်။

၅။ လွတ်လပ်စွာ ပြောဆိုဝေဖန်ခွင့်တွင် လွတ်လပ်သော သတင်းအချက်အလက် ရယူဖလှယ်နိုင်ခွင့်၊ မထုတ်ပြန်လိုသော သတင်းအချက်အလက်တို့ကို ထိန်းသိမ်းခွင့်နှင့် လွတ်လပ်စွာ တွေးမြင်ပိုင်ခွင့်တို့ ပါဝင်ပြီး အနုပညာဆိုင်ရာ ဖန်တီးခွင့်၊ ဆွေးနွေး ဟောပြောခွင့်၊ ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်၊ ဂျာနယ်လစ်ဆိုင်ရာ လွတ်လပ်ခွင့်များလည်း ပါဝင် ပေသည်။ ဆင်ဆာဖြတ်တောက်ခြင်းသည် နိုင်ငံသား အချင်းချင်းကြား လွတ်လပ်စွာထုတ်ဖော်ခွင့်၊ သတင်းဖလှယ်ခွင့်တို့ကို ကန့်သတ်ရာရောက်ပြီး နိုင်ငံရေးရာ၊ လူမှုရေးရာ ကိစ္စရပ်များကို ထောက်ပြ အကြံဉာဏ်ပေးနိုင်ခွင့်ကိုပါ ဆုံးရှုံးစေနိုင်ပေသည်။

၆။

**ကောင်းကျိုး**

လူမှုကွန်ရက် မီဒီယာများသည် ဆင်ဆာပိတ်ဆို့မှုရှိသည့် တိုင်းပြည်များတွင် တစ်ဦးနှင့် တစ်ဦးကြား သတင်း အချက်အလက်တို့ ဆက်သွယ် ဖလှယ်နိုင်အောင် စီမံပေးနိုင်ပြီး လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုနိုင်စေသည်။

**ဆိုးကျိုး**

လူမှုကွန်ရက်မီဒီယာပါ အချို့သော အကြောင်းအရာ တို့သည် လူမျိုးရေးပဋိပက္ခတို့ကို ဖြစ်ပေါ်စေနိုင်ပေသည်။ ထိုပြောဟောဝေဖန်ချက်တို့မှာ အချိန်တိုအတွင်း ပြန့်နှံ့နိုင်ပြီး ပြည်သူများအနေဖြင့် သတင်းတု သတင်းမှား များ ကြားသိရကာ ကြောက်ရွံ့မှုများ တိုးပွားလာစေ နိုင်သည်။

၇။

**အကြောင်းရင်းများ**

» **စီးပွားရေး ချွတ်ခြုံကျနေခြင်း၊**
» **စာပေအသိနည်းပါးခြင်း၊ ခေတ်ပေါ် နည်းပညာ များကို မသိမမှီခြင်း၊**
» **ကျန်းမာရေး ယိုယွင်းနေခြင်း၊**
» **နေစရာ၊ စားစရာ မရှိခြင်း၊**

» လူမျိုး၊ ဘာသာတို့ကို အခြေခံသည့် လူအချင်းချင်း ခွဲခြားဆက်ဆံတတ်သည့် အကျင့်ရှိခြင်း။

**လူမှုရေးသက်ရောက်မှုများ**

» ရာဇဝတ်မှုများ၊
» မမျှတမှုများ၊
» လူမှုပဋိပက္ခများ၊
» အခွင့်အရေး ချိုးဖောက်မှုများ၊
» ခေါင်းပုံဖြတ်မှုများ၊
» စည်းလုံးမှုမရှိခြင်း၊
» လုပ်ပိုင်ခွင့်များ ဆုံးရှုံးရခြင်း၊
» ဆင်းရဲမွဲတေခြင်း၊

၈။

**အကြောင်းအရင်းများ**

» နိုင်ငံများပြိုလဲခြင်း၊
» ကိုလိုနီစနစ်၏ ဆိုးမွေ၊
» **နိုင်ငံသားဆိုင်ရာ စာရင်းဇယားများ စနစ်တကျ မကိုင်တွယ်ထားခြင်း**
» အမျိုးသမီးများအား ခွဲခြားဆက်ဆံခံရခြင်း
» လူမျိုးရေး ခွဲခြားမှုများ နှင့် တိုင်းရင်းသာလူမျိုးများ အား ခွဲခြားဆက်ဆံခြင်း။

**အကျိုးဆက်များ**

» နိုင်ငံမဲ့သူများသည် သက်ဆိုင်ရာ စာရွက်စာတမ်း များ မတင်ပြနိုင်ပါက ဒေသရဲပုလိပ်တို့၏ ဖမ်းဆီး ထိန်းသိမ်းမှုကို ခံရနိုင်သည်။
» တရားမဝင် အလုပ်သမားများ အနေဖြင့်လည်း အလုပ်ရှင်တို့၏ ခေါင်းပုံဖြတ်မှုများ၊ အာဏာပိုင်တို့၏ အဓမ္မလုပ်ရပ်များကို ခံစားရနိုင်သည်။
» နိုင်ငံမဲ့ ကလေးငယ်များ၊ အမျိုးသမီးငယ်လေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လူကုန် ကူးမှု များ၏ သားကောင်များ ဖြစ်ကြရနိုင်သည်။

## တန်ဖိုးနှင့်အတွေးအမြင်များ – အဆိုအမိန့် များကို လေ့လာခြင်း

အဖွဲ့များ ဖွဲ့ပေးပြီး ဖော်ပြပါ မေးခွန်းတို့ကို ကျောင်းသား များ ဖြေဆိုစေပါ။

**နီးစပ်သော အဖြေများ**

(က)

၁။ လူတိုင်း လူ့အဖွဲ့အစည်းကောင်းကျိုး ဆောင်ကြဉ်း ပေးရန် တာဝန်ကိုယ်စီရှိကြကြောင်း တင်ပြထားသည်။

၂။ (၃.၂) ပါ 'လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှု၏ အကျိုးတရားများ' နှင့် ဆက်စပ် ကြည့်ရှုစေပါ။

(ခ)

၁။ တာဝန်ယူစိတ်ရှိခြင်းသည် နိုင်ငံသားတိုင်းတွင် ရှိအပ် သည့် အမူအကျင့်ဖြစ်ကြောင်း တိုက်တွန်းထားပြီး တာဝန်ယူစိတ်ရှိသူမှသာ လူတော်လူကောင်းတစ်ဦးဟု ခေါ်ဆိုနိုင်ကြောင်း ဖော်ညွှန်းထားသည်။

၂။ (၃.၃) ပါ 'သတင်းအချက်အလက်များအား ဝေဖန်ဆန်းစစ်ခြင်း' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(ဂ)

၁။ တစ်ဦးပေါ်တစ်ဦး လေးစားခြင်း၊ နီးကြားတက်ကြွစွာ ပါဝင်ခြင်း အစရှိသည့် အမူအကျင့်တို့သည် နိုင်ငံသားတိုင်းတွင် ရှိအပ်သည့် အရည်အချင်းများ ဖြစ်ကြောင်း သတိပေးတိုက်တွန်းထားသည်။

၂။ (၃.၄) ပါ 'သတင်းရယူခြင်းဆိုင်ရာ နိုင်ငံသားများ တွင် ရှိအပ်သည့် ကျွမ်းကျင်မှုများ' နှင့် ဆက်စပ် ကြည့်ရှုစေပါ။

(ဃ)

၁။ အမြင်မတူမှုများကို လက်သင့်မခံနိုင်သေးခြင်းက 'လွတ်လပ်စွာ ပြောဆိုမှု'၏ အဓိပ္ပာယ်ကို နားလည် သဘောမပေါက်သေးကြောင်း ဖော်ပြနေသည်ဟု ဆိုထားသည်။

၂။ (၃.၅) ပါ 'သတင်းမီဒီယာများ၏ အခန်းကဏ္ဍ' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(င)

၁။ 'လွတ်လပ်စွာ ပြောဆိုခွင့်' သည် အထိန်းအကွပ်မဲ့ ပါက အန္တရာယ်ကြီးလွန်းပြီး ဆိုးရွားသောအကျိုးဆက် များကို ခံစားရနိုင်ကြောင်း တင်ပြထားသည်။

၂။ (၃.၅) ပါ 'သတင်းမီဒီယာများ၏ အခန်းကဏ္ဍ' နှင့် ဆက်စပ်ကြည့်ရှုစေပါ။

(စ)

၁။ လုပ်ငန်းဆောင်တာ ခွဲဝေဆောင်ရွက်ခြင်း၊ တာဝန် ယူစိတ် မွေးမြူခြင်း၊ နိုးနိုးကြားကြား ပါဝင်ခြင်း တို့သည် လူ့အဖွဲ့အစည်းအတွက် အရေးပါသည့် လုပ်ငန်းဆောင်တာများ ဖြစ်ကြောင်း ဆိုထားသည်။

၂။ (၃.၆) ပါ 'လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း'၊ နှင့် ဆက်စပ် ကြည့်ရှုစေပါ။

(ဆ)

၁။ အားနည်းသူများဘက်က ရပ်တည်ပေးခြင်းသည် နိုင်ငံကြီးသား ပီသသည့် လုပ်ရပ်ဖြစ်ကြောင်း ဖော်ညွှန်းထားသည်။

၂။ (၃.၆) ပါ 'လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း' နှင့် ဆက်စပ် ကြည့်ရှုစေပါ။

(ဇ)

၁။ အတွေးအမြင်မတူသော်လည်း 'လွတ်လပ်စွာ

ပြောဆိုခွင့်’ ၏ တန်ဖိုးကို နားလည်လက်ခံထားသူ တစ်ဦးအနေဖြင့် ထိုကဲ့ပြားသည့် အမြင်အပြောတို့ကို အလေးပေး ဂရုမူသင့်ကြောင်း ထောက်ပြထားသည်။

၂။ (၃.၆)ပါ ‘လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း’ နှင့် ဆက်စပ်ကြည့်ရှုစေပါ။

# ၄.၁ မည်သို့သော လူမှုလုပ်ငန်းများကို ဆောင်ရွက်ကြရမည်နည်း။

## အကြိုသင်ခန်းစာ

မိမိတို့လူ့အဖွဲ့အစည်းအတွင်း မည်သို့သော လူမှုပြဿနာရပ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်၊ မည်သို့သော လုပ်ငန်းများ ဆောင်ရွက်ခြင်းက သင့်တော်မည်ကို ဆွေးနွေးစေပါ။

## ဖတ်ရန်

- စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လုပ်ငန်းများ

- ကျောင်းသားများ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း စီမံကိန်းချ ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို အတူတကွ ဆွေးနွေးအတည်ပြုပြီး စာရင်းပြုစုစေပါ။
- ထိုသို့ပြုစုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြသပေးပါ။
- ထိုသို့ စာရင်းပြုစုရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါပုံများကို နားလည်သိရှိစေပါ။
- ထို့နောက် မိမိတို့ပြုစုထားသည့် စီမံကိန်းများကို အရေးပါမှုအလိုက် သတ်မှတ်စေပါ။

# ၄.၁.၁ လူမှုပြဿနာ ပုံစံငယ်

## ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လုပ်ငန်းများ

ဖော်ပြပါ 'လူမှုပြဿနာပုံစံငယ်' ကို သုံးသပ်ကြည့်ရှုစေပါ။ ထို့နောက် အောက်ပါမေးခွန်းများကို မေးမြန်းပေးပါ။

- ထိုလူမှုပြဿနာရပ် အဘယ်ကြောင့် ဖြစ်ပွားတည်ရှိနေရသနည်း။
- ပြဿနာ ဖြစ်ပွားရသည့် အကြောင်းရင်း မည်မျှ ရှိသနည်း။
- ပြဿနာ ဖြစ်ပွားစေသည့် အကြောင်းရင်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်မှု ရှိနေသလား။
- ပြဿနာရပ်၏ အကျိုးဆက်များမှာ မည်သည်တို့နည်း။
- ထိုပြဿနာရပ်က လူထုအပေါ်မည်မျှ အကျိုးသက်ရောက်မှု ရှိသနည်း။
- မည်သို့သော လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိသနည်း။

၁။ အဖွဲ့များ ဖွဲ့ပေးပြီး စာရွက်ကြီးတစ်ရွက်အလယ်တွင် ကျောင်းသားများ ရွေးချယ်ထားသည့် ပြဿနာ တစ်ရပ်အား ရေးသားဖော်ပြစေပါ။

- စာရွက်အောက်ပိုင်းတွင် ပြဿနာဖြစ်ပွားရသည့် အကြောင်းအရင်းများကို ရေးချစေပြီး ဆက်နွယ်ချက်များပါ ထည့်သွင်းဖော်ပြစေပါ။

၂။ အထက်ပါ လုပ်ဆောင်ချက်ကို ဆောင်ရွက်ပြီးပါက ထိုပြဿနာရပ်၏ အကျိုးဆက်တို့ကို ဖော်ပြစေပါ။

- ထိုအကျိုးဆက်တို့၏ ဆက်နွယ်မှုတို့ကိုပါ ထည့်သွင်းဖော်ပြစေပါ။
- အထက်ပါ လုပ်ဆောင်ချက်အားလုံး ဆောင်ရွက်ပြီးပါက ကျောင်းသားများ ရေးဆွဲခဲ့သည့် လူမှုပြဿနာပုံစံငယ်ကို ကြည့်ရှု အကဲဖြတ်ပေးပါ။ ထို့နောက် အောက်ပါ မေးခွန်းတို့ကို မေးမြန်း စစ်ဆေးပေးပါ။
  - ထိုပြဿနာရပ်အား ဖြေရှင်းရာတွင် လက်ငင်း အကျိုးဆက် မခံစားရအောင် ဆောင်ရွက်ပေးမည်လား၊ (သို့မဟုတ်) ပြဿနာရပ်၏ အကြောင်းရင်းကို ဦးစွာ ကိုင်တွယ်မည်လား။
  - မိမိတို့ ရေးဆွဲခဲ့သည့် လူမှုပြဿနာပုံစံငယ်က ပြဿနာရပ်အား ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်သလား။

မှတ်ချက်။ နမူနာအဖြေများသည် ကျောင်းမနေရသည့် ကလေးများအား ကူညီခြင်းဆိုင်ရာ စီမံကိန်း Out of School Children ပရောဂျက်တွင် အသုံးပြုထားသည့် ပုံစံငယ်တစ်ခုဖြစ်ပြီး နည်းနာယူစေရန်အလို့ငှာ ထည့်သွင်းဖော်ပြပေးထားခြင်းဖြစ်သည်။ ထိုပုံစံငယ်ကို ကျောင်းသားများ နားလည်နိုင်ရန် အခက်အခဲရှိမည်ဟု ထင်ပါက ကိုယ်ပိုင်ပုံစံငယ်တစ်ရပ်ဖန်တီးပြီး ရှင်းလင်းပြသပေးနိုင်ပါသည်။

### နီးစပ်သော အဖြေများ

#### လူမှုပြဿနာ

» ကလေးငယ်လေးများ စာသင်ကျောင်းသို့ မတက်ရောက်နိုင်ခြင်း။

#### ပြဿနာရပ်၏ အကြောင်းရင်းများ

#### သွယ်ဝိုက်သက်ရောက်မှုရှိသည့် အကြောင်းရင်းများ

» ဆင်းရဲမွဲတေမှု၊

» ပညာရေးအသုံးစရိတ် နည်းပါးခြင်း၊

» ကျေးလက်ဒေသများတွင် ဆရာမလုံလောက်ခြင်း၊ ကျောင်းဘဏ္ဍာငွေ အလုံအလောက် မရှိခြင်း။

#### တိုက်ရိုက်သက်ရောက်နေသည့် အကြောင်းရင်းများ

» လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ဝယ်ယူရန် မိသားစုမှ မထောက်ပံ့ပေးနိုင်ခြင်း (ဥပမာ – ဘောလ်ပင်၊ မှတ်စုစာအုပ်)၊

» ကျောင်းဝတ်စုံ ချို့တဲ့မှုကြောင့် ကျောင်းမှန်မှန် မသွားနိုင်ခြင်း၊

» ကျောင်းတက်ရန် ကုန်ကျစရိတ်များလွန်းခြင်း၊

» မိသားစု စားဝတ်နေရေးအတွက် ကျောင်းတက်ရမည့် အချိန်တွင် လုပ်ငန်းခွင် ဝင်ကြရခြင်း၊

» မိဘများကိုယ်တိုင်က ပညာချို့တဲ့ကြသည့်အတွက် ပညာရေး၏ အရေးပါပုံကို ကလေးများပါ သိမြင်သဘောပေါက်နိုင်မှု အားနည်းခြင်း၊

#### ပြဿနာရပ်၏ အကျိုးဆက်များ

#### တိုက်ရိုက်သက်ရောက်နေသော အကျိုးဆက်များ

» ကလေးငယ်လေးများ၏ ကျောင်းတက်ခွင့် (သို့မဟုတ်) အတန်းပညာ ပြီးဆုံးသည့်တိုင် ပညာ သင်ကြားခွင့်များ ဆုံးရှုံးကြရသည်။

» အခြားသော မိဘပံ့ပိုးပေးနိုင်သည့် ကျောင်းသားများနှင့် ယှဉ်ပါက ကျောင်းတွင်း အရည်အချင်းစစ်စာမေးပွဲများ၊ လုပ်ဆောင်ချက်များတွင် အားနည်းပေါ့လျော့နိုင်သည်။

» မိသားစုဝင်များက ကလေးများ ကျောင်းတတ်နိုင်ရန် လုံလုံလောက်လောက် မပံ့ပိုးပေးနိုင်ပါက ကျောင်းမှ နားရသည့် အဖြစ်မျိုးအထိ ကြုံတွေ့ရနိုင်သည်။

» ကျောင်းမှန်မှန် မတတ်နိုင်သည့်အတွက် အတန်းတင် စာမေးပွဲများ ဖြေဆိုရာတွင် အခက်အခဲတွေ့နိုင်သည်။

#### သွယ်ဝိုက်သက်ရောက်မှုရှိသည့် အကျိုးဆက်များ

» စာမတတ်မြောက်မှု

» အလုပ်လက်မဲ့ဖြစ်ခြင်း၊

» အဘက်ဘက်က ချွတ်ခြုံကျခြင်း။

# ၄.၂ လူ့အဖွဲ့အစည်းတစ်ရပ်၏ လိုအပ်ချက်များကို သုံးသပ်ဝေဖန်ခြင်း

## လုပ်ငန်းများ

- ရှေ့တွင် ပြုလုပ်ခဲ့သော 'လူမှုပြဿနာပုံစံငယ်' တွင် ဖြည့်စွက်ခဲ့သည့် ပြဿနာများ၏ အကြောင်းရင်း တစ်ခုစီ အတွက် မည်သို့ ဖြေရှင်းနိုင်မည်ကို ဆန်းစစ်စေပါ။
- ထိုသို့ ဖြေရှင်းရာတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို အရေးပါမှုအလိုက် ပိုင်းခြားသတ်မှတ်ပြီး ဖော်ပြပါ ဇယားတွင် ဖြည့်စွက်စေပါ။ ဤနမူနာအဖြေများသည် ရှေ့တွင် အသုံးပြုခဲ့သော ပုံစံငယ်ပါ အကြောင်းရာတို့ကို အခြေခံဖော်ပြပေးထားခြင်းဖြစ်သည်။ မိမိတို့ ရွေးချယ်ထားသော လူမှုပြဿနာ ပုံစံငယ်တို့ကိုလည်း အသုံးပြု၍ ရှင်းလင်းပြသပေးနိုင်ပါသည်။

| လိုအပ်ချက် | အတွေ့ရများ/ မများ | အရေးကြီး/ မကြီး | ဦးစားပေးမှု |
|---|---|---|---|
| ပုံနှိပ်စာအုပ် | အသင့်အတင့် အဖြစ်များ | အရေးသိပ်မကြီး – ကျောင်းသားများ အလှည့်ကျ၊ ငှားရမ်းအသုံးပြုနိုင်။ | အသင့်အတင့် |
| ခဲတံများ (သို့မဟုတ်) မှတ်စု စာအုပ်များ | အလွန်အဖြစ်များ | အလွန်အရေးကြီး | မြင့်မား |
| ကျောင်းဝတ်စုံများ | အလွန်အဖြစ်များ | အသင့်အတင့် အရေးကြီး | မြင့်မား |
| ကျောင်းလခများအတွက် လိုအပ်သည့် ငွေကြေး | အလွန်အဖြစ်များ | အသင့်အတင့် အရေးကြီး | အသင့်အတင့် |

# ၄.၃ လူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထားရှိရမည့် ရည်မှန်းချက်နှင့် ဦးတည်ချက်များ

## ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများအား ဖတ်ရှုစေပါ။

## ၄.၃.၁ မည်သို့သော လူမှုလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များ၊ ဦးတည်ချက်များကို ထားရှိအပ်သနည်း

### ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများအား ဖတ်ရှုစေပါ။

## လုပ်ငန်းများ

ကျောင်းသားများကို ဖော်ပြပါရှိသည့် ဦးတည်ချက်များကို ကြည့်ပြီး အောက်တွင်ပေးထားသည့် ဇယား၏ သင့်လျော်ရာ အကွက်တွင် ဖြည့်စွက်စေပါ။

**အဖြေများ**

**ဦးတည်ချက် – စာတတ်မြောက်မှုနှုန်း တိုးတက်စေရန်**

- ဇွန်လ ၁၅ ရက်နေ့တွင် စာသင်ခန်းနေရာ ရှာတွေ့ပြီး ဖြစ်ရမည်။
- တစ်ပတ်လျှင် ၂ နာရီ သင်ကြားပေးနိုင်သည့် အလုပ်သင်ဆရာ ၃ ဦး ခန့်အပ်ပြီး ဖြစ်ရမည်။
- လေ့ကျင့်ခန်းစာအုပ်နှင့် ခဲတံအစုံ ၄၀ အလုံအလောက် ဝယ်ယူနိုင်ရန် အလှူငွေကောက်ခံပြီး ဖြစ်ရမည်။

**ဦးတည်ချက် – ရံပုံငွေပွဲ ကျင်းပပေးရန်**

- ဖိတ်စာအစောင် ၅၀ ပို့ပြီး ဖြစ်ရမည်။
- ဇွန်လ ၂၀ ရက်နေ့တွင် ပွဲကျင်းပရန် နေရာအတိအကျ သတ်မှတ်ပြီး ဖြစ်ရမည်။
- လူအယောက် ၆၀ အတွက် အစားအစာကို ပြင်ဆင်ပြီး ဖြစ်ရမည်။

**ဦးတည်ချက်–အဆောက်အအုံဟောင်း ပြုပြင်ရန်**

- ဇွန်လ ၂၀ ရက်နေ့တွင် နံရံများ ဆေးသုတ်ပြီး ဖြစ်ရမည်။
- ပစ္စည်းကိရိယာများ ဝယ်ရန်အတွက် အလှူငွေအားလုံး ကောက်ခံပြီး ဖြစ်ရမည်။
- ဇွန်လ ၁၂ ရက်နေ့တွင် ဆောက်လုပ်ရေးသုံး ကိရိယာများ ငှားရမ်းပြီး ဖြစ်ရမည်။
- ဇွန်လ ၂၄ ရက်တွင် ခေါင်မိုးများ အပြီးအစီး ပြင်ဆင်ပြီး ဖြစ်ရမည်။

# ၄.၃.၂ ရည်မှန်းချက်နှင့် ဦးတည်ချက်များကို ပြန်လည်ဆန်းစစ်ခြင်း


## ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများအား ဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

ကျောင်းသားများအား ဖော်ပြပေးထားသည့် ဦးတည်ချက်တို့ကိုကြည့်ပြီး စက်ဝိုင်းဇယား၏ သင့်တော်သော နေရာတွင် ဖြည့်စွက်စေပါ။

**နီးစပ်သော အဖြေများ**




## လုပ်ငန်းများ

- ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲပေးပြီး ရေးဆွဲသတ်မှတ်ထားခဲ့သည့် လူမှုစီမံကိန်း၏ ဦးတည်ချက်သုံးရပ်ကို ပြုစုစေပါ။
- ထို့နောက် အခြားသော အခန်းဖော်များအား ပြသစေပြီး ဖော်ပြပါရှိသည့် စက်ဝိုင်းဇယားတွင် ဖြည့်စွက်ခိုင်းပါ။
- မည်သည့် အကြောင်းကြောင့် ဖြည့်စွက်ရသည်ကို ကျောင်းသားတို့ကြား နားထောင်ဆွေးနွေးပြီး အမြင်ချင်း ဖလှယ်စေပါ။
- ထိုလုပ်ဆောင်ချက်ကိုပင် နေရာဖလှယ်၍ ထပ်မံ လုပ်ဆောင်စေပါ။

## ၄.၄ လူမှုလုပ်ငန်းများနှင့် တွေ့ကြုံရနိုင်သည့် အခက်အခဲ အတားအဆီးများ

**ဖတ်ရန်**

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### ၄.၄.၁ လူမှုပြဿနာများ ဖြေရှင်းပေးနိုင်မည့် လုပ်ငန်းစဉ်များကို ဆန်းစစ်တွက်ထုတ်ခြင်း

**ဖတ်ရန်**

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများအား ဖတ်ရှုစေပါ။

### လုပ်ငန်းများ

- ကျောင်းသားများအား သူတို့လုပ်ဆောင်မည်ဟု စဉ်းစားထားသည့် လူမှုအကျိုးပြုလုပ်ငန်းများကို သုံးသပ်ဖော်ထုတ်စေပါ။
- ထိုပြောဆိုချက်များကို သင်ပုန်းပေါ်တွင် ဖော်ပြပေးပြီး ဆက်နွယ်မှုပြ ဇယားတစ်ခု ရေးဆွဲပေးပါ။

  အောက်တွင် ဖော်ပြပေးထားသည့် အဖြေများသည် (Out of school children) ပရောဂျက်၏ လူမှုပြဿနာ ပုံစံငယ်ကိုပင် အခြေခံထားခြင်းဖြစ်သည်။

**နီးစပ်သော အဖြေများ**

» ကျောင်းဝတ်စုံဟောင်းများ စုဆောင်းပြင်ဆင်ပေး ထားခြင်း၊

» ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များအား လိုအပ်သည့် ကျောင်းသုံးပစ္စည်းတို့ လှူဒါန်းကြစေရန် တိုက်တွန်း နှိုးဆော်ပေးခြင်း၊

» အသုံးမပြုတော့သည့် ကျောင်းသုံးပစ္စည်းများ ပေးလှူကြရန် တိုက်တွန်းသည့် ပိုစတာများ ပြုလုပ်ထားရှိခြင်း၊

» ရံပုံငွေပွဲများ ပြုလုပ်ကျင်းပပေးခြင်း၊

» ဟောပြောပွဲများ ကျင်းပပေးပြီး ကလေးသူငယ်များ အခြေခံ ပညာရယူနိုင်ကြရေး၏ အရေးပါပုံကို လူအများသိရှိစေခြင်း၊

» "ကလေးငယ်လေးများ ကျောင်းတက်နိုင်ရေး" လှုံ့ဆော်ပေးသည့် အမှတ်အသား၊ ပုံများပါ အဝတ် အစားများ ပြုလုပ်ရောင်းချပြီး ရံပုံငွေရှာခြင်း၊

## ၄.၄.၂ လူမှုလုပ်ငန်းဆိုင်ရာ အခက်အခဲ၊ အတားအဆီးများကို ဆန်းစစ်ခြင်း

### ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများအား ဖတ်ရှုစေပါ။

### လုပ်ငန်းများ

- ကျောင်းသားများအား ထည့်သွင်းဖော်ပြပေးထားသည့် ဇယားကို ဥပမာယူ၍ ၎င်းတို့၏ လူမှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ အဖြေရှာနိုင်ပုံများကို သုံးသပ်ပြုစုစေပါ။

  အောက်တွင် ဖော်ပြပေးထားသည့် အဖြေများသည် (Out of school children) ပရောဂျက်၏ လူမှုပြဿနာ ပုံစံငယ်ကိုပင် အခြေခံထားခြင်းဖြစ်သည်။

# ၄.၅ စီမံကိန်းရေးဆွဲခြင်း

## ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများအား ဖတ်ရှုစေပါ။

## လေ့ကျင့်ခန်း

- ကျောင်းသားများအား (၄.၅) ပါ လူမှုလုပ်ငန်းများ၊ စီမံကိန်း များ၏ ရေတို၊ ရေရှည် သက်ရောက်မှုများကို ဖော်ပြဆွေးနွေးစေပါ။

**နီးစပ်သော အဖြေများ**

(၁) **ရေတို အကျိုးသက်ရောက်မှု**

ပြည်သူများအကြား AIDS ရောဂါဆိုးအကြောင်း၊ မူးယစ်ဆေးဝါးနှင့် အခြားသော အိမ်ခြေယာမဲ့ တို့၏ ဒုက္ခသုက္ခတို့ကို သိမြင်သဘောပေါက်လာစေသည်။

**ရေရှည် အကျိုးသက်ရောက်မှု**

ပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိတိုးလာခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာများ လျော့ကျသွားခြင်း၊ အိမ်တွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း။

(၂) **ရေတို အကျိုးသက်ရောက်မှု**

လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများ တိုးတက်လာခြင်း၊ ဘဏ္ဍာရေးအခြေအနေ တိုးတက်လာနိုင်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များ လွယ်လင့်တကူ စားသောက်လာနိုင်ခြင်း။

**ရေရှည် အကျိုးသက်ရောက်မှု**

ရပ်ရွာအတွင်းရှိ ပြည်သူများ ပို၍ ကျန်းမာလာခြင်း၊ ဆင်းရဲမွဲတေမှု လျော့ကျလာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း။

(၃) **ရေတို အကျိုးသက်ရောက်မှု**

ရောဂါဘယများအကြောင်း၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ ကိစ္စရပ်များကို သိမြင်နားလည်လာကြခြင်း။

**ရေရှည် အကျိုးသက်ရောက်မှု**

ကိုယ်ခံအား ကောင်းလာခြင်း၊ ရပ်ရွာအတွင်းရှိ သူတို့၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်း၊ ရောဂါကာကွယ်ရေး၊ ကုသရေးတို့ ပိုမိုကောင်းမွန်လာခြင်း။

(၄) **ရေတို အကျိုးသက်ရောက်မှု**

ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့၏ အရေးပါပုံကို သိမြင်သဘောပေါက်လာကြခြင်း၊ ရေကောင်းရေသန့် ရရှိသောက်သုံးလာနိုင်ကြခြင်း။

**ရေရှည် အကျိုးသက်ရောက်မှု**

ရပ်ရွာအတွင်းရှိ ပြည်သူသူများ ပိုမိုကျန်းမာလာခြင်း၊ ရောဂါဘယများ ဖြစ်ပွားခြင်းတို့မှ တားဆီး ကာကွယ်လာနိုင်ခြင်း။

(၅) **ရေတို အကျိုးသက်ရောက်မှု**

အလုပ်တွင်လာခြင်း၊ စစ်မက်ထူပြောသည့် ဒေသများမှ ကလေးသူငယ်များ၏ လိုအပ်ချက်များအား သိမြင်နားလည်မှု တိုးများလာခြင်း၊ ပညာသင်ရာတွင် လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများ ရရှိသုံးစွဲနိုင်ခွင့်များ များပြားလာခြင်း။

**ရေရှည် အကျိုးသက်ရောက်မှု**

ပဋိပက္ခများအတွက် အဖြေရှာပေးလာနိုင်ခြင်း၊ ပညာသင်ကြားရန် အခွင့်အလမ်းများ တိုးများလာခြင်း၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခြင်း။

(၆) **ရေတို အကျိုးသက်ရောက်မှု**

ရေကောင်းရေသန့်များ ရရှိ သုံးစွဲလာနိုင်ခြင်း၊ စိုက်ပျိုးရေး လုပ်ငန်းများ တိုးတက်လာခြင်း။

**ရေရှည် အကျိုးသက်ရောက်မှု**

ပြည်သူတို့၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း၊ ရောဂါဘယများ ကာကွယ်မှုတွင် ထိရောက် တိုးတက်လာနိုင်ခြင်း။

(၇) **ရေတို အကျိုးသက်ရောက်မှု**

အိမ်ခြေယာမဲ့ ကလေးများ၏ လိုအပ်ချက်များကို သိမြင်နားလည်လာကြခြင်း၊ ဘဏ္ဍာရေးအခြေအနေ တိုးတက်ကောင်းမွန်လာနိုင်ခြင်း။

**ရေရှည် အကျိုးသက်ရောက်မှု**


ဆင်းရဲမွဲတေမှု လျော့ကျလာခြင်း၊ လူ့အခွင့်အရေး အခြေအနေများ တိုးတက်လာခြင်း၊ ခေါင်းပုံဖြတ် အမြတ်ကြီးစားမှုများ လျော့နည်းလာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း။

## ၄.၅.၁ လူမှုလုပ်ငန်းတစ်ရပ်အား ရွေးချယ်ဆောင်ရွက်ခြင်း

### လုပ်ငန်းများ

- ကျောင်းသားများအား ကိုယ်တိုင် လက်တွေ့ လုပ်ဆောင်မည်ဟု ဆုံးဖြတ်ထားသည့် လူမှုလုပ်ငန်းများကို ဦးတည်ချက်များ၊ ရည်မှန်းချက်များနှင့်အတူ ယှဉ်တွဲဖော်ပြစေပါ။
- ထိုလူမှုလုပ်ငန်းများထဲမှ မည်သည်တို့က လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည်ကို အခြေခံပြီး အဆင့်အလိုက် ပိုင်းခြား သတ်မှတ်စေပါ။ အခန်း (၂.၄) ပါ လေ့ကျင့်ခန်းတွင် ပြုလုပ်ခဲ့သည့် ပိရမစ်ပုံအတိုင်း ပြုလုပ်ပေးရန်ဖြစ်သည်။
- ထိုသို့ ပြုလုပ်ရာတွင် တစ်ဦးနှင့်တစ်ဦး အမြင်အဘောထားတို့ကို ဂရုတစိုက်နားထောင်ကြပြီး ဆုံးဖြတ်ချက်ချပေးပါ။

**အခန်း (၃.၄.၂) ပါ (active listening skill) ကို အသုံးပြုရန် ဖြစ်သည်။**




## ၄.၅.၂ လုပ်ငန်းအဆင့်များကို အစီအစဉ်ချ ရေးဆွဲခြင်း

### ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လုပ်ငန်းများ

- ကျောင်းသားတို့ ဆောင်ရွက်ကြမည့် လူမှုလုပ်ငန်းတစ်ရပ် အတွက် ဦးတည်ချက်များပြည့်မီနိုင်ရန် ထောက်ပံ့ပေး နိုင်မည့် လုပ်ငန်းအဆင့်များကို ရေးသားပြုစုစေပါ။။

### နီးစပ်သော အဖြေများ

**လုပ်ငန်း ၁ – အစားအစာများ ပြင်ဆင်ချက်ပြုတ် ကျွေးမွေးခြင်း**

- လုပ်ဆောင်ချက်
  အစားအစာများ ဝယ်ယူခြင်း
- လုပ်ဆောင်ချက်
  သောက်သုံးဖွယ်ရာများ ဝယ်ယူခြင်း
- လုပ်ဆောင်ချက်
  အခမ်းအနားပြုလုပ်မည့်နေ့တွင် စားပွဲများ၊ ကုလားထိုင် များအား နေရာချထားခြင်း
- လုပ်ဆောင်ချက်
  ချက်ပြုတ်ခြင်း

**လုပ်ငန်း ၂ – လက်မှတ်များ ရောင်းချခြင်း**

- လုပ်ဆောင်ချက်
  လက်မှတ်များ ပြုလုပ်ခြင်း
- လုပ်ဆောင်ချက်
  အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ်ခြင်း
- လုပ်ဆောင်ချက်
  လက်မှတ်များအား အများပြည်သူလက်ဝယ်သို့ ရောင်းချပေးခြင်း
- လုပ်ဆောင်ချက်
  ရံပုံငွေ ရှာဖွေကြသူများအတွက် လက်မှတ်များ မျှဝေရောင်းချခြင်း

**လုပ်ငန်း ၃ – ပြပွဲအတွက် စီစဉ်ခြင်း**

- လုပ်ဆောင်ချက်
  မိန့်ခွန်းပြောကြားမည့်သူတစ်ဦးအား ဖိတ်ကြား အကူအညီတောင်းခြင်း၊
- လုပ်ဆောင်ချက်
  ဖျော်ဖြေပွဲများ ပြုလုပ်စီစဉ်ပေးခြင်း၊
- လုပ်ဆောင်ချက်
  သီချင်းများဖြင့် ကပြ တင်ဆက်ပေးခြင်း။

**လုပ်ငန်း ၄ – သန့်ရှင်းရေး ဆောင်ရွက်ခြင်း**

- လုပ်ဆောင်ချက်
  ငှားရမ်းထားသည့် ပစ္စည်းပစ္စယများအား ရှင်းလင်း သိမ်းဆည်းခြင်း
- လုပ်ဆောင်ချက်
  မီးဖိုချောင်အား ပြန်လည်သန့်ရှင်းပေးခြင်း။
- လုပ်ဆောင်ချက်
  တည်ခင်းဧည့်ခံသည့် နေရာတို့အား ရှင်းလင်းခြင်း။

# ၄.၆ လူမှုလုပ်ငန်းဆိုင်ရာ လူ့အရင်းအမြစ်၊ အထောက်အပံ့နှင့် ကျွမ်းကျင်မှုများ

## ၄.၆.၁ လူမှုလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း

### ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

၁။ ကျောင်းသားများအား အဖွဲ့များ ဖွဲ့ပေးပြီး လုပ်ဆောင်မည်ဟု ဆုံးဖြတ်ထားသည့် လူမှုလုပ်ငန်းတစ်ရပ်ကို ရွေးချယ်စေပါ။

- ထိုသို့ ရွေးချယ်ပြီးနောက် ထိုလုပ်ငန်းအောင်မြင်ရေး အတွက် လိုအပ်မည့် အရည်အသွေး၊ အထောက်အပံ့နှင့် လူ့အရင်းအမြစ် စသည်တို့ကိုပါ ထည့်သွင်း ပြုစုစေပါ။

၂။ ငါးမိနစ် (သို့မဟုတ်) ဆယ်မိနစ်ခန့် အချိန်ပေး ပြုလုပ်စေပြီးနောက် အုပ်စုတစ်စုချင်းစီ၏ စာရွက်များအား အခြားအုပ်စု တစ်စုနှင့် လဲလှယ်စေပါ။ ထိုလက်ခံရရှိသည့် စာရွက်ပေါ်တွင် ဖြည့်စွက်သင့်သည်များ၊ လိုအပ်ချက်များကို ရေးသား အကြံပြုနိုင်သည်။

- ထိုကဲ့သို့သော လုပ်ဆောင်ချက်ကို အဆင်ပြေမည် ဆိုပါက တစ်ဖွဲ့ထက်ပို၍လည်း လဲလှယ်စေနိုင်ပြီး အကြံပြုချက်များ စုဆောင်းရရှိစေမည် ဖြစ်သည်။

၃။ အုပ်စုတစ်စုခြင်းစီအနေဖြင့် ၎င်းတို့၏ စာရွက် များအား ပြန်လည်ရရှိပါက မိမိတို့ရရှိထားသည့် အကြံပြုချက်များကို အခြေခံလျက် ပြုစုထားသည့် စာရင်းကို ပြန်လည်သုံးသပ်စေပါ။ ထို့နောက်တွင် မည်သည်တို့ကို ဆက်လက်လုပ်ဆောင်မည်၊ မည်သည်တို့ကို ပယ်ဖျက်မည်ကို သုံးသပ်စေပါ။

# ၄.၆.၂ လူမှုအာစီအာစဉ်တစ်ရပ် စတင်ရေးဆွဲခြင်း

## လုပ်ငန်းများ

- ကျောင်းသားများကို အခန်းခွဲ (၄.၅.၁) တွင် ပြုစုခဲ့သည့် လုပ်ငန်းအဆင့်များကို အခြေခံလျက် ထိုလုပ်ငန်းအဆင့် တစ်ခုစီအတွက် သက်ဆိုင်သည့် အချက်အလက်များကို ဖော်ပြပါဇယားတွင် ဖြည့်စွက်စေပါ။

## ၄.၇ စီမံကိန်းကို လက်တွေ့ အကောင်အထည်ဖော်ခြင်း

### ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

### လေ့ကျင့်ခန်း

- ကျောင်းသားများကို အဖွဲ့များ ဖွဲ့ပေးပြီး မိမိတို့ စီမံကိန်းကို မှတ်တမ်းတင်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းစဉ်းစားစေပါ။
- မည်သည့် နည်းလမ်းတို့က အသင့်တော်ဆုံး ဖြစ်မည်ကိုပါ ထည့်သွင်းစဉ်းစားစေပါ။

## ၄.၈ မိမိတို့၏ လူမှုစီမံကိန်းများအား အကဲဖြတ်ခြင်း

### ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

# ၄.၈.၁ ထိရောက်မှုရှိစွာ အကဲဖြတ်ခြင်း

## ဖတ်ရန်

စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို ကျောင်းသားများ ဖတ်ရှုစေပါ။

## လုပ်ငန်းများ

- ကျောင်းသားများ အကောင်အထည်ဖော်ကြမည့် လူမှုစီမံကိန်းကို ထိထိရောက်ရောက် အကဲဖြတ်ပေးနိုင်မည့် ဇယားတစ်ခု ပြုစုစေပါ။ ထိုသို့ ပြုစုရာတွင် မေးခွန်းများ နှင့် ဥပမာပြဇယားများကို ထည့်သွင်း စဉ်းစားစေပါ။